# သျှင်မ

နေတစ်ရာ
လတစ်ခင်း



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၁၀၉၁၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၀၈၇၀၉၀၇

အကြိမ် - ပထမအကြိမ်

၂၀၀၇–ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ိ/–

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ - ဦးဝင်းဖေ (မြ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆), အခန်း (ဒေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း



## အခန်း (၁)

"သူက အင်ဂျင်နီယာ သန်းဇော်ထွန်းပါ"

"ထိုင်"

ခေါင်းဆတ်ပြလိုက်ပေမယ့် မော့မကြည့်ဖြစ်။ လက်ထောက်က
င်ကို ပိတ်၍ နောက်တစ်ထပ်ဆွဲချလိုက်စဉ် ဖုန်းက မြည်လာသည်။

"ဟဲလို"

"..........."

"အင်း...အဲဒါပဲ...ဒီညနေ အရောက်ပို့ပေး...ဒါပဲ"

လက်ထဲက မချရသေးဘဲ ဘေးမှာ အဆက်မပြတ်ထမြည်လာ
ည့် ဖုန်းကိုကိုင်ရ၏။

"ဘေဘီ ကျွန်တော်ကိုင်မယ်"

အပြင်းရေးမှူး ပြန်ရောက်လာမှ သူလက်နှစ်ဖက်လုံး နားရ
ည်။ ကိုယ်ကို နည်းနည်းလျှော့ချလိုက်ပြီး ရှေ့မှာထိုင်နေသူကို
ကြည့်သည်။

"ကိုသန်းဇော်ထွန်းနော်"

"ဟုတ်ပါတယ်"

သူက ပြုံးပြလိုက်ပြီး ခေါင်းညိတ်၏။

"ကျွန်တော်တို့က ပညာရှင်တွေကို လေးစားပါတယ် ကြိုလည်း ကြိုဆိုပါတယ်"

"ဟုတ်ကဲ့"

"ခင်ဗျားကို အခုလာပို့သွားတဲ့ ကျွန်တော့်ရဲ့ မန်နေဂျာက ကိစ္စအားလုံးကို ပြောပြထားပါတယ် "ထိပ်ဦး" ဆောက်လုပ်ရေးမှာ ခင်ဗျားပြသနာ နည်းနည်းရှိခဲ့တယ်ဆိုတာ"

"ဟုတ်ပါတယ် ရှိခဲ့ဖူးတာပါ။ ကျွန်တော်က အင်ဂျင်နီယာတစ်ယောက်ဆိုပေမယ့် သူများတွေလိုတော့ သိပ်မပြည့်စုံပါဘူး အဲဒီတော့"

"လိုရင်းပဲ ပြောပါ"

သန်းဇော်ထွန်းက ဘောစ့်ဆိုသည့် ဖြူနုချောမွေ့နေသော သူ့ထက်ပင် အသက်ငယ်နေသေးသည့် လူရွယ်ကို တလေးတစားပဲ ကြည့်၍–

"အခုက ငွေရေးကြေးရေး ကျွန်တော့်ဘက်က မကောင်းတာတွေ ရှိပါတယ်"

"ခုကော"

"ဆယ်သိန်းပဲ ကျန်ပါတယ် အခု မဟုတ်မဟတ် သတင်းတွေဖြစ်နေတာက ကျွန်တော် ထွက်သွားမှာစိုးလို့ ကြံဖန်တာတွေပါ"

"ဟုတ်ပြီ အဲဒါတွေလည်း ကြားတယ်"

သူဆက်ပြောမည်ပြင်ဆဲ ဖုန်းဆက်နေသူက...





"ဘောစ့် ဂျပန်ကိုယ်စားလှယ်က ဘောစ့်နဲ့ပြောပါရစေတဲ့"

သူစကားဖြတ်ထားပြီး ဖုန်းပြောတာကို ထိုင်ကြည့်နေမိသည်။

"ဒါတို့ သူ့ငွေးကို မင်းကြည့်လိုက် ဥပမိရပ်ကို မြင်တာနဲ့ လုံးဝလေးစားသွားလိမ့်မယ်၊ လူကလည်း မင်းသားရုပ်တယ်ကွ ပညာလည်း အရမ်းတတ်တာ မိုးသိကြားဖန်ဆင်းလွှတ်တဲ့ မင်းသားနဲ့တူတယ် ချောတယ် တော်တယ် အလုပ်လုပ်တာ တိကျတယ် သူ့လက်နဲ့ထိရင် ကျရှုံးသွားတာ မရှိဘူး စာရိတ္တလုံးဝကောင်းတယ်၊ သူလည်း စက်မှုအင်ဂျင်နီယာပဲ ဂျပန်နည်းပညာမှာလည်း ဘွဲ့သွားယူလိုက်သေးတယ် ကဲ ဒါပြောတာ လွန်မလား"

မန်နေဂျာ ဦးကြွယ်ဝ ပြောတုန်းက သူခေါင်းညိတ်နေခဲ့ပေမယ့် မယုံဘူး ယုံတယ်လည်း ခေါင်းထဲမှာ သိပ်မရှိခဲ့ပေ။

မြင်လိုက်တော့မှ လူပုံက စိတ်ဝင်စားမိလောက်အောင် သန့်စင်ချောမွေ့နေတာကို သတိမထားဘဲ မနေနိုင်။

"ဦးကြွယ်ဝ ပြောတာတွေ ဟုတ်မှာပဲ" ဟု တိုက်တွန်းသူ မရှိဘဲ ယုံကြည်မိသည်။

မိတ်ကပ်ရောင်နုနု ရုပ်လက်ရည်ပေါ်မှာ အဝါနှင့် အနီဖျော့ရောသော လည်စည်းနှင့် မတိုမရှည်ဆံပင်က သေသေသပ်သပ်...

"ကိုသန်းဇော်ထွန်း"

"ဟုတ်ကဲ့"

သူစကားပြန်စတော့ သန်းဇော်ထွန်း ခေါင်းညိတ်၍ ရှေ့အနည်းငယ် တိုးထိုင်ရသည်။

"ဥပဒေမှာ ကောလဟာလနဲ့ ဆုံးဖြတ်တာ မရှိဘူး ခင်ဗျားဘက်က ခိုင်လုံမှုတွေရှိတယ်ဆိုရင် အဲဒီ ကုမ္ပဏီနဲ့ လုပ်ထားခဲ့တဲ့ ဆယ်သိန်းက ပြဿနာမရှိဘူး ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ"

သူ ထရပ်လိုက်ပြီးမှ...

"ကျွန်တော် ဘယ်နေ့လာရမလဲ မသိဘူး"

"မနက်ဖြန်"

ပြောပြီး မော့မကြည့်တော့သဖြင့် သူထွက်လာခဲ့ရသည်။ နောက်ထပ် ဝင်လာသူ နှစ်ယောက်ကလည်း အင်ဂျင်နီယာတွေပဲဖြစ်၏။

သူတို့ကတော့ ပထမအဆင့် အင်တာဗျူးမှာ အောင်မြင်ခဲ့သူတွေ ဖြစ်သည်။

"ထိုင်ပါ"

အလုပ်ရှုပ်လွန်းတော့ ခေါင်းက နောက်လာသည်။

နာရီကြည့်တော့လည်း အလုပ်နားချိန်မဟုတ်သေး။

ဒီနေ့ဂျူမှ အလုပ်လုပ်ရတာ နေ့တိုင်းလို တက်ကြွမှုမရှိဘဲ တစ်ကိုယ်လုံးသွေးလေးနေသလိုလို ခေါင်းထဲမှာ အုံနေသလိုလို။

သူ နာရီတကြည့်ကြည့်ဖြစ်နေတာကို အတွင်းရေးမှူးကလည်း သိသည်။

ဒါပေမဲ့ နေရာချင်းလဲလုပ်လို့ရနိုင်သည့် အလုပ်တွေမဟုတ်သော ကြောင့် ....

ဖုန်းသံက လွန်စွာမုန်းတီးဖွယ်ကောင်းသော အသံမျိုးနှင့် ထမြည်၏။





အတွင်းရေးမှူးကို ခေါင်းခါပြလိုက်ပြီး သူပဲကောက်ယူလိုက် သည်။

"ဟဲလို ..."

"မိုးသားမျက်နှာ"

"ဗျာ"

ဖုန်းထဲကခေါ်သံကလည်း မိုးခြိမ်းသံထက်ပြင်းသည်။

ထူးသံကလည်း ဗျာဗျာသလဲ ရှိသေသမှုနှင့်မဟုတ်ဘဲ စိတ်ပျက် နှင့် ...

"ဘွား ပြောလေ"

"ပြောစရာ အုံ့ပဲအုံ့ပါ ပြောလေလို့ မေးနိုင်သေးတယ်မြေးရယ် ...မှာ ..."

သူနားထင်ကိုလက်တစ်ဖက်ထောက်လျက် မျက်နှာမဲ့သွားသည်။ ဘွားဘာပြောမှာလဲဆိုတာသူသိသည်။

ဘွား၏ အပြောအရ အလွန်လှ အလွန်ချောသည်ဆိုသော မိန်း ကလေးတစ်ယောက်နှင့် ဆုံစပ်ဖို့ ဘယ်နေ့ဘယ်ရက်သတ်မှတ်ရန် ...

"ဘွား ...အဲဒါ နောက်မှပြောလို့ရတာပဲဘွားရယ် ဒါကျွန်တော့်အ လုပ်ချိန်"

"အလုပ်ချိန်ဘာဖြစ်လဲ အဲဒီအလုပ်ကပြီးရင် ဟန်းဖုန်းဆက်တော့ င်းက ပိတ်ပိတ်ထားတာလေ ပြော ဘယ်တော့လာမှာလဲ ဒီမှာ မိန်း ကလေးရှင်ဘက်ကို ဆုံစပ်ဖို့ရက် အတိအကျ ပြန်ပေးရမှာ"

"ဘွားရာ ကျွတ်"

မိုး စိတ်ပျက်တယ်ဆိုတာတွေထက် ပိုညစ်သွားခဲ့၏။ ရှေ့မှာ အင်တာဗျူးအတွက် ထိုင်နေကြသည့် နှစ်ယောက်ကို ဒီတိုင်းကြီးထား၍ နေစပ်ဖို့တွေ လက်ထပ်ဖို့တွေ ပြောနေရမှာ ကောင်းသလား။

နောက်ထပ် ဖုန်းဝင်လာတော့ အတွင်းရေးမှူးက လှမ်းကိုင်လိုက်ပြီး....

"ဘော့စ် အိမ်က"

ဟုပြောပြီး သေးမှာ ချထားလိုက်တော့ မေမေ့မျက်နှာကိုမြင်ကာ လက်ထဲက ဖုန်းကိုကော ချထားလိုက်သည့် ဖုန်းကိုပါ ဘယ်လိုစီရင်ရမှန်းမသိ မိုး ရှုံ့မဲ့သွားသည်။

"ဘွား စကားလေးစောင့်နော် မေမေ့ဆီကလည်း လာနေတယ် ညနေ ခြောက်နာရီလောက်မှ ကျွန်တော် ပြန်ဆက်ပါ့မယ် ဒါပဲနော်"

"ဟေ့...ဟေ့ မြေး နေဦး မင်းအမေ ဘာပြောမယ်ဆိုတာ မင်းသိတယ်နော် အဲဒါ လုံးဝလက်မခံနဲ့ ဘွားစီစဉ်တာကိုပဲ နာခံ ဘွားနဲ့ပဲနေရမှာ ဒီက မိန်းကလေးက လိမ္မာအိမ်ပါ သူတို့က ရာထူးတွေ ဒီဂရီတွေ တွက်ပြီး ငါ့မြေးကို ချုပ်ကိုင်ဆွဲယူသွားမယ့် မိန်းကလေးကိုမှ မျက်စိကျနေတာ"

ဖုန်းချလိုက်တဲ့အထိ ဘွားက တနော်နော်နဲ့ မှာလို့မဆုံးသေး။

"မေမေ"

"အေး သားရယ် မေမေ့သား အလုပ်ရှုပ်နေတယ်ထင်တယ် ခဏလေးနော်သား"

"ပြောပါ မေမေ ဘာပြောမှာလဲ"





"နေ့စံပယ်နဲ့ကိစ္စကို သားသဘောတူတယ်မို့လားဟင် အချိန်တွေ ဆွဲနေတော့သားရယ် မနက်ဖြန် ညနေ မေမေတို့ ညစာလာစားပါလို့ သူတို့က ဖိတ်တယ် အဲဒီမှာပဲ ရက်သတ်မှတ်ကြဖို့ ဆန္ဒရှိနေကြတယ် အဲဒါ"

"ဟာ အဲဒီလောက် ကပ်လို့မရဘူးမေမေ ကျွန်တော်"

"သားရယ် သားရဲ့ဘွားကလည်း သူ့သဘောကျတဲ့ မိန်းကလေးနဲ့ ပေးစဉ်ဖို့ ဖွတ်လုပ်နေတာ ဘယ်လိုမှကို ညှိလို့မရဘူးလေ"

မိုး မျက်ခုံးကို ကုတ်ခြစ်ရင်း ရှေ့ကလူတွေကို အားနာစွာ တစ်ချက်မော့ကြည့်လိုက်မိသည်။ ကိုယ့်လိုပဲ လူတိုင်းမှာလည်း အချိန်တွေ တန်ဖိုးရှိနေလိမ့်မည်။

"မေမေနဲ့ဘွား အဲဒီကိစ္စတွေ အသည်းအသန် လုံးပန်းနေကြတာ ကျွန်တော့် နားကိုမလည်တော့ဘူး ဟာကယ်စိတ်လည်းပျက်တယ်"

"သားရယ်"

"ကျွန်တော့်ခေါင်းထဲမှာ ဘာမှမထည့်ခဲ့ဘူးတဲ့ကိစ္စ ရင်ဘတ်ထဲမှာလည်း အဆင်သင့်ဘာမှ မဖြစ်ခဲ့တာကို စဉ်းစားတယ်ဆိုပြီးရောပေါ့ ချက်ချင်းကြီး မေမေရာ"

"နေစပ်ရုံပဲ သားရယ်"

"ဘာတူးလို့လဲ ကျွန်တော့်ကို ဘာမှမတိုင်ပင်ပဲ ပြောဆိုကြ စကားကြနဲ့ ဒီကစဉ်းစားပါရစေဆိုတော့ မိန်းကလေးဘက်ကို စော်ကားရာရောက်မယ် ဘာညာတွေ ဖြစ်လာရော ဘွားလည်း ခုနက ဖုန်းဆက်တာ အဲဒါပဲ"

"ဟင် ဟုတ်လား သား ဘာပြောလိုက်လဲ လက်မခံလိုက်နဲ့နော် [illegible]က ဘွား စီစဉ်တဲ့ မိန်းကလေးကို သိပ်သဘောမကျဘူး"

"အဲဒါပဲ ခက်နေတာ ဘွားတို့မမေမေတို့ သဘောကျနေတာတွေ ကျွန်တော်လည်း မမြင်ဖူးဘူး စိတ်လည်းမဝင်စားဘူး တော်ပါတော့ ညနေကျမှဆက် မေမေရာ"

မလေးစားရာကျလည်း မတတ်နိုင်။ ဖုန်းကို မသံမြည်အောင် ချပစ်လိုက်ပြီး ထရပ်လိုက်၏။

"မြင့်ဆွေ"

"ဗျာ"

အတွင်းရေးမှူးက ချက်ချင်းထရပ်၏။

"မင်းပဲ ကြည့်လုပ်တော့"

"ဟုတ်ကဲ့ပါ"

နောက်မှာ တင်ထားသည့် ကုတ်အင်္ကျီကို ဆွဲယူကာ အပြင်ထွက်ခဲ့ရင်း ကားသော့နှိုက်ယူလိုက်၏။ မျက်နှာ မှုန်ကုတ်ကုတ်နှင့် ထွက်လာသည့်သူ့ကို ဝန်ထမ်းတွေအားလုံး နှုတ်ပင်မဆက်ဝံ့ဘဲ ခေါင်းတွေ ငုံ့သွားကြ၏။

ကားပေါ်ကိုတက်ပြီး ကုမ္ပဏီဝင်းထဲက မောင်းထွက်ခဲ့သည် အထိ မေမေနဲ့ ဘွားမျက်နှာတွေကိုမြင်ကာ စိတ်တို့က ရှုပ်ထွေးနေဆဲ။

အိမ်ထောင်ချပေးဖို့ မေမေက စကားစလာတာဖြစ်သည်။ ဒီတုန်းကတော့ ဘွား တားပါသေးသည်။

"ငါ့မြေးကမှ စိတ်မဝင်စားတာ ယောက်ျားလေးပဲ ဘာဖြစ်လဲ





သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့် မိန်းကလေးတွေအတွက် ပိုအရေးပါတာ"တဲ့

မေမေက ဖွတ်ရှေ့တိုးတော့မှ...

"အမလေး ငါ့မြေးကို ဧွစံပယ်ဆိုတဲ့ ဆရာဝန်မနဲ့လား လုံးဝသဘောမတူဘူး လုံးဝပဲ ရုပ်ကလည်း နုနုရွရွနဲ့ လှတာမျိုး မဟုတ်ဘူး ဆရာဝန်ဂိုက်ဆိုက်ကြီး ပီပီပြင်ပြင် ထွက်ပြီး ခန့်နေတာ ခန့်ဖို့က ယောကျ်ားလေးပဲလိုတာအေ့ မိန်းကလေးဆိုတာ နုဖပ်အိစက်နေရမှာ ဘယ်အချိန်ထကြည့်ကြည့် အမောပြေအောင် မပြောင်းမလဲလှနေရမယ်။ ပြီးတော့ သူ့အိမ်မှာ မောင်နှမသုံးယောက် သူကအကြီးဆုံး ပြီးတော့ ဆရာဝန် တွေးကြည့်စမ်း ဘယ်လောက်များ နေရာတကာ ဆရာလုပ်လိုက်မလဲ့ ခုကတည်းက လေသံလွှင့်ထားတာ သူ့တို့ သမီးကို ထည့်မပေးလိုက်နိုင်ဘူးတဲ့ တို့က တို့ရဲ့ တစ်ဦးတည်းသော မြေးလေးကို ထည့်ပေးလိုက်စရာလား"

ထိုနေ့ကပဲ ဘွားနဲ့ မေမေ အငြင်းအခုံတွေ ဖြစ်ကြသေးသည်။ သူ ဧွစံပယ်ဆိုတာကို မမြင်ဖူးသေးပါ ဒါပေမဲ့ ဘွားကတော့ ခပ်ရင့်ရင့် ခန့်ခန့်လို့ပြောသည်။ ဆရာဝန်ပုံပေါက်နေတာ တစ်ခုပဲရှိတာ မလှဘဲ ခန့်နေတာ ဘာလုပ်မှာလဲတဲ့။

"မြေး ဘွားရှာစပ်တာကိုပဲ လက်ခံလိုက် ချောမှချော လှမှလှ နုဖပ်ဝင်းစိုနေတာပဲ သွက်သွက်လက်လက် ချစ်စရာလေးသီလား ဘွဲ့ရပြီးသား တစ်ဦးတည်းသော သမီးလေ"

"သွက်သွက်လက်လက်ဖြစ်နေတာကော ကောင်းလားအမေ သူ

ဆိုးတာကို လိုက်ထိန်းနေရ ခွင့်လွှတ်ရ သည်းခံရနဲ့ ကြာရင်နိုင်မြဲ့နိုင် လွှယ်မလား"

ဖေဖေကလည်း တစ်ရန်။

ဘယ်တုန်းကမှ မသင့်မြတ်ခဲ့သော ဘွားနဲ့ဖေဖေဟာ ထိုကိစ္စမှာ ပို၍ အတိုက်အခံတွေ ဖြစ်ခဲ့ကြ၏။ မေမေနဲ့ ဖေဖေ လက်ထပ်ကတည်းက ဘွားတို့က စည်းစိမ်ဥစ္စာအပြည့်အလျှံနှင့်မို့ ဂုဏ်မောက်သလို ဖေဖေတို့က ပညာတတ်တွေချည်း မျိုးရိုးစဉ်ဆက်ရှိကြသဖြင့် ပညာမာနကြီး၏။

စကားပြောတိုင်း တစ်ယောက်နဲ့တစ်ယောက် ထိမိနိုက်မိတာတွေပဲ ဖြစ်ခဲ့ကြသည်။ ဒါတောင် ဘွားက သပ်သပ်နေတာ။

"အင်း မေမေနဲ့ ကိုဇော်အတူတူသာနေကြရင် ငါတော့ ရူးသွားနိုင်တယ်" ဟု မေမေ ကွယ်ရာမှာ ညည်းခဲ့ဖူးသည်။

ခုလည်း ဖေဖေက ဒါဆိုလို့ ဘွားက ဟိုဟာဖြစ်သွားတာလား မသိ။ ကြားထဲက ဦးနှောက်ခြောက်ရတာတော့ သူပဲဖြစ်၏။

"ဘာ ဂုဏ်ရှိမှာလဲ သူဝတ္တုသဘောမတူတာ ယူလို့စိတ်ဆိုးရင် ဘွားနဲ့လာနေ ဘွားဆီမှာ မြေးရဲ့သားစဉ်မြေးဆက်စားလို့ မကုန်အောင် ရှိပြီးသား"တဲ့။

ဘွားက ဖေဖေကြားအောင်လည်း အော်တတ်သေးသည်။ ဖေဖေက စာဖတ်မပျက် နှုတ်ခမ်းမဲ့၍....

"မြေးကို လိုချင်တာ လိုချင့်တယ် မပြောဘူး ကြဲဖန်ပရိယာယ်ဆင်နေသေးတယ် မင်း ခမေ မြေးကို အခုထိလိုက်လုနေတာကြည့်





ဖြစ်ရတဲ့အထိ အားလျှော့မှာ မဟုတ်ဘူး"

ဟု မေမေ့ကိုပါ တိုင်တည်လိုက်သေးသည်။

"ကိုဇော်ရယ် မမေမေကလည်း သူ့မြေးပဲဟာ ခုကူ့ရောက်အောင် စိစဉ်ပါ့မလား"

"ဟော့ ဘာဖြစ်ဖြစ် မိန်းမငယ်လေးတွေ ကလက်တက်တက်နဲ့ ဘာလုပ်ဖို့လဲ ဒီခေတ်မှာ ဘွဲ့တစ်ခု ဘယ်လိုယူယူရတယ် ရိုးရိုးဘွဲ့လေး တစ်ခု ဝတ္တရားကျေရုံယူထားပြီး မိဘလုပ်စာထိုင်စားနေတဲ့ မိန်းကလေး မင်း အထင်ကြီးလား"

ဖေဖေ မေးလိုက်လျှင် ဘာမဆို ဖေဖေ့ဆန္ဒအတိုင်းသာ ခေါင်းညိတ်မြဲဖြစ်သည့် မေမေ ဘာမှမပြောနိုင်ခဲ့ရှာ။

သို့သော် သူကတော့ ဘွားစိတ်ညစ်တာမြန်မြန် ဖေဖေ့ဆန္ဒပဲဆိုဆို ဘာမှကို စိတ်မဝင်စားခဲ့ပေ။ ခုဖြစ်လာတာက စိတ်မဝင်စားလို့ မရတော့တဲ့ အဖြစ်၊ ဘွားကလည်း နားပူပြီ၊ မေမေကလည်း စိစဉ်ဖို့ ကြိုးစားလာတာ ဒီနေ့ မနက်ဖြန်၊ မိုး ကားမောင်းရင်း လမ်းဘေးဆောင့်၍ ဖုန်းခေါ်လိုက်သည်။

"လေးလေးမြိုင်လား"

"..............."

"ကျွန်တော် ခရီးထွက်မလို့"

"..............."

"အင်း ခုပဲ တစ်နေရာရာပေါ့"

"..............."

"ဝေးဝေးပဲ လေးလေးမြိုင်ရာ စိတ်ညစ်လို့"

"..............."

"ဟုတ်တယ် အလုပ်အားလုံး လေးလေးမြိုင်ခဏ တာဝန်ယူထားပေး"

"................"

"မေမေတို့ကို လုံးဝမသိစေနဲ့နော် ဒါပဲ"

"..................."

"ညနေ ဖုန်းထပ်ဆက်မယ် လိုအပ်တာ ထပ်ပြောမယ်လေ စုသွားပြီ"

ဖုန်းပိတ်ပြီး သူ ကားကို ဦးတည်ချက်ပြောင်းလိုက်သည်။ စီးပွားရေးလုပ်ပြီဆိုကတည်းက ကုမ္ပဏီမှာနေလိုက် ဆောက်လုပ်ရေးဆိုလည်း ဆိုဒ်ထဲမှာနေလိုက်နှင့် အိမ်မပြန်ဖြစ်ခဲ့တာ ကြာပြီဖြစ်သည်။

တစ်ပတ်မှာ အိမ်ပြန်ဖြစ်တာက နှစ်ရက်လောက်နှင့် ညအိပ်ဖြစ်တယ်လို့ သိပ်မရှိ၊ စီးပွားရေးကို သူဝါသနာပါသည်။

ကြိုးစားတိုင်းအရာ ထင်၍လည်း စိတ်ပါသည်။ ဒီအချိန်မှာ သူကြိုးစားခွင့်အတွက် မေမေတို့က နားလည်မပေးနိုင်တာကို စိတ်ညစ်မိ၏။

"စီးပွားရေးကတော့ စီးပွားရေးပဲသားရယ်၊ ဇနီးမယားဆိုတာ ကိုယ့်အတွက်ဆိုးတူကောင်းဘက်ရဲဘော်ရဲဘက်လိုပါပဲ သားထင်သလို တာဝန်ပိုရောကြီး မဟုတ်ဘူး သာယာစရာပါ"

မေမေက အမျိုးမျိုး နားချခဲ့ပေမယ့် အိမ်ထောင်ရေးကို သူ စိတ်





မဝင်စားနိုင်။ ကားမောင်းရင်း ခေါင်းက တရိပ်ရိပ်မူးတက်လာသည်။

ကျန်းမာရေးတစ်ခုခု ချို့ယွင်းနေတာကို ကိုယ့်ကိုယ်ကိုသိသည်။

ဒီအချိန်မှာ ခရီးဝေးသွားသင့်ပါ့မလားဟု တွေးမိပေမယ့် ဒီနေ့မနက်ဖြန် ဆုံးဖြတ်ရတော့မည့် ကိစ္စတွေကို ဥပေက္ခာထားခဲ့နိုင်ဖို့ အခါက။

မိုးက ဆုံးဖြတ်ပြီးသည်နှင့် ဆိုဒ်ထဲပြန်ဝင်သည်။ မှာစရာရှိတာ နည်းနည်းမှာပြီး အိတ်ထဲကို အဝတ်အစားလေးငါးစုံထည့်ပြီး ပြန်ထွက်ခဲ့၏။ မိန်းမပေးစားလို့ အိမ်က ထွက်ပြေးတာ သတင်းဆိုးပါသည်။ ပြီးတော့ သူ့အသက်အရွယ်က ဒီလိုဆုံးဖြတ်သင့်သည့် အရွယ်မဟုတ်တော့ပေ။ ဒါပေမဲ့.....

အခန်း (၂)

ညဥ့်ကနက်လာသည် မိုးဖွားလေးတွေက တဖြည်းဖြည်းစိတ် ဏ်။ ပဲခူးက မထွက်ခင် သူစဥ်းစားသေးသည်။ ညောင်မလေးပင်ကို အ မီရောက်နိုင်ပါ့မလားဟု။ သူအကျင့်ကိုက ဆုံးဖြတ်လိုက်ပြီဆို ဒီ ဒီလှမ်းဆုံးမှ သက်ပြင်းချလေသူဖြစ်၏။

ထို့ကြောင့် အချိန်ကို မရမက ဖဲ့ယူဖို့ဆုံးဖြတ်၍ ထွက်လာခဲ့ ဖြစ်သည်။ အဝေးပြေးလမ်းမကြီးမို့ ကားသွားကားလာက မရှပ်

ညဥ့်နက်ပြီမို့ အဝေးပြေးကားကြီးတချို့နှင့် ဆုံမိသည်ပဲရှိသည် တစ်ခုဆိုးသည်က ညဥ့်နက်နက်မှာ မိုးကခွေလာ၏။

ကားရှင်းသည့်လမ်းမကြီးပေါ်မှာတောင် ၃ရှ့ကိုသတိထားမော နေရသည်။ ခရီးကလည်း ပန်းလာပြီမို့ ခေါင်းထဲမှာ နောက်ကျိနေ ဘာပဲဖြစ်[illegible] ခရီးပေါက်ဖို့က အ[illegible]ကြီးသည်။





ကားကို အရှိန်မြှင့်၍ သူရှေ့ဆက်ခဲ့၏။ ထိုစဥ် မျက်စိရှေ့မှာ ကားမီးရောင်တစ်စုံက ဘွားခနဲပေါ်လာ၏။

"ဝေး"

"ဟား..ဟား"

"အူး...ဟူး"

တိတ်ဆိတ်နေသည့် ညဥ့်ယံမှာ ဆူညံသံတွေက အလုံးလိုက် ပြေးဝင်လာသည်။ မောင်းနေသည့်ကားက တည့်တည့်မဟုတ်ဘဲ လမ်းမကြီးပေါ်မှာ မြွေသွားသလို လိမ်ပတ်တက်နေတာ ဖြစ်၏။

ပြီးတော့ အင်္ဂလိပ်သီချင်းကို မညီမညာ အော်ဟစ်လာကြသည်။ ကားက မြင့်လိုက်တာနှင့် နီးနီးလေးသို့ ရောက်လာခဲ့ပြီ ဖြစ်သော ကြောင့် မိုး ကားကို ဘယ်ဘက်ကပ်ပေးရမှန်းမသိ ဖြစ်သွား၏။

ကားမီးရောင်က ဝေ့ခနဲ ဝိုက်ခနဲ ပြေးဝင်လာသဖြင့် ကိုယ့်ကိုမှ ရှောင်ပါ့မလားဟု မိုးရိမ်ကာ လမ်းဘေးကို အတင်းချကပ်ထားသော် လည်း....

"ဝေါ"

"ဂျိမ်း"

"အား"

"ဟာ"

အသံတွေက ရေဲပွက်သလို ဆူညံသွားလေသည်။

မိုးမျက်လုံးထဲမှာ ပြာဝေသွား၏။ ကိုယ်သည် မာကျောသော နံရံ ကြီးတစ်ခုနှင့် ပစ်ဆောင့်လိုက်သလို ပိပြားကြေမွသွားပြီလား မသိ။

နောက်မှ ဘာဆိုဘာမှ မသိတော့ပေ။ ကားနှစ်စီးသည် ဖြင်းထန်စွာ ပစ်ဆောင့်သွားသော်လည်း လမ်းဘေးဘက်မှာရောက်နေသည့် မိုး၏ ကားက အထိနာ၏။

ဘေးချောက်ထဲသို့ အရှိန်နှင့် ထိုးဆင်းသွားပြီး ကမ်းပါးပုံရှိ ကုန်းမြင့်ရိုတစ်ခုနှင့် ပစ်ဆောင့်၏။

ဆူညံပွက်ထ၍ မောင်းလာသည့်ကားက ကားချင်းဆောင့်မိသော အရှိန်ကြောင့် လမ်းဘေးသို့ ခုန်ပေါက်ဆင်းသွားပြီး ရပ်သွားသည်။

"ဟာ သွားပြီ တိုက်ကုန်ပြီ"

"ဖရက်ဒီ လွင့်ကျသွားတယ်ကွ"

"ဒီမှာ စိုးကြီးကော ခေါင်းထိသွားတယ်တယ်"

ကားပေါ်မှ လူခြောက်ယောက်ပါလာသည်။ လေးယောက်မှ ဟိုပွတ်ဒီပွတ် ရှုံ့မဲ့နေသော်လည်း ထိုင်လျက် ကျန်ခဲ့သည်။ တစ်ယောက်က စတီယာရင်ရှေ့မှာ သွေးသံတရဲရဲနှင့် သတိလစ်နေသည်။

တစ်ယောက်ကတော့ ဘယ်ဆီလွင့်ကျမှန်းမသိ၊ တစ်ယောက် တစ်ပေါက်ပြော၍ အားလုံးကားပေါ်က ခုန်ဆင်းကြ၏။

"ဟိတ်ကောင် မင်းက စိုးကြီးအခြေအနေ ပြန်ကြည့်ဦး"

"စိုးကြီးက နည်းနည်းထိတာပါ ငါကြည့်ပြီးပြီ ဖရက်ဒီကို ရှာရအောင်"

"ဟိုကားက ကောင်ကော"

"မသိဘူးလေ"

လက်နှိပ်ဓာတ်မီးလေးတွေ အသီးသီး ပြေးယူကြပြီး နှစ်ယောက်





က အောက်ကျသွားသည့်ကားဆီ ပြေးဆင်းကြသည်။ နှစ်ယောက်က ကားနှင့်အတော်ကွာကွာမှာလဲကျနေသည့် ဖရက်ဒီဆီသို့ ပြေးသွားကြပြီး...

"ဘယ်လိုလုပ်ကြမလဲ"

ခေါင်းချင်းဆိုင်မိကြသည်က မိုး၏ဘေးမှာ...

"ဒီလူ သေနိုင်တယ်"

"သေသေကွာ ထားခဲ့ လစ်ပြေးမယ် ဘယ်သူမြင်တာမှတ်လို့"

"ဟုတ်တယ်ကွ သူကလမ်းမှန် ငါတို့ကမှားတာ လူသိရင်ရှုပ်ကုန်မှာ ဖရက်ဒီလည်း ဒဏ်ရာပြင်းတယ် အမြန်ပြန်ရမှာ"

"ဟုတ်တယ် ငါတို့ကျော်တက်လာတဲ့ အဝေးပြေးကားကြီး ရောက်လာရင် ပိုရှုပ်ကုန်မှာ"

လေးယောက်သား ထရပ်လိုက်ပြီးမှ တစ်ယောက်က မိုး၏ ကားဆီပြေးသွားသည်။

"ရိန်း ဘာလုပ်တာလဲကွ"

ရိန်းဆိုသည့် လူရွယ်ကမေးတာကို မဖြေဘဲ တစ်ဖက်ပွင့်နေသည့် ကားတံခါးထဲကို ခေါင်းတိုး၍ ခဏကြာအောင် ရှာဖွေနေသည်။ ပြန်ထွက်လာတော့ သူ့လက်ထဲမှာ ခရီးဆောင်အိတ်တစ်လုံးနှင့် ဘာကဒ်တွေမှန်းမသိ။

"ဘာလုပ်တာလဲကွ ဖယားတွေရှုပ်အောင်"

တစ်ယောက်က [illegible]ဆူသည်။

"ဖယားရှုပ်အောင်လုပ်တာ မဟုတ်ဘူးကွ ဖယားရှင်းအောင်လုပ်

ဘာ ဒီလူ့ရဲ့ ထားရဲ့ ဒါတွေနဲ့ သူများတွေ့ကုန်ရင် ပိုရှုပ်မှာမင်းတို့သိလား ဒီတို့ ထွက်လာတော့ ဂိတ်က စစ်လိုက်တယ် တို့နောက်မှာ ကားတစ်စီးမှ မရှိသေးဘူး ဟို အဝေးပြေးကား ဒီရောက်ရင် သွားပြီ"

"အဲဒီတော့ ဘာဖြစ်လဲ"

"အဲဒီ သေတော့မယ့် လူနာကို ဟိုဘက်ချောက်ထဲတွန်းချခဲ့"

"ဟာကွာ လူတွေ့ရင် အသက်ရှင်ဖို့လမ်းရှိသေးတယ် မင်းကလည်း သူ့ပစ္စည်းတွေ ဖျောက်ပစ်ရင် ပြီးတာပဲ"

တစ်ယောက်က ကရုဏာသံနှင့်ပြော၏။ သုံးယောက်က လက်မခံကြ...

"ဟုတ်တယ် ကားနဲ့လူကိုတွေ့ရင်လည်း ရှုပ်မှာပဲ ကဲ လုပ် မြန်မြန်"

"နေပါဦးဟ"

တစ်ယောက်က မိုးလည်ပင်းကို ထိုးနှိက်စမ်းပြီး ဆွဲကြိုးကို မညှာမတာ ဆွဲဖြုတ်ယူ၏။

"ခွေးကောင် အရေးထဲမှာ"

"သူ့က သေမယ့်ကောင်ကွ ကိုယ်မယူလည်း သူများယူမှာပဲ" ဟုပြောပြီး နာရီကိုလည်းချွတ်၏။ သို့သော် လက်စွပ်ကျတော့ ချွတ်လို့မရ။ စောင့်သည့်နှစ်ယောက်က စိတ်မရှည်နိုင်။

"နောက်က ကားလာနေပြီကွ မြန်မြန်လုပ် မရရင် မလုပ်နဲ့ကွာ သူ့မိုးကျင့် သူ့မိုးကြ"

"အေးလေ လုပ်ကွာ"





တစ်ယောက်မှာ လက်စွပ်ကို မချွတ်လိုက်ရဘဲ နှစ်ယောက်က ှတ်ဆွဲ၍ တွန်းချပစ်လိုက်သဖြင့် အားမလို အားမရကျန်ခဲ့သည်။

နောက်က အဝေးပြေးကား၏ မီးရောင်ပျပျကို လှမ်းမြင်လိုက် ာ လေးယောက်သား ကားပေါ် ပြေးတက်ကြသည်။

လူနာနှစ်ယောက်ကို နောက်မှာထည့်၍ တစ်ယောက်က ထိန်း ားသည်။ သုံးယောက် ရှေ့မှာထိုင်၏။

"ငါတို့ ကားတော်တော်နာသွားတယ်ကွ ဟိုကားက ပါကျရိုကြီး ၍ ထဲဝင်ရင် ပျက်ရာစီးရာတွေနဲ့ ဘယ်လိုလုပ်မလဲ"

"အဲဒါ မင်းမပူနဲ့ မြန်မြန်သာမောင်း"

ကားက ဝေါခနဲ အရှိန်ထပ်တက်သွားသည်။

"တောက် ပျော်လာတာလေးဟွ့တော င် ဘယ်ရောက်ကုန်မှန်း သိဘူး"

"အေးကွာ ဖရက်ဒီက ဒဏ်ရာမရှိဘဲ ဘာဖြစ်သွားမှန်းမသိဘူး။ ကောင်လည်း သွေးထွက်များတယ် မြန်မြန်မောင်းဟေ့"

ကားက မှောင်ထဲမှာ ကိုယ်ယောင်ဖျောက်ပစ်လိုက်သလို ပြေး ားပျောက်ကွက်သွားခဲ့၏။ မိုးနှင့် ကားအဖြစ်က မိုးဖွဲတို့အောက်မှာ တ်ဆိတ်စွာ ကျန်ခဲ့ရလျက်။

## အခန်း (၃)

"နှစ်ယောက်လုံး ကျေစ်က အတူတူပဲဆရာ"

ဆရာဝန်ကြီးတွေ ဦးနှောက်ခြောက်သွားကြသည်။ မှတ်တမ်းနှစ်စုကို သေချာစစ်ကြည့်တော့လည်း အတူတူ။

"လူနာရှင်တွေ မရှိကြတာချင်း တူနေတာက ပိုခက်တယ်"

သမားတော်ကြီးက ခပ်ညည်းညည်းပြော၍ ရောဂါမှတ်တမ်းကို သူနာပြုဆရာမလက်ထဲ ပြန်ထည့်သည်။

လူနာနှစ်ယောက် ရောက်လာပုံချင်းက တစ်ပုံစံတည်းဖြစ်နေသည်။ နှစ်ယောက်လုံး ခေါင်းမှာ ဒဏ်ရာအပြင်းအထန်နှင့်။

ဘယ်သူ ဘယ်ဝါ သက်သေခံနိုင်သည့် မှတ်ပုံတင်ကတ် ဘာညာ တစ်စုံတစ်ရာမှ ပါမလာကြတာလည်း အတူတူ။

"သတိရနေကြပြီဆိုတော့ နည်းနည်းတော့ သိရအောင် မေးကြည့်ရမှာပဲ နှစ်ယောက်အတူတူ ဖြစ်ခဲ့တာတော့ မဖြစ်နိုင်ဘူးထင်တယ်နော်"





"ရှင်"

ဒေါက်တာ ချောစုနွယ်က နားမလည်သလို ပြန်ကြည့်၏။

"ဒီလိုလေ မောင်နှမ ဒါမှမဟုတ် လင်မယား ဘာညာ"

"မဖြစ်နိုင်ဘူးဆရာ နှစ်ရက်ခြားပြီး ရောက်လာတာ ဟိုချောချော ဖြောင့်ဖြောင့် လူက အင်းတော်ကုန်းရွာက လူနှစ်ယောက် လှည်းနဲ့ လာပို့သွားတာ မိန်းကလေးက အဝေးပြေးကားမှောက်တဲ့ထဲမှာ ပါလာတာ"

"အင်း"

သမားတော်ကြီး ခေါင်းညိတ်၍ နောက်ပြန်လှည့်သွား၏။ ဆရာဝန်တွေအားလုံး ဦးတည်သည်က မိန်းကလေးအခန်းသို့ ဖြစ်လေသည်။

"ဟော့ နေကောင်းလား မျက်လုံးလေးတွေကတော့ ကြည်နေတာပဲ"

အပြာဝတ် ဆရာမလေးက တရင်းတနှီး နှုတ်ဆက်တော့ လူနာတင်ကုတင်ပေါ်မှာ ဒူးတစ်ဖက်ထောင်၍ ငုတ်တုတ်လေးထိုင်နေသည့် မိန်းကလေးက လှည့်ကြည့်၏။

ဆရာဝန် ဆရာမတွေကို မြင်တော့ ခပ်ကြောင်ကြောင် လိုက်ကြည့်နေပြီးမှ ပြုံးဖို့ သတိရပုံပေါ်သည်။ နှုတ်ခမ်းလေးတွေဖွင့်၍ ပြုံးလိုက်သော်ငြားလည်း ... အသက်မပါ။

"ဟုတ်..ဟုတ်ကဲ့"

သူနာပြု ဆရာမလေးက သူမရှေ့မှထိုင်ပြီး နှစ်ဖက်ဆုပ်ထားသည့် လက်ဖမိုးလေးပေါ်က ထပ်ကိုင်လိုက်သည်။

"ညီမလေး"

"ရှင်"

သူမကထူး၍ မတ်တပ်ရပ်နေကြသည့် နားကျပ်တွေကိုယ်စီနှင့် ဆရာဝန်တွေကိုလည်း မော့ကြည့်၏။

အားလုံးကလည်း သူမကိုပဲ ဂရုစိုက်ကြည့်နေကြတာ ဖြစ်သည်။

ဆံပင်ပခုံးအောက်သာသာ လှိုင်းတွန့်ကလေးများနှင့် အလယ်ခွဲ ဆံပင်က ကကြီးပုံနဖူးလေးကြောင့် ပိုလှနေ၏။

ဖြူဖွေးနေသည့် အသားမျိုးမဟုတ်ဘဲ ကြည်လဲ့ဝင်းစက်နေသည့် အသားရောင်လေးနှင့် မှောင်လဲ့နေသော မျက်ဝန်းလေးဖွေကော မျက်ခုံးတန်းကလေးကော အားလုံးက ထင်းနေသည်။

လူမမာနှင့် မတူသည်က နှုတ်ခမ်းရဲရဲလေးတွေပဲဖြစ်၏။ ထူထူ အိအိ နှုတ်ခမ်းလေးက ထောင့်ချိုးကလေးတွေ ကျနကာ နီမြန်းနေသည်။

အနီရောင် လက်ရှည်ရင်စေ့ကော်လံပါသော အင်္ကျီပွပွလေးနှင့် သူမသည် နာမည်ကိုပင်မပြောနိုင်သော်လည်း တော်ရုံအဆင့်အတန်းမျိုး ထဲက မဖြစ်နိုင်မှန်းတော့ အားလုံးတွက်မိကြ၏။ သို့သော်...

"ညီမလေးက ဒဏ်ရာသိပ်မပြင်းပါဘူး နေကောင်းသွားဟင်"

ဆရာမလေးက ငေးငိုင်နေသည့် သူမကို မေးမြန်းဖို့ စ၏။

"ဟုတ်ကဲ့"

"ခေါင်းကကော ကိုက်တာခဲတာ ရှိလား"

"မရှိဘူး ဟို ထလိုက် ထိုင်လိုက်ရင်တော့ နည်းနည်းမူးတယ်"





"ဒါပေါ့ သွေးမထွက်ဘဲ ညိုမည်းကျန်ခဲ့တဲ့ ဒဏ်ရာကွက်ရှိနေ တာကိုး အဲဒါကို ချက်ခ်လုပ်နေတယ် တော်ကြာ အဖြေထွက်လာမှာ သိလား ညီမလေး နေကောင်းတော့ ဘာမှစဉ်းစားမရဘူးလား ဟိုလေ သ ညီမလေးရဲ့ နာမည်လေးဖြစ်ဖြစ်"

"အဲဒါ..."

သူမ မျက်နှာလေး ငယ်ကျသွားသည်။ အားလုံးရှေ့မှာ မျက်လွှာ လေးချသွားကာ မျက်ဝန်းတွေလည်း လှုပ်ရှားသွား၏။ သို့သော် အတန် ကြာ တိတ်ဆိတ်နေပေမယ့် ပြန်ကြားသံထွက်မလာခဲ့ပေ။ ဆရာဝန် တွေ အချင်းချင်း မျက်လုံးတွေ ဆုံသွားကြသည်။

"ညီမလေး ဘယ်ကနေ ဘယ်ကိုသွားမှာလဲ နည်းနည်းလောက် သတိမရဘူးလားဟင်"

သူမ အားနာဟန်လေးနှင့် မော့လာသည်။ နဖူးက ဆံပင်တွေကို ဘေးသိမ်းတင်ကာ ခေါင်းခါ၏။

"ကျွန်မ...ကျွန်မ ဘာမှသတိမရဘူး"

သူမ မျက်နှာလေးမဲ့သွားကာ ခေါင်းကိုဆုပ်ကိုင်လိုက်တော့ သမား တော်ကြီး ပျာပျာသလဲ ဖြစ်သွား၏။

"နေ..နေ သက်သက်သာသာ စဉ်းစားပါ သွေးထွက်သံယို မရှိပေမယ့် ခေါင်းမှာဒဏ်ရာ ပြင်းသွားတာကိုး ဆရာမ သူ့နားပါစေ"

"ဟုတ်ကဲ့"

ဆရာဝန်တွေ အရင်ထွက်သွားကြပြီး သူနာပြုဆရာမလေး ကျန် ခဲ့သည်။

"ဆရာမ"

"ဟင်"

သူမအတွက် သောက်ဆေးတွေ ခွဲခြားပေးနေရင်း ဆရာမလေးက လှည့်ကြည့်၏။

"ကျွန်မ ဒီဆေးရုံကို ဘယ်လိုရောက်လာတာလဲဟင်"

"အဝေးပြေး ကားမှောက်တာလေ ဟို ကားချင်းရိုက်မိပြီး မှောက်သွားတာထင်တယ် အဲဒီမှာ တစ်ယောက်တော့ ဆုံးသွားတယ်၊ ရှစ်ယောက် ဒဏ်ရာရတယ် အဲဒီထဲမှာ ဒဏ်ရာပြင်းတာ နှစ်ယောက်ပဲလေ ဒါပေမဲ့ ညီမလေးက အပေါ်ယံဒဏ်ရာ ဘာမှမရှိဘဲ သတိရလာတော့ ဘာမှ မသိတော့ဘူး သေချာစစ်လိုက်တော့ ခေါင်းမှာဒဏ်ရာတွေ့တယ် အဲဒီမှာ ဒဏ်ရာပြင်းထန်တဲ့ လူနာသုံးယောက် ဖြစ်သွားတာ"

"ဟို ကျွန်မမှာ မှတ်ပုံတင်တွေ ဘာတွေ ဘာမှမပါခဲ့ဘူးလား"

"မပါဘူး လူနာတွေအားလုံး သတိရတော့ သူတို့ရဲ့ သက်ဆိုင်ရာတွေဆီ အကြောင်းကြားလိုက်လို့ ရောက်လာကြတယ်၊ သက်သာတော့ ဆင်းသွားကြတဲ့ လူတွေသွားကြပြီ။ အချို့တော့ ရှိသေးတာပေါ့"

"ကျွန်မဆီကို ဘယ်သူမှ မလာကြဘူးလားဟင်"

ဆရာမလေးကလည်း စိတ်မကောင်းဖြစ်သွားပုံနှင့် သက်ပြင်းလေးချ၍ သူမဘက်ကိုလှည့်၏။

"ဘယ်ကို အကြောင်းကြားရမှန်းမှ မသိတာ ဒါပေမဲ့ ဒီကိစ္စ သတင်းစာထဲထည့်မှာပါ။ ညီမလေးရဲ့ လူကြီးတွေ တစ်နည်းနည်းနဲ့တော့ သိကြမယ်လို့ထင်တယ် အားမငယ်နဲ့"





"ဆရာမရယ် ကျွန်မ ဘာမှလည်း စဉ်းစားလို့မရဘူး"

"ထားလိုက်လေ ခေါင်းကိုသိပ်အလုပ်မပေးပါနဲ့ ညီမလေးရဲ့ မိဘဆွေမျိုးတွေက စိတ်မပူကြဘဲ နေမလားကွယ် ဒီကို ရောက်လာကြမှာပါ"

ဆရာမလေးကတော့ ပြုံးရှိနေသည်။ သူမ မပြုံးနိုင်ဘဲ ကျန်ခဲ့ရ၏။ သတိရလာကတည်းက 'ငါ ဘယ်သူလဲ' ဆိုသည့် မေးခွန်းတွေချည်းပဲ ထပ်တလဲလဲ မေးနေခဲ့၏။ စဉ်းစားလေ ဝေးလေ ခေါင်းတွေမူးလာလိုက် ကိုက်သလိုလိုဖြစ်လာလိုက်။

ကိုယ်မှာလည်း ပွန်းရာပဲ့ရာလေးတောင် မရှိပါဘဲ လူမမာကြီးဖြစ်နေရသည်က လူတွေ ယုံကြည်ကြပါ့မလားဟုတောင် လိပ်ပြာမလုံဖြစ်ရ၏။

သူများတွေမှာ လူနာရှင်တွေရောက်လာကြ စားစရာတွေပေး လူနာကို ဝေယျာဝစ္စလုပ်ပေး ပြုစုပြီးပြန်ကြ၊ သူမမှာတော့ ဒီတိုင်းငုတ်တုတ်....

မှန်မှန်ရောက်လာသည်က ဆေးရုံကကျွေးသော စားစရာတွေသာ။ ထမင်းဆိုတာက ခပ်ပျော့ပျော့တွဲတွဲ ညိုညစ်ညစ်၊ ဟင်းက သီးစုံဟင်းတစ်လှည့် အစိမ်းကြော်တစ်မျိုး သူမ ဘာကိုမှ မြိုချမရနိုင်။

မစားနိုင် မသောက်နိုင် လူမမာဆိုလည်း အဆင်ပြေနိုင်သေးသည်။ ခုတော့ စားချင်သောက်ချင်စိတ်တွေ ရှိနေလျက်နှင့် မစားရသည့်အဖြစ်။

ကိုယ့်ကိုယ်ကို ဘယ်သူမှန်းမသိဘဲ ဖြစ်နေသည်က နေ့နေ့ညည

စဉ်းစားနေလို့ရသည်။ ဗိုက်ဆာနေတာကို ဘယ်လိုမှ ကြာကြာ မျိုသိပ်မထားနိုင်။

ပြီးတော့ ဆရာဝန်တွေ တစ်ခေါက်လာမေးလည်း သူမ ဘာမှမသိ။ နောက်တစ်ယောက်လာတော့လည်း ဘာမှမဖြေနိုင်။ ထိုအဖြစ်ကိုလည်း သူမ ရင်မဆိုင်ချင်တော့ပေ။

ဘေးကို ခုတင်တွေကို ငုံ့ကြည့်ပြီး မျက်နှာငယ်စွာ တွေးနေရင်း လက်က ကိုယ့်လည်ပင်းကို စမ်းလိုက်မိ၏။

သူမလည်ပင်းမှာ အလွန်သေးမျှင်သော ပလက်တီနမ်ကြိုးလေး တစ်ကုံးရှိနေသည်။ ပြီးတော့ မန်ကျည်းစေ့ခန့်ရှိသည့် အသည်းပုံ လော့ကပ်လေး ပါသေးသည်။

ချိတ်ကိုစမ်း၍ သေချာဖြုတ်ယူလိုက်တော့ လော့ကပ်လေး အလယ်မှာ စိန်သေးသေးလေးတွေ မြှုပ်ထားသေးသည်။

ဆွဲကြိုးကို ကျင်နေအောင် ဆုပ်ထားရင်း သူမ ဘာလုပ်ရမှန်း မသိ။





အခန်း (၄)

"အား"

ခေါင်းက အဆမတန် နာနေသည်။ ဘေးမှာ ဝိုင်းအုံနေကြသည့် လူတွေကို လူစေ့အောင်ပင် ဝေ့မကြည့်နိုင်ဘဲ မျက်လုံးတွေ မှိတ်ပစ်လိုက်ရ၏။

သူသတိမလစ်ပါ ဒါပါနဲ့ဆို သတိရလာတာ နှစ်ခါရှိပြီဟု သူတို့ပြောကြသည်။ နာမည်ဘယ်သူလဲမေးတော့ သူမဖြေနိုင်ခဲ့ပေ။

"ငါ ဘယ်သူလဲ" ဆိုတာကို နည်းနည်းလေးမှ မတွေးရဲ၊ တွေးလိုက်တာနှင့် ခေါင်းက ပွင့်ထွက်တော့မည့်နှယ် ဘယ်လိုမှ မခံစားနိုင်။

"အတိတ်မေ့သွားတာ ထင်တယ်"တဲ့။ ပြောသံသဲ့သဲ့ ကြားခဲ့ရသည်။ ထို့နောက် "သူ ဒဏ်ရာဗော်တော်ပြင်းတယ်"ဟု ပြောသံ သူကိုယ်သူ ဘာဖြစ်ခဲ့မှန်းလည်းမသိ။ ခေါင်းမှာဘာကြောင့် ဒဏ်ရာရခဲ့မှန်းလည်း မသိပါ။ သူသိနေတာ တစ်ခုပဲရှိသည်။ ဒီတိုင်းကြီး မနေချင်။

ကျွန်းမာရေးကို ဝယ်သူလို့မရမှန်းလည်း သိလျက်နှင့် ကိုယ့်ကိုယ်ကို

မြေလို့မရ ခေါသဖြစ်လာလိုက်. မရမက တွေးယူလိုက်နှင့် ဒဏ်ရာက မခံရပ်နိုင်အောင် နာလာသည်ပဲ အဖတ်တင်သည်။ မေးသမျှလည်း မဖြေနိုင်ဘဲ သူဘယ်သူ့ကိုမှလည်း ခေါင်းထောင်မကြည့်ချင်။

"မောင်ရင် ခေါင်းက တော်တော်နာနေလား"

သမားတော်ကြီးက စမ်းသပ်နေရင်းမေး၏။ သူမျက်လုံးပြန်ဖွင့်၍ ခေါင်းညိတ်လိုက်မိသည်။

"မောင်ရင် ဒီရောက်လာတော့ ခေါင်းမှာဒဏ်ရာပြင်းပြင်းထန်ထန် ရလာတယ်။ ဒီဒဏ်ရာ ဘယ်လိုရလာလဲဆိုတာတော့ ဆရာတို့လည်း မသိကြဘူး။ ဘာပဲဖြစ်ဖြစ် လောလောဆယ် ဒဏ်ရာပျောက်ဖို့ခွဲကွယ် ကျန်တဲ့ကိစ္စပြဿနာတွေကို ခေါင်းအေးအေးထားပြီး စဉ်းစားပါ မောင်ရင် ဖွတ်အတင်းညှစ်ထုတ်တူးဖော်နေရင် ဒဏ်ရာကသက်သာမှာ မဟုတ်ဘူး"

သူတို့က စမ်းသပ်စစ်ဆေးပြီးသည့် ဒဏ်ရာအခြေအနေကို ဆေးမှတ်တမ်းမှာ ထည့်သွင်းပြီး...

"အားမငယ်နဲ့ကွ မောင်ရင့်လို လူနာတစ်ယောက် ဟိုဘက်ဆောင်မှာရှိတယ် သူက မိန်းကလေး"

ပြုံးရယ်ပြီး အားပေးသွားသေးသည်။ သူ ခုတင်ထက်မှ ဖြည်းဖြည်း ထထိုင်လိုက်၏။

ခေါင်းမှာ ထူထဲစွာ ပတ်စည်းထားသည့် ပတ်တီးကို စမ်းကြည့်၍ ရှုံ့မဲ့သွားသည်။ ပြီးတော့ ရင်ဘတ်မှာလည်း ပတ်တီးတစ်ချက် ခုတင်ပေါ်မှာ အသာပြန်လှဲ၍ အံကြိတ်နေသည်။ ငါဘယ်သူလဲ ကိုယ့်လက်ထို





ပြန်ထောင် ကြည့်တာတောင် စာ်စိမ်းစိမ်းဖြစ်နေခဲ့သည့် သူ့အဖြစ်ကို မကျေနပ်ပါ။

ဘာဖြစ်တာလဲ ကိုယ့်ကိုယ်ကိုတောင် မသိဘူးဆိုတာ သဘာဝမှ မကျတာ။

"တောက်"

တက်ခေါက်လိုက်တော့ ခေါင်းက မိုက်ခနဲ ပြာနှမ်းသွား၏။ ထို့နောက် တဆစ်ဆစ် တိုးဆောင့်လာ၏။ သွားပြန်ပြီ၊ သူဟာ အချိန်ကို ဘယ်လိုအသုံးချခဲ့သူလဲမသိ။

ခုလို ဘာမှန်းညာမှန်းမသိဖြစ်နေရသည့် ဘဝမျိုးကိုတော့ ယူကျုံးရနိုင် ဖြစ်နေမိ၏။ ဒီကာလမှာ သူ့ဘဝအတွက် အချိန်တွေ ဘယ်လောက်ထိ အလဟဿ ကုန်ဆုံးဦးမှာလဲ"

အခန်း (၅)

သူ ဒီနေ့ လမ်းလျှောက်ကြည့်ဖို့ စိတ်ကူး၏။ ခုတင်ပေါ် ကဆင်း ပြီး ကော်ရစ်ဒါမှာ လျှောက်တဲ့အထိ အခြေအနေက မဆိုးသေး။

ခပ်ဖြည်းဖြည်းပဲ လျှောက်လာခဲ့ရင်း လှေကားထိပ်ရောက်တော့ အောက်ကိုဆင်းဖို့မဆင်းဖို့ စဉ်းစားလိုက်သေးသည်။

ဘာဖြစ်သွားနိုင်သလဲ သူ့မှာဘာမှမဖြစ်တာ အောက်ထပ်ကို ဆင်း လာခဲ့တော့ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ တန်းစီထိုင်နေကြသည့် ဘက်ကို ခြေဦးလှည့်လိုက်ဗြီးမှ နောက်ပြန်လျှောက်ခဲ့သည်။

ထို့နောက် သူဘယ်တွေ သွားနေမိမှန်းမသိဘဲ ဆင်းခဲ့သည့် နေရာကို ပြန်မရောက်တော့ဘဲ ဖြစ်သွားတော့သည်။

လှေကား တစ်ခုကို တွေ့လို့မော့ကြည့်လိုက်တော့ သူဆင်းခဲ့သည့် လှေကားနဲ့ ဟုတ်၊ ပြီးတော့ သူဆင်းခဲ့သည့်လှေကားက အဆင်းမှာ လူတွေရှုပ်နေသည်။





ဒီမှာက ညနေခင်းကြီးတောင်မှ ဖြတ်သန်းသွားလာသူ မတွေ့၊ င်စဉ် လူတစ်ယောက်က သူ့ဘက်ကို လာနေသည်။

နဖူးကို ခေါင်းမှာ ပလာစတာ တစ်ချက်တွေ့ပေမယ့် လူနာနဲ့ တူ၊ သူ့ဘေးမှ ကပ်ဖြတ်၍ လှေကားပေါ် တက်သွား၏။

"ဒီမှာ...ဗျာ"

သူ့ နောက်ကလိုက်တက်၍ခေါ်သည်။ ထိုသူက လှည့်မကြည့် ဲ လှေကားလက်တန်းမှာ မှီ၍တောနား၏။ ဆက်တက်ဖို့လုပ်တော့ နောက်ကနေ အင်္ကျီပုခုံးစကို လှမ်းဆွဲလိုက်ရာ...

"အား"

"ဟာ"

ထိုသူသည် နောက်ကို ပက်လက်လဲကျလာ၏။ သူ လန့်ဖျပ်ကာ က်တန်းမှာ ကပ်မှီလိုက်သည်က ဖယ်ပေးလိုက်သလို ဖြစ်ကာ ထို သည် လှေကားအတိုင်း ဒလိမ့်ခေါက်ကွေး ကျသွားခဲ့၏။

"ဟား...."

သူ ပါးစပ်ကြီးဖွင့်လျက်နှင့် ထိတ်လန့်တကြား ငုံ့ကြည့်လိုက်မိ ည်။ ထိုအခါကျမှ သူမမြင်လိုက်သော ထိုလူ၏ လက်ျာဘက် လည် ်မှာ ဒဏ်ရာကြီးတစ်ချက်က ပလာစတာ အောက်ကနေ သွေးတွေ ထွက်နေတာ မြင်လိုက်ရသည်။ ဒီလူ ဘာဖြစ်သွားပြီလဲ။

အောက်ကိုကပျာကယာ ဆင်းလိုက်စဉ် သူ့ခေါင်းတွေလည်း ်ခဲလာ၏။ လဲကျနေသူမှာ လည်တိုင်က ဒဏ်ရာဟောင်းကပဲ သွေး တွေရှားလွန်း ထွက်လာတာကို မြင်လိုက်ရသည်။

သူကြောင့် ခေါင်းနားပန်းကြီးကာ ခေါ်ရာကပို၍ ကိုက်ခဲလာ
သည်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ဖြူဝိုင်းနေသော မျက်ဝန်း
လေးတစ်စုံ...

"မင်း"

သူ တဖြည်းဖြည်း ထရပ်လိုက်စဉ် ထိုမျက်ဝန်းလေးပိုင်ရှင် မိန်း
ကလေးက ရှေ့တိုးလာ၏။

"ရှင်...ရှင် ဘာလုပ်လိုက်တာလဲ သေပြီထင်တယ်"

"ငါ...မလုပ်ဘူး"

သေပြီထင်တယ်ဆိုသော စကားသံကြောင့် သူ ခြေမကိုင်မိ လက်
မကိုင်မိ ရှေ့တိုးသည်။

"မင်း...မင်းလျှောက်မပြောနဲ့"

"အို...ဒါကတော့"

"လာစမ်းပါ"

"ဟင်...အယ် ဘာလုပ်တာလဲ သူများမုန့်တွေ ကျကုန်ပြီ"

သူ ဆွဲလိုက်တော့ လက်နှစ်ဖက်ထဲက မုန့်ထုပ်တွေ ဖရိုဖရဲ ပြုတ်
ကျကုန်၏။ ဘာကိုမှ ပြန်မကောက်အားပဲ သူခေါ်တဲ့အတိုင်း ပါလာ
ရှင်း လူရှင်းသည့် ဂိတ်တစ်နေရာနေ ထွက်ခဲ့မိကြသည်။

"လွှတ်ပါဦး ဆေးရုံပြင်တောင် ရောက်နေပြီထင်တယ် ရှင်က
လူသတ်ပြီး ထွက်ပြေးမလို့လား"

"မင်း ဘာပြောတာလဲ"

အဲမယ် သူကပဲ ဒေါသတကြီး၊ သူမ လက်ကို ဆောင့်ရုန်းပြီ





ခဲ့ထောက်၏။

"ရှင် ဟိုလူကြီးကို လှေကားပေါ်က တွန်းချပစ်လိုက်တာလေ
ဒီကမမြင်ဘူးမှတ်လို့လား ပွန်း"

"ငါ မဟုတ်ဘူး"

သူ ဒေါသတကြီးအော်၍ သူမ ပခုံးနှစ်ဖက်ကို ဆောင့်တွန်းချပစ်
လိုက်သည်။ သူမ ဘာဖြစ်သည်တော့ မသိ၊ သူခေါင်းတွေ အဆမတန်
ကိုက်ခဲလာ၏။ ရှုံ့မဲ့သွားသည့် မျက်နှာနှင့် သူ့အံတစ်ချက် ကြိတ်၍...

"ငါ သူ့ကို ဒေးစရာရှိလို့ ဆွဲလိုက်တာ"

ဟု မျက်လုံးတွေမှိတ်၍ ပြောလိုက်ပြီးမှ တဖြည်းဖြည်းဖွင့်သည်။

"ငါ တကယ်ပြောတာပါ ငါလည်း သူ့မှာဘာ အဖြစ်ကို သတိရစရာ
လဲ သူလည်းလူမှာ သူ့ကိုပဲသူ မတော်တဆပြုတ်ကျ ငါဆွဲလိုက်မှတော့
လဲကျသွားတာ ဖြစ်မှာပါ ငါကိုယုံပါ"

သူမက သူ့ကိုသေချာကြည့်၍ ဝမ်းနည်းပူဆွေးသလိုကြည့်၍ တောင့်နက်
နေသည့် မျက်တောင်တွေကို တဖျတ်ဖျတ် ခတ်နေသည်။ တကယ်
ဟုတ်နိုင် မဟုတ်နိုင် စဉ်းစားနေပုံရ၏။

"ဒါဆို ပြီးတော့ ဘာဖြစ်လို့ ထွက်ပြေးလာသလဲ"

"အဲဒါ ဟင်"

သူ လှမ်းကြည့်လိုက်ချိန်တွင် ဆေးရုံကြီး၏ အပေါ်ထပ်ကော်ရစ်
ဒါအစွန်းမှာ ဖျတ်ခနဲပျောက်သွားခဲ့သည့် ပေါ်လာသော သူနာပြုစာရေး၏
မျက်နှာ...

"ဟိုမှာ...ဟိုမှာ ငါ့ဆီ လာရှာနေပြီ ငါမသတ်ဘူး"

"မသတ်ရင်ပြီး အဲ့ဒီ ယက်ကိုဘာလို့ဆွဲနေတာလဲ လွှတ်လေ"

သူမ ရုန်းနေတာကို သိလျက်နှင့် မပါပါအောင် ဆွဲခေါ်လာခဲ့သည်။

ကိုယ့်ကြောင့်ဆိုတာကို သူမက မြင်ထားသည့်သက်သေ၊ ဆွဲလာခဲ့ရင်း ပြေးရင်းနှင့် ဆွဲတာနှင့်မတူတော့ဘဲ အတူတူ ပြေးနေကြသလို ဖြစ်သွားခဲ့၏။

ဒါ ဘယ်မြို့ ပါလိမ့် ဘယ်နေရာမှန်းလည်း မသိ။ မြစ်ပေါက်တက်လား ချောင်းစွယ်လား သဲသောင်ပြန့်ပြန့် စက်လှေတွေနှင့်...

"အ"

"ဟင်...အို...ခုကွဲ"

သူမ ဟိုဒီလျှောက်ကြည့်နေတုန်းမှာ သူက ကိုယ့်ခေါင်းက ပတ်တီးကိုပြန်ဖြေနေ၏။

"ရှင် ဘာလုပ်တာလဲ ဒီမှာသွေးတွေကျနေပြီ"

"ကျကျကွာ ပတ်တီးနဲ့ ဘယ်လိုလုပ် လျှောက်သွားမလဲ ဟိုကြည့် ဒီကြည့်နဲ့"

"ဟင် ရှင်က ဆေးရုံကို ပြန်မသွားတော့ဘူးလား"

"မင်း ထင်သလို ငါ့ကို လူသတ်သမားလို့ပဲ ထင်ကြမှာပေါ့ မသွားဘူး"

"ရှင် ရှင်းပြလို့ ကျွန်မက အခုဆိပြီလေ သူ့တို့ကိုလည်း ရှင်းပြပေါ့"

"ယုံမှာ မဟုတ်ဘူး ညာရမှာလည်း ငါမလုံဘူး"





"ဒါဆို ရှင်က တကယ်သတ်လိုက်လို့လား"

"ဘာ"

သူ ဒေါသကြီးနေပြန်သည်။ သူမကပဲ လျှော့လိုက်ရ၏။

"ရှင်ပဲ ဒီတိုင်းပြောနေပြီးတော့"

သူက သွေးတွေထွက်နေသည့် ဒဏ်ရာကို ဖြည်ချလိုက်သည့် ပတ်တီးနဲ့ပဲပြန်၍ ဖိပိတ်ထားကာ...

"မင်းကကော ဒီတိုင်းပြန်ပြောမှာလား"

"ဟင်း..ဟင့်အင်း...မပြောပါဘူး"

သူမက အူကြောင်ကြောင်လေးကြည့်၍ ခေါင်းခါပြ၏။ ပန်းသောက် ဆံပင်တွန့်တွန့်လေးတွေ ပါးနှစ်ဖက်ကို ရိုက်ပုတ်သွားကြသည်အထိ သူကမျက်မှောင်ကုတ်၍ ကြည့်နေသည်။ ပြီးမှ နှုတ်ခမ်းတစ်ချက်ကိုက်ကာ...

"မင်း ငါ့ကို သံသယမဖြစ်တော့ဘူးပေါ့"

"မဖြစ်ပါဘူးဆို"

"ဒါဆို ပြန်တော့"

"ဘယ်လို"

"မင်း ပြန်တော့လေ"

စကားပြောရင်း သူ့မျက်နှာသွဲ့တွသွားတတ်ပုံက စိတ်မချမ်းသာရော...

"ရှင်ပြောတာ ဘယ် ဲ့ ကျွန်မက ဆေးရုံပြန်ရမယ် ဟုတ်လား"

"ဟုတ်တယ် မင်းက ငါလွှသဝင်ပါတယ်လို့ ခေါ်မှာနိုးလို့ ဘာလုပ်

ရှမ်းမသိဘဲ ဆွဲပြေးလာတာ မပြောတော့ဘူးဆိုပြန်တော့ပေါ့ ဒါကတော့ ရောက်ရာပေါက်ရာ သွားတော့မှာ"

"ရောက်ရာပေါက်ရာ"

အမေးအဖြန်းထူသည့် သူမကို စိတ်မရှည်သလို စောကြည့်ပြီး သူထိုင်ရာက ထ၏။ ခေါင်းက တအားကြီး ကိုက်ခဲနေတာဖြစ်၏။

ဒါပေမဲ့ သူ ထိုင်နေရတာကိုပဲ စိတ်မရှည်နိုင် ဖြစ်နေခဲ့သည်။ ဒီနေရာကနေ ဟိုနားရောက်တာနှင့် သူဘဝနဲ့ ပတ်သက်တာ တစ်ခုခု ပေါ်လာတော့ မလိုလို စိတ်ကထင်နေသည်။ ထို့ကြောင့် ထိုင်မနေချင် သူ ဘာကောင်လဲ ဆိုတာက အဓိက၊ ဝေဒနာက ဒုတိယဖြစ်နေ၏။

"ဒီမှာ"

သူမက သူ့ဘေးက ပါလာပြီး…

"ရောက်ရာပေါက်ရာ ရှင်ကဘယ်သွားမှာလဲ ရှင့်အိမ်မရှိဘူးလား"

"မသိဘူး"

သူ လှည့်မကြည့်ဘဲ ဖြေမိသည်။ ဒါကို မုန်းပါတယ်ဆိုမှ ဒါတွေပဲ လာလာမေးနေကြသည်။ ဘာတွေလဲ….

"ရှင်က ဆွေမျိုးမရှိဘူးလား ဒီက မဟုတ်ဘူးလားဟင် ရှင့် နာမည်က ဘယ်သူလဲ"

"ဟော့"

ပေါသနှင့် လှည့်အော်လိုက်စဉ် လူက ယိုင်ခနဲ ဖြစ်သွား၏။

"တွေ့လား လူနဲ့ ဒေါသက မမျှဘူး ဒါလေးမေးတာ ဘာဖြစ်လို့လဲ"

"မမေးနဲ့"





ရန်တွေ့ဖို့တော့ သူ့ဒဏ်ရာက စွင့်ပြုနေသလားမသိ။ သွေးတွေ သည်း ကျနေသည်။ လူကလည်း ပုံကျတော့မတတ် ရှုံ့မဲ့ရှုတ်တွ ခနေပြီး ကော်ခနဲ ပက်ခနဲ ငေးအော်နေတာကျတော့ လေသံက မာလိုက်တာမှ… ဘွန်း မပြောလိုက်ချင်ဘူး။ သူမ မျက်စောင်းလည်းထိုးမိ၊ ဒေါသဖြစ်ဖို့ သည်း စိတ်ကူးမရှိဘဲ…

"ကျွန်မက ကိုယ်ချင်းစာလို့ မေးနေတာ ကျွန်မဆိုရင် ကိုယ့်ကို ကိုယ်တောင် ဘယ်သူမှန်း မသိသေးဘူး"

"ဘယ်လို"

ဒီတစ်ခါ သူတအံ့တသြကြီး လှည့်ကြည့်၏။

"မင်းက လူနာလား"

ဟုလည်း ထပ်မေးသည်။ ထိုအခါ သူမက ရယ်ချလိုက်ပြီး…

"လူနာနဲ့ မတူဘူးမဟုတ်လား အဲဒါပဲ ဆေးရုံမှာ ငုတ်တုတ်ထိုင် ပြီး ကိုယ့်ကိုယ်ကိုလည်း ဘယ်သူမှန်းမသိ လူနာမေးမယ့် သူလည်း လော ဗိုက်ကဆာနဲ့"

"ထမင်းကျွေးတာပဲ"

"သူတို့ကျွေးတာကိုမှ မစားတတ်တာ ဘူးသီးဖတ်တွေနဲ့ ငါးရှဉ့်တွေနဲ့ အရမ်းညှီတာပဲ ပြီးတော့ အသီးအရွက်တွေမှာ အညာတွေပါတာကပါ အခွံတွေက မပြောင်နဲ့ ဘယ်လိုလုပ် မျိုချမလဲ အိမ်မှာဆို..အဲ"

သူမက လက်ညှိုးလေး မေးဖျားမှာ ကပ်ထောက်ပြီး ကောင်းကင် ဆီကို မော့ငေးနေသည်။ ခဏကြာမှ ခေါင်းခါလိုက်ပြီး….

"မသိတော့ဘူး ကျွန်မဘဝက ဒါတွေ မကြိုက်ခဲ့ဘူးထင်တာပဲ

တစ်ခါတစ်လေ အဖြေကို စဉ်းစားရတော့ မလိုလို လက်တစ်ကမ်
လေးရောက်မှ ဘာမှကို မသိတော့တာ၊ ဒါပေမဲ့ ကျွန်မကိုယ်ကျွန်မ
အဲဒီလိုဖြစ်နေတာပဲရှိတယ် ငဘားလူမြင်တော့ လူမမာနဲ့ မတူဘဲ မေ့မျှ
ယောင်ဆောင်နေသလိုကြီးပေါ့"

"မင်း မင်းက အတိတ်မေ့နေတာ ,

"ပြောကြတာပဲ"

"ဖြစ်ရလေ"

သူ့ထံမှ အံ့ဩသွားတာမျိုးမဟုတ်ဘဲ စိတ်ပျက်လက်ပျက်သံကြီး
ထွက်၏။

"ကျွတ်"

မျက်လုံးတွေမှိတ်၍ စုတ်သတ်လိုက်ပြီးမှ....

"တိုက်ပဲတိုက်ဆိုင်လွန်းပါရဲ့ စိတ်ညစ်လိုက်တာကွာ"

"ဘာဖြစ်လို့လဲ ကျွန်မက အတိတ်မေ့ပေမယ့် ပစ္စုပ္ပန်ကို ကောင်း
ကောင်းသိသေးတယ် ရှင်သာ"

"ငါက ဘာဖြစ်နေလို့လဲ"

"ကိုယ့်ကိုယ်ကို လူနာဆိုတာကော သတိရရဲ့လား ပွန်း ဒဏ်
တွေနဲ့ မိုက်မှောင်ဖုံးနေတာ"

"အတိတ်မေ့နေတဲ့အကြောင်းက ပျော်စရာလား မင်းပဲပျော်နေ"

"ဟင် ဘယ်လို"

သူမ ကိုယ်လေးဆတ်ခနဲပင် ဖြစ်သွားသေးသည်။ ပြီးတော့
ယိုင်နဲ့နဲ့ လျှောက်နေသည့် သူ့ဆီမှာ ကပ်ပါလာ၏။





"ရှင်က အတိတ်မေ့နေလို့လား အယ်..တကယ်လားဟင်"

မေးနေပုံက သူလိုစိတ်ပျက်ဘာ မဟုတ်ဘဲ တဖြည်းဖြည်း ဝမ်း
မြောက်ဝမ်းသာဖြစ်လာပုံမျိုးနှင့်။

"ကောင်းတယ် အရူးချင်းတူသွားတော့ ဘယ်သူမှ သာတယ် နာ
တယ်မရှိတော့ဘူး"

"ဘာကွ"

ဖျတ်ခနဲလှည့်၍ ဆောင့်ခါပစ်လိုက်စဉ် သူ ဒိုက်ကျသွားလေသည်။

"အမလေး"

ရင်ခွင်ထဲပြိုကျလာသည့် ကိုယ်ကြီးကို မနိုင်မနင်း ထိန်းဖက်ထား
ရရင်း သူမမျက်လုံးလေး ပြူးသွားရှာ၏။

ဘေးဘီဝဲယာကိုကြည့်တော့ ဆိုက္ကားတွေ လူတွေနှင့် မလှမ်းမ
ကမ်း...

"ဒီမှာ...ဒီမှာ ရှင် သတိထားလေ"

"အား...ကျွတ်...ကျွတ်"

စကားပြန်မရသော်လည်း သူ့ကိုယ်သူတော့ ထိန်းနေရှာသည်။
သူက ယိုင်နေတော့ သူမလည်း လိုက်ယိုင်လျက် ဆုပ်ကိုင်ပေးထားရ
သည့် လက်တို့ကိုလည်း မလွှတ်ရဲဘဲ...

"ဒီမှာ..ဒီမှာ ရှင် သတိမေ့မသွားနဲ့နော် ကျွန်မ ဘာမှမလုပ်တတ်
ဘူး ဒီမှာ"

"အား..မင်း..မင်း..တိတ်တိတ်နေစမ်း"

ပေးပြန်ပြီးမိန့် အတိတ်မေ့နေကြတာချင်း အတူတူကို၊ သူမ

ဒေါသဖြစ်ဖို့ သတိရလာသည်။

ကိုယ့်ကို သူ မကြည့်နိုင်မှန်းသိလျက်နှင့် မျက်စောင်းထိုးမိပြန်သည်။ ဒါပေမဲ့ ဒေါသကို ဇောထားပြီး သစ်ပင်ရိပ်အောက်ကို တွဲခေါ်ခဲ့ရသည်။ မိုးချုပ်ပါတော့မည်။ အပြင်မှာမိုးမမှောင်သေးပေမယ့် အိမ်တွေမှာဆို မီးဖွင့်နေရလောက်ပြီဖြစ်၏။

"ဟဲ့..ကလေးမ"

"ဟင်...ရှင်"

သူမ မော့ကြည့်လိုက်တော့ အသက်ငါးဆယ်ခန့် မိန်းမကြီးတစ်ယောက်က ဆန်အိတ်ခွံတစ်လုံးကိုခေါက်၍ ရှိုင်းကြားမှာညှပ်ကျော်...

"ဟိုသူငယ်ကဘာလဲ အရက်မူးပြီး ရန်ဖြစ်လာတာလား"

"ရှင်"

သူမ ရုတ်တရက်မဖြေတတ်ပေ။

"ခေါင်းမှာ သွေးတွေနဲ့လားလို့"

"ဟုတ် အို မဟုတ်ပါဘူး ဒဏ်ရာက အစကတည်းကရှိတာ ကျွန်မနဲ့ စကားများရင်း တွန်းထိုးမိကြပြီး ဆောင့်မိသွားလို့"

"ဒါ ညည်းယောကျ်ားပေါ့"

"အယ်..သူက"

မိန်းမကြီးက သူမပြောတာကို မစောင့်။

"ဒဏ်ရာက သွေးကျနေရင်လည်း အိမ်ပြန်ပြီး ဆေးထည့်ပက်တီးလေး ဘာလေးစည်းလေ"

သူမက စပ်စုတတ်သည့် မိန်းမကြီးကို အကဲခတ်၍ ခေါင်းထဲမှာ





ဖျတ်ခနဲ့ အတွေးဝင်သွားခဲ့ပြီ။

"ကျွန်မတို့က ဧည့်သည်တွေပါ ဟိုလေ ဒီမှာလည်း အသိတွေက ပြောင်းသွားကြပြီဆိုတော့ ဟည်းခိုစရာမရှိဘူး ဖြစ်နေလို့ ဒီမှာ တည်းခိုခန်းလေး ဘာလေးရှိမှာပေါ့နော်"

"ရှိတာပေါ့အေ ဒါပေမဲ့ ဧည့်သည်ကလည်းဖြစ် ဒဏ်ရာကသွေးတွေ သံတွေနဲ့ ညည်းတို့ကို လူတွေသတိထားကြမှာ ဒီဒဏ်ရာက ဘာဖြစ်လာတာလဲ"

မိန်းမကြီးက ပြန်စ၏။ သတိမလစ်သေးသည့် သူ့ထံမှ စုတ်သပ်သံနှင့်အတူ ခေါင်းထောင်လာတော့ အသာနေဖို့ လက်ကုတ်ထားလိုက်ပြီး....

"ကျွန်မချစ်သူ ဒီတိုက်လာတာနဲ့ အစ်ကိုနဲ့ရန်ဖြစ်ခဲ့တာ အရိုက်ခံရတာဆိုတော့ ဆေးခန်းကိုလည်း သွားမပြရဲတာနဲ့"

"ဩော် ညည်းတို့က မောင်နှမကိုး ဟုတ်တယ် ဒီလိုဒဏ်ရာမျိုးကို ဆေးရုံဝန်တွေက အလွယ်တကူကုပေးမှာ မဟုတ်ဘူး ကဲ...ကဲ ဒါနဲ့ စောလိုက်ခဲ့ကြ ဧည့်သည်တွေဆိုကတည်းက ငါက ကူညီမလို့ပါ"

သူမ ဝမ်းသာအားရဖြစ်သွားကာ သူ့ကိုထူ၍ မတ်တပ်ရပ်လိုက်ပြီးမှ....

"သူ့ ဒဏ်ရာမပျောက်ခင်လေး တည်းခိုခွင့်ရရင် တော်ပါပြီ အခေါ်ရယ် ကျေးဇူးတင်ပါတယ်နော်"

"ရပါတယ် ငါကလည်း ငါ့သားကြီးနဲ့ နှစ်ယောက်တည်းနေတာ အပန်းမကြီးပါဘူး။ တစ်ခုတော့ရှိတယ် ဟို ညည်းရဲ့ ရည်းစားဆိုတာလေး

ရွပ်ရွပ်ယှက်ယှက်လာလုပ်ရင်တော့..."

"ဟင့်အင်း သူပြန်သွားပါပြီ မရှိတော့ဘူး"

မုသားတွေ ပါကုန်ပြီ။ ဒါပေမဲ့ မတတ်နိုင်တော့ပါ။ ဘယ်သွားရမှန်း မသိသည့် အဖြစ်မှာ ဒါက မြက်တစ်ပင်။



အခန်း (၆)

သုံးပင်အိမ်ဆိုတာ ဘယ်လိုပုံစံမှန်းတော့ မသိပါ။ ဒါပေမဲ့ ဒီအိမ်ကို ရောက်ခါနီးတော့ 'ဟိုရှေ့က သုံးပင်အိမ်'လေးက ငါ့အိမ်ပဲဟု မိန်းမကြီးက ပြောခဲ့သည်။

သူမကိုယ် သူမလည်း ဒေါ်လှသီဟု မိတ်ဆက်လိုက်သေးသည်။ မေ့တော်ပါသေးသည် သူတို့ နာမည်ကို မမေးသေး။ သုံးပင်အိမ် ဆိုတာလေးက မန်းမိုးထရံကာဖြစ်ပြီး ဝါးကြမ်းခင်းတွေနှင့် တစ်အိမ်လုံး သပ်ပြည့်ခင်းထားၵါ။

"ညှိသည်တွေ ပါလာသလား ဒေါ်လှသီ"

"ဘယ်က လူတွေတုန်း"

စသဖြင့် မေးမြန်းကြသည့် အသံတွေကို အဆက်မပြတ်ကြားရ၏။

"စောစောက ဆေးမှူးပြန်သွားတာမြင်လို့ ညှိသည်က လူမမာ[illegible]"

ဟု မေးသူကမေး။

"ဟုတ်တယ်ပေ့ ငါ့အမျိုးတော့ မဟုတ်ဘူး ငါက သွေးသား ဆွေမျိုးဆို စိတ်နာလွန်းလို့ လူစိမ်းမို့ အိမ်ပေါ်ခေါ်တင်တာ"

ခေါ်လာသီက ပွင့်လင်းတာလား လူဖြောင့်စိတ်ဘိုလားဆိုတာ မျိုးလားတော့ မသိမိ။ သူမ အာပြောဆိုးသလောက် မိတ်ဆွေအပေါင်း အသင်းတို့က အမှတ်ထားကြပုံလည်း မရှိ။ သို့သော် အစန်းတံခါးဝထိ လာကြည့်သူကကြည့်။

မေးပြီးထပြန် နောက်ထပ်လာထိုင်၊ တပြေးဝေည်းခင်းထားသည့် ကြမ်းခင်းက သိမ့်စနဲ ညွှတ်စနဲ ခေါင်းရင်းက နင်းလိုက်လျှင် ခြေရင်းက ကြွ၏။ ဘယ်သူ ထိုင်ထိုင် ထထ လှဲအိပ်နေသူကတော့ ရထားစီး နေရသလို ဖြစ်နေသည်။

"ကျွတ်"

သူ ရှုံ့မဲ့ညည်း၍ ဟိုဘက်လိမ့် ဒီဘက်လိမ့်...

"ဒီမှာ ရှင် မညည်း နဲ့တော့လေ"

သူမက နားနားမှာ တိုးတိုးလေးကပ်ပြော၍ သတိပေး၏။

"ဆရာ ဆေးထည့် ဆေးထိုးပေးခဲ့တာ မသက်သာဘူးလား ခဏ ဖြစ်ဖြစ် အိပ်လိုက်လေ"

"ဘယ်လိုလုပ် အိပ်လို့ရမှာလဲကွ ဒီမှာ ဒန်းစီးနေသလိုပဲ"

"တိုးတိုးပြောလေ"

သူမက ပါးစပ်ကို လက်ဖဝါးလေးနဲ့ လိုက်ပိတ်၏။ သူက ဆောင့် အောင့် ဖြုတ်ချသည်။





"ရှင် ကလေးမဟုတ် ဘုငယ်မဟုတ် ဂျစ်ကန်ကန်လုပ်မနေနဲ့ သူများခေါ်တင်လို့ အမိုးအောက်ရောက်နေတာ မဟုတ်ရင် ရှင်နဲ့ ကျွန် လမ်းဘေးမှာ လဲနေပြီသိလား"

သူ့ မျက်လုံးတွေ မှေးစင်းလျက် ပွင့်လာ၏။ အနားမှာ ငုတ်တုတ် လေး ဒူးနှစ်လုံးပြန်မက်၍ ထိုင်နေသည့် သူမကိုကြည့်ကာ...

"မင်းက ဘာလို့ မပြန်တာလဲ"

"မသိတော့ဘူး ရှင့်ကိုဆွဲရင်း ဒီထိပါလာတာ လောလောဆယ် ူးကြတာချင်းတူပေမယ့် ရှင်က ဒဏ်ရာကြီးနဲ့ဆိုတော့ ကျွန်မက ရှင့် သက်သာတယ်လေ"

"မင်း စကားပြောတာ အရူးဆိုတာကြီးမထည့်နဲ့နော် နားရင်းအုပ် ဝစ်မိလိမ့်မယ်"

"အံမယ် အုပ်ကြည့်ပါလား ရှင့်ကိုပြန်အုပ်ဖို့မလိုဘူး တစ်ချက်တွန်း ပဲ့ရှိတယ် ဟွန်း လူကအောက်က လေသံက မိုးပေါ်က"

သူမက နှုတ်ခမ်းကို တွန့်လိမ်သွားအောင် မဲ့ရွဲ့ပစ်၍ပြောသည်။ သူ မျက်စိတွေပင် ကျယ်သွားခဲ့၏။ အဖြစ်က တစ်ပေမီးချောင်းလေး ၏ လင်းအားနှင့် သူမမျက်နှာတစ်ခြမ်းကို မြင်နေရသည်။

မျက်တောင်ကော့တို့က နှာတံချွန်ချွန်လေးအရင်းမှာ အရိပ်ငေါ် လျက် အပေါ်နှုတ်ခမ်းဖျားလေးက ကော့နေသယောင်ယောင်၊ မေးဖျား လုံးလုံးလေးနှင့် နှုတ်ခမ်းလေးစူနေပုံက ကလေးဆန်၏။ သူမဟာ အလွန် ချစ်စရာကောင်းသော မျက်နှာကလေးနှင့် ဖြစ်လေသည်။

ထိုအခါ သူဘာဖြစ်လို့ အတိတ်မေ့ဝေဒနာရခဲ့တာလဲဆိုသည့်

အတွေးက ဝင်လာ၏။ သူမကတော့ သူတွေးနေတာကို မသိပါ။

တစ်ယောက်တည်း မျက်စောင်းထိုးလိုက် နှုတ်ခမ်းကိုဟိုဘက်ရောက် ဒီဘက်ရောက် မဲ့ရွဲ့ပစ်လိုက်နှင့်...

"ဒီကလည်း ဆေးရုံကလူမမာချင်းမို့ စာနာလို့ ကူညီနေတာ သိလား သူက ကိုယ့်ထက်ဆိုးပါလားဆိုပြီး သည်းခံနေတာ"

"သည်းခံဖို့ မလိုဘူး အရှူးဆိုတာ မပါရင် ပြီးရော"

သူဖြတ်ပြောတော့ လှည့်ကြည့်၏။

"အတိတ်မေ့တာလည်း..."

"ဟော့ တော်လို့ပြောနေတယ်မို့လား အဲဒါတွေ မကြားချင်ဘူ မပြောနဲ့ ကိုယ့်ကိုယ်ကို ဘာမှန်းမသိဖြစ်နေတဲ့ ဘဝကြီးကို မုန်းလွ လို့ အစမဖော်စမ်းပါနဲ့"

ဘယ်လိုလူလဲဆိုသည့် မျက်ဝန်းလေးတွေ သူ့ဆီမှာ စူးစိုက်နေ စောစောကလို မျက်စောင်းထိုးတာတွေ မဲ့ရွဲ့နေတာတွေတော့ မ တော့ပါ။

"အဲဒါ ရှင်က အမှန်တရားကို လက်မခံချင်တဲ့သူဘဲ ဘယ်သူ လူမမာဖြစ်ချင်မှာလဲ ဒါပေမဲ့ ကိုယ်ကောင်းချင်တိုင်း ကောင်းလို့ မရတာ"

"ရရ မရရ မပြောနဲ့ ကဲ ပါးစပ်ပိတ်ကွာ အိပ်ကြည့်လိုက်ဦးမယ်

"ရှင် အဲဒီ ကွ ဆိုတာတွေ မင်းနဲ့ငါနဲ့ ပြောတာတွေ ဆင်ခြ ဖြစ်မယ် ကျွန်မက မောင်နှမလို့ပြောထားတာ"

သူက ခေါင်းအုံးကို မသတီသလို ဘေးဖယ်ထားပြီး ကိုယ့်လ





မောင်းကိုယ် ခေါင်းအောက်မှာ ခုထားလိုက်မှ ခေါင်းထောင်ကြည့်၏။

"အဲဒါ အမှန်တရားမှ မဟုတ်ဘဲ မင်းလည်း အမှန်တရားကို လက်မခံချင်တဲ့သူပဲ"

"လက်မခံတာ မဟုတ်ဘူး အခြေအနေအရ ကြည့်ပြောရတာလေ အဲဒါပေါ့ ရှင်နဲ့ကျွန်မ မတူတာ ကျွန်မက အတိတ်မေ့နေပေမယ့် ပစ္စုပ္ပန် ကို ကောင်းကောင်းသိတယ် ရှင့်မှာတော့ ဒေါသတွေ မကျေနပ်တာ တွေပဲရှိနေတာ"

ဒါတော့ သူလက်ခံလိုက်ရသည်။ ထိုစဉ် "သွားမယ်ဟေ့ ကလေး တွေ အိပ်ချင်ပြီထင်တယ်" ဆိုသည့် နှုတ်ဆက်သံနှင့်အတူ ကြမ်းပြင်က သွတ်ခနဲဖြစ်၏။ သူ့ကိုယ်ကြီး လှုပ်ကျန်ခဲ့၏။ ထရံတစ်ချပ်ခြားနေသည့် အထဲနဲ့အပြင်တောင်မှ တကယ်လွန်လွန်းပါ၏။

"ဒီမှာ"

သူမက ဒူးနှစ်ဖက်ကိုပိုက်ထားသည့် လက်တွေကို ဖြုတ်၍ ကြမ်း ပြင်မှာထောက်ကာ မျက်နှာကို ငုံ့ကြည့်၏။

"ဟိုဒေါ်ကြီး နာမည်မေးရင် ဘယ်လိုလုပ်မလဲ"

"ပြောလိုက်ပေါ့"

"ဟင် ဘယ်လိုပြောရမလဲ ရှင် မှတ်မိပြီလား"

"မမှတ်မိပါဘူး"

ထင်သည့်အတိုင်း သူ့မျက်ထံမှ မျက်စောင်းတစ်ချက်လွှင့်လာ၏။

"နာမည်ပဲကွာ မောင်ဖြူ၊ မောင်နီ၊ ညို၊ ထွား ဘာညာ တစ်ခု ပြောလိုက်ရင် ပြီးတာပဲ"

"ပြီးတာပဲလို့ မပြောနဲ့ ကျွန်မကတော့ နာမည်လှလှလေးပဲ မှည့်ထားချင်တာ ကျွန်မတို့ ဒီလိုဘဝနဲ့ အစွန်းရှည်နေရင် ဒီနာမည်က တွင်ဦးမှာ"

"ဘာမှ ရှည်ဖို့မရှိဘူး မေ့တယ်ဆိုတာ ခဏပဲ ဦးနှောက်ရှိနေတာပဲ ဘာလုပ်ဖို့လဲ"

"အဲဒီဦးနှောက်က အာရုံကြောတွေ ပျက်ကုန်တာတဲ့"

"သွားစမ်းပါ မသိရင်မပြောနဲ့"

ထို ပုဂ္ဂိုလ်ဟာ လူမမာလည်းမဖြစ်ချင် သတိမေ့တယ်ပြောလည်း မကြိုက် အရူးဆိုလျှင် ဆတ်ဆတ်ခါနာတဲ့သူ၊ လူကောင်းတုန်းကဆို ဘယ်လောက်များ မာနကြီးလိုက်မလဲ။

ချဉ်းတူးတူးစောင်းကြည့်ပြီး သူမက နှာခေါင်းရှုံ့နေ၏။ သူမသိသလို နေလိုက်၏။ ပြီးတော့ ဒဏ်ရာက ခဏသက်သာသွားသဖြင့် ခပ်ဖြည်းဖြည်း ထထိုင်လိုက်ရင်း....

"ငါ့ကို အောင်လှလို့သူမ ပြောလိုက်"

"အို မပြောနိုင်ပါဘူး ပုံပြင်စာအုပ်ထဲက နာမည်ကြီး"

"ဒါတွေတော့ မင်းသိနေတာပဲ"

"သိတယ်"

သူက သူမကို ခပ်စူးစူးကြည့်၍....

"ပေးပါဦး မင်းစိတ်ကြိုက်"

သူမက ဘာမှမပြောဘဲ အကြာကြီး ငြိမ်နေ၏။ ပြီးတော့ ကပြင်လေးမှာ ထွန်းထားသည့် မီးချောင်း၏ အလင်းရောင်ထိုးကျနေသော





ဘည့်တည့် စက္ကူဘူးတစ်ဘူးကို ကောက်ယူလိုက်သည်။

"သိပြီ ဒီမှာ"

ဟု ဇက်ကလေးပုပြောရင်း သူ့ဘက်ကို ခေါင်းလေးငဲ့၍...

"နေလစကြာဆေးတဲ့တွေလား"

"ဘာမှ မဆိုင်သလိုပဲ"

သူမက ဘူးကို ဘေးမှာချထားလိုက်ပြီး....

"ဆိုင်တယ် အဲဒါနာမည်ပဲ ရှင်ကနေမင်း ကျွန်မက လမင်း"

"ဘယ်လို"

ကြားရဲ့သားနဲ့ ထပ်မေးပြီး သူရယ်ချင်ပက်ကျိဖြစ်သွား၏။ သူမကတော့ ဘာဖြစ်လဲဆိုသည့် မျက်နှာနှင့် ပြုံးရယ်လျက်...

"ဒီတိုင်းပဲ ပြောမှာနော် ရှင်စိတ်မခင်စားရင် ငြိမ်ငြိမ်နေ မင်းတွေကွတွေမပြောကြေး ဒါပဲ"

"ဘာမှမဆိုင်တာကို သိနေသားနဲ့ လွယ်မလားကွ"

"ဟောကြည့်ပါလား"

ရန်ဖြစ်ကြမလို့ အဲဆင်သင့်ပြင်လိုက်ကြစဉ် ဒေါ်လှသီက ဘက်ထရီနှင့် ကားမီးလုံးသေးသေးလေးဆွဲ၍ ဝင်လာသည်။

"စကားသံတွေကြားလို့ပေါ့ လူနာဘယ်လိုနေလဲ ပုံစံကြည့်ရတာသက်သာပြီထင်တယ်"

"ဗျာ ဟုတ်ကဲ့"

"သက်သာတယ်တဲ့ ဒေါ် အဒေါ်ကို ကျေးဇူးတင်ပါတယ်"

ဒေါ်လှသီက အပြုံးအရယ်သိပ်မရှိပေမယ့် စိတ်ရင်းတော့ မဆိုး

လှသါ။

"ကျေးဇူးမကောင်ရပါဘူးကွယ် ငါက ဒါနပြုတာပါ သူများရော
ဝေဒနာကိုကုစားပေးတာ သိဆိုတာ သိပ်ကုသိုလ်ရတာ ဝို့ရွာမှာ ဒီ
မှူးက နာမည်ကြီးပဲလေ ဆေးလိုက်တယ်လို့ ခေါ်မလား"

"အခေါ် ဒါ ဘာရွာလဲဟင်"

"ရေနည်းကန်လေ ဒိုက်ဦးနားကပေါ့ ရွာမှာတိုက်ကြီးကာ
မရှိပေမယ့် စီးပွားရေးတော့ ကောင်းကြတယ်"

ဒါကြောင့် ဝါးကြမ်းခင်းတွေ ခင်းတာပေါ့နော်ဟု ရင်သဲက ပြော
သေးသည်။ သို့သော် သူ့ခလေ့ သူ့ထုံးစံကို သတိရလိုက်မိ၏။

"ရေနည်းကန်ဆိုပေမယ့် အခု ရေမရှားပါဘူး ဒါနဲ့ ညည်းတို့
နာမည်တောင် မမေးရသေးဘူး"

"သြော်"

မီးရောင်ဝါဝါလေး လင်းနေသဖြင့် သူမကိုယ်သူမ လမင်းဟု
ပွန်းတပ်ထားသည့် လမင်းက မေးလာပြီတွေ့လားဆိုသည့်သဘော

"ကျွန်မက လမင်းပါ၊ အစ်ကိုက နေမင်းတဲ့"

"သြော်"

ခေါ်လှသီက ခပ်လေးလေးသံနှင့် သြော်လိုက်ပြောသည်။
လုံးတို့သည့် နှစ်ယောက်၏ မျက်နှာတွေပေါ်မှာ ခေါက်တုံ့ခေါက်
ထို့နောက် စိတ်ထဲမှာလည်း ကြာကြာမျှသိပ်မထားချင်သည့် မှုနှင်

"ငါကတော့ လူငယ်လေးတွေမို့ စေတနာရှိပါတယ် ဒါပေမဲ့ ကို
စေတနာထားတဲ့လူက ကိုယ့်ပေါ်မှာ ဖြူစင်နေရင် ပိုကောင်းတာပေါ့





"ရှင်"

"ငါ့သားကြီးကလည်းပြောတယ် ညဦးကလာသွားတဲ့ ကို့ရွာက
ကြီးလင်မယားလည်း သတိထားမိတယ်"

"ဘာ..ဘာကိုလဲ အခေါ်"

လမင်း ဗျာဗျာသလဲမေးတော့ ခေါ်လှသီက နေမင်းကိုပါ ပြန်
ကြည့်ကာ...

"ညည်းတို့ မောင်နှမဆိုတာကို မယုံကြဘူး ပြီးတော့ ညည်းတို့
ယောက်ကို ချောင်းစပ်မှာတွေ့တဲ့လူကတွေ့ခဲ့ကြတယ် ဘာဖြစ်လဲ
ကွယ် မိုးပြေးလာရင်လည်း လာတယ်ပေါ့ ပြေးတောင်ပြေးခဲ့ကြပြီးမှ
ဘာအကျိုးရှိမှာလဲ"

"မဟုတ်ပါဘူး မဟုတ်ဟာက ဘာကယ်ပါ"

လမင်းကို သူ့ကိုလည်း လှည့်ကြည့်ရင်း အမြင်မှာ ဘယ်သူတွေ
သေးလဲ နားစွင့်ကြည့်သည်။ လှုရိပ်ရှိနေပေမယ့် စကားသံမကြား
တော့၊ ခေါ်လှသီ၏ သားပဲဖြစ်လိမ့်မည်။ ဆေးဆရာကို သူပဲခေါ်ပေး
ဘဖြစ်၏။ ဒါပေမဲ့ ရပ်ကြည့်ပြီး ပြန်သွားကာ စကားမပြော။ လမင်းက
သင့်တော်ဆုံး ဖြေဖို့စဉ်းစားကာ...

"မောင်နှမ မဟုတ်ဘူးဆိုတာကတော့ မှန်ပါတယ် ဒါပေမဲ့..."

"အင်း ပြောပါဦး"

"ဟို လင်မယားလည်း မဟုတ်ပါဘူး"

"မိုးပြေးလာပြီး လက်မထပ်ရသေးတာ မဟုတ်လား ရှက်မနေပါ
နဲ့"

"မဟုတ်"

"ဟုတ်ပါတယ်အဒေါ် အဲဒီအတိုင်းပါပဲ"

နေမင်းက စိတ်မရှည်သံနှင့် ပြောချလိုက်၏။ လမင်း မျက်လုံးလေး ဝိုင်းသွားသည်။ သူကတော့ ဘယ်သူ့ကိုမှ လှည့်မကြည့်။

"သူက လက်မထပ်ရသေးတာကို ကာကွယ်ပြောနေတာပါ အဒေါ်ကို လိမ်ညာချင်တာ မဟုတ်ပါဘူး"

"အေးလေ ဒါရုက်စရာမှမဟုတ်တာ လူငယ်တွေဆိုတော့ စီမံခန့်ခွဲပေးမယ့်သူလိုအပ်တာပဲ မင်းတို့အတွက် ငါစီစဉ်ပေးပါ့မယ်"

နေမင်းက ဘယ်သူ့ကိုမှ မကြည့်တော့ဘဲ အိပ်ရာထဲ ပြန်လှဲသွားသည်။ ဒေါ်လှသီက ခုမှ ဘဝင်ကျသွားခဲ့သည့် မျက်နှာနှင့် ကြည်ကြည်လင်လင်ပြုံး၍...

"ငါက သားသမီးချင်း ကိုယ်ချင်းစာပါတယ် မင်းတို့နှစ်ယောက်ကို မြင်ကတည်းက ကူညီချင်စိတ်က အလိုလိုဖြစ်ခဲ့တာ ငါ့မှာလည်း သမီးရှိတာပဲ ခုတော့ ပညာလည်းစုံလို့ ကြင်ယာရှာသွားလိုက်တာ မိဘအိမ်ကို တစ်ခေါက်မှတောင် ရောက်မလာတော့ဘူး"

"ဪ အဒေါ်မှာသမီးရှိသေးတာကိုး"

"ရှိပါတော့် ဒေါ်လှသီဆိုတာ ခနိမိုးကြမ်းခင်းနဲ့နေပေမယ့် အထင်တော့ မသေးနဲ့ သမီးက ဆရာဝန်"

"ဟင်"

လမင်း တကယ်အံ့သြသွားတာပါ။ ဒေါ်လှသီကိုယ်တိုင်က ခပ်ကြမ်းကြမ်း ဖြစ်သလို နေတတ်သည့်ပုံ၊ အိမ်မှာလည်း ခေါင်းအုံး





ရယ် စောင်ရယ် ဖျာရယ် ဒီပြင် ပရိဘောဂ တွေတွတာန်တန်ရယ်လို့ ဘာမှမရှိပါ။

ဘုရားစင်ဆိုတာတောင် တစ်ပေသာသာ သစ်သားစင်ကလေးနှင့် ပန်းအိုးကလေးတစ်လုံးပဲရှိသည်။ ထိုအပေါ်မှာ ကျိုက်ထီးရိုးစေတီတော်ပုံတော်ကားတစ်ချပ်နှင့် အိမ်လေးက ခြေတံရှည်။

မြေပြင်မှာလည်း သန့်ရှင်းတောက်ပြောင်နေတာမျိုး မဟုတ်ဘဲ ပစ္စည်းအဝိုအထွာတွေနှင့် အိတ်ခွံလို အဟောင်းအစုတ်တွေ ဟိုတစ်ပုံ ဒီတစ်ပုံ ထို့ပြင် သားကြီးဆိုသူက အသားမည်းမည်း တုတ်တုတ်ခိုင်ခိုင်နှင့် လူပုံကကြမ်းသည်။

အားလုံးခြုံလိုက်တော့ သမီးက ဆရာဝန်ဖြစ်သွားသည်ဆိုတာ ဘာကယ်အံ့သြစရာပါ အိမ်မှာ စာကြည့်စားပွဲနဲ့ စာရွက်စာတမ်း စာအုပ်ပင် ဘာညာအစအနကလေးမှ မမြင်ရဘဲ ထူးခြွန်သည့်ကျောင်းသားရှိခဲ့ဖူးတာက ထူးဆန်းနေသည်။

ဒေါ်လှသီကတော့ လမင်း ဟန်မဆောင်နိုင်အောင် အံ့သြသွားတာကို စိတ်ဆိုးပုံမပြပါ နှုတ်ခမ်းမဲ့မဲ့နှင့်ရယ်၍...

"မအံ့သြနဲ့ ငါက ကြွားနေတာမဟုတ်ဘူး ရင်နာလို့အော်တာ"

"ရင်နာလို့"

"ဟုတ်တယ်လေ ဆရာဝန်ဖြစ်အောင် ခွားလိုရုန်းပေးကြရတဲ့ အမေနဲ့ အစ်ကိုကို သမီးဆရာဝန်က ကျေးဇူးဆပ်လိုက်တာ ငွေနှစ်သိန်း လွှဲပို့ပေးသတဲ့"

"ဒီလိုတော့ မဟုတ်လောက်ပါဘူး အဒေါ်ရယ် သူမလာနိုင်လို့

ဖြစ်မှာပါ"

"ထားပါတော့ မလာနိုင်တာက ဆယ်နှစ်လုံးလုံးလား"

ဒေါ်လှသီက ပြောနေရင်း အသံတွေတုန်လာရှာ၏။

"သားသမီးတွေက မိဘရင်ထဲကို မမြင်တတ်ကြပါဘူး သားသမီးနဲ့ မိဘတို့ရဲ့ ရင်ဘတ်ကြားမှာ ချည်နှောင်ထားတဲ့ အရာဟာ အလျားအနံ့အသွားအပြန်မရှိတဲ့ အဆုံးအစမဲ့ မေတ္တာဆိုတာ သူတို့ အသိဆုံးမေတ္တာကို ငွေနဲ့တန်ဖိုးဖြတ်စံရတာ ငါရင်နာလွန်းလို့ သမီးရှိခဲ့ဖူးတာကို ခုတော့ မေ့နိုင်အောင် ကြိုးစားနေတော့တယ်"

"ရလို့လားအဒေါ်ရယ် ရင်နာနေတာဟာ ချစ်နေတာပဲမို့လား သူတစ်နေ့နေ့တော့ ပြန်လာမှာပါ"

ညည်းမသိပါဘူးဆိုသည့် မဲ့ပြုံးနှင့် ဒေါ်လှသီ မျက်နှာလွှဲကာ။

"ကဲ..ကဲ...ညစာရင်းသွားတိုင်ရဦးမယ် ညည်းတို့မှာ မှတ်ပုံတင်တွေ ပါကြလား"

"ဟင့်အင်း"

"အို..အဲဒါတွေက အရေးကြီးတာကို ယောကျ်ားနောက်လိုက်တာ ယူမလာခဲ့ဘူးလား နှစ်ယောက်လုံးမပါတာလားဟင်"

လမင်း ထိုကိစ္စကို နည်းနည်းလေးမှ မတွေးမိခဲ့ပါ။

"ဟိုလေ အစကတော့ ပါပါတယ် ခါးပိုက်နှိုက်တဲ့ အိတ်ထဲပါသွားတာ"

ဟု ဖြေမိကာမှ ပိုဆိုးသွား၏။

"ဒါဆိုလည်း နံပါတ်ပြော"





"ရှင်"

"မှတ်ပုံတင် နံပါတ်လေ ကိုယ့်နံပါတ်ကိုယ်သိမှာပေါ့"

"အဲ... အဲဒါ မမှတ်မိဘူးအဒေါ်ရဲ့"

"ကြော် ဖြစ်မှဖြစ်ရလေ မပြောချင်တော့ပါဘူး"

ဒေါ်လှသီဘယ်လို စခန်းသွားဖို့ ဆုံးဖြတ်ပြီး ထသွားသည်တော့ မသိ။ လမင်း ခွေးတောင်ပြန်သွားခဲ့သည်။

သူ့ကိုကြည့်တော့ လက်တစ်ဖက်ကို ခေါင်းအုံးကာ တစ်ဖက်က ခေါင်းပေါ်မှာ ပြန်တင်ထား၍ စောင်းလျက်သား...

"ဒီမှာ ကိုနေမင်း"

"ဘာလဲ"

"အိပ်နေတာလည်း မဟုတ်ဘဲနဲ့ ထပါဦး"

"မထချင်ဘူး အိပ်ဖို့ကြိုးစားနေတာ ဘာလုပ်မလို့လဲ"

"ကျွန်မက ဘယ်မှာအိပ်ရမှာလဲ"

"ဘယ်သိမလဲ ကြုံသလိုပဲအိပ်ပေါ့ ကိုယ်ပိုင်တဲ့နေရာမှ မဟုတ်တာ"

"ရှင်က ခိုးပြေးလာတာလို့ သွားပြောတော့ ဟိုက ဒီတိုင်းထားခဲ့တာပေါ့"

"မပြောလို့ ဖြစ်မလား"

နေမင်းလက်ကိုဖယ်၍ ခေါင်းထောင်လာသည်။

"သူတို့ကိုက ရိပ်မိနေတဲ့ကိစ္စ ပြီးတော့ ဘာမှမတော်ဘူးဆိုရင်ကော ဘယ်လိုဆက်နေကြမလဲ ဘယ်လိုဆုံလာတာလဲ ဘယ်ဆက်သွားမှာ

လဲ စကားကွေကို ဘယ်လိုဖြေကြမလဲ"

ဓါပေမဲ့ ခုကျတော့"

"ဘာဖြစ်လဲ မင်းကြိုက်တဲ့နေရာမှာ ဝင်အိပ် လက်ဖျားနဲ့ မတို့ ဘူး ဒီမှာ ဝေဒနာခံစားနေရတဲ့အထဲ"

"အံမယ် ရှင်ကပဲ စိတ်မရှည်ဖြစ်နေသေးတယ် ဒီကမိန်းကလေး ရှင်ရိုးရိုး မရိုးရိုး အတူအိပ်ရမှာက ဘယ်လိုလုပ်ရဲမှာလဲ"

"မတတ်နိုင်ဘူး"

နေမင်းက ဘာပြောပြော စိတ်မရှည်သံနဲ့ပဲဖြစ်ကာ ဘယ်သူ့အ တွက်ကိုမှ ခေါင်းထဲထည့်ပုံမရှိ၊ ဒေါ်လှသီပြန်လာတော့ ဘာမှပြောသံ မကြားဘဲ အိမ်ရှေ့ကပြင်အဆင့်မှာပဲ ထိုင်နေလိုက်ပြီး....

"ကောင်လေးတွေ အိပ်ကုန်ပြီထင်တယ် လှသိန်း ဘတ်ထရီမီး သွားရှေ့လိုက်"

"ဟာဗျာ သူများလင်မယား အိပ်နေတဲ့ထဲကို"

"ဩော် ဟိုကောင်လေးက လူမဟုတ်ပါ သူတို့နေထိုင်ကြတာ မောင် နှမလို့ပဲ"

"ဘာဖြစ်ဖြစ် လင်မယားမှန်းသိနေတဲ့ဥစ္စာ အဲဒါကြောင့် အရှေ့ ကို ပြောတာ အိမ်မှာထားမယ်ဆိုလည်း အခန်းထဲ သွင်းထားလိုက်ပြီ တာပဲ"

"ဟဲ့ သူတို့က ရောက်စတုန်းက မောင်နှမလို့ပြောတာကိုး"

"အခီပွာယ်မရှိတဲ့ကိစ္စ"

သားအမိစကားပြောနေကြတာ မကျယ်လှပေမယ့် ညသံဆိုတော့





ဆိုင်းကြားနေရ၏။ နေမင်းကတော့ အသံတိတ်သွားပါပြီ။

နည်းနည်းကြာတော့ ဒေါ်လှသီထရပ်လိုက်တာကြောင့် ကြမ်းခင်း က သိမ့်ခနဲဖြစ်သွား၏။ လမင်း ငုတ်တုတ်လေးထိုင်နေရာမှ နေမင်း ားမှာ ဖြစ်သလိုလေး လှဲချလိုက်ကာ အိပ်ချင်ဟန်ဆောင်လိုက်ရ သည်။ ဒေါ်လှသီအထဲဝင်လာကာ...

"ဩော် အိပ်နေလိုက်တာ ခေါင်းအုံးတွေစောင်တွေတောင် မပေးရ သေးဘူး"

ဒေါ်လှသီ အခန်းလေးထဲ ဝင်သွားပြီး ပြန်ထွက်လာတော့ စောင်နဲ့ ခေါင်းအုံးတွေပါလာသည်ထင်၏။ လမင်းဘေးနားမှာ အသာလေးလာ ချသည်။ သေချာ သို့မဟုတ် ဗီရိုထဲက ထုတ်လာတာလား မသိ။ စောင် ခေါင်းအုံးတို့က ပရုတ်လုံးနံ့သင်းနေသည်။

"တစ်ရေးနိုးရင်တော့ မြင်မှာပဲ ဒီတိုင်းပဲထားလိုက်တော့မယ်"

ဟု ခပ်တိုးတိုးပြော၍ ခြေဖော့နင်းရင်း ထွက်သွားသည်။ ဒါတောင် ကြမ်းချင်း ထိခတ်သံက ဂွတ်ခနဲ ဖျောက်ခနဲနှင့် ကိုယ်မှာညွတ်သွား သလိုလို မြင့်သွားသလိုလို။ လမင်း တကယ်ထူးဆန်းနေပါသည် ဒီလို ကြမ်းခင်းမျိုးမှာ သူမဘယ်တုန်းကမှ မအိပ်ဘူးခဲ့သလို တအုံတခြ တ်သပ်ကြည့်မိသည်။

ဝါးလုံးကိုခွဲ၍ အပြားခြမ်းတွေအတိုင်း ဘယ်လိုလုပ်ထားမှန်းမသိ။ က်ထရီမီးရှေ့သွားတော့ အိမ်လေးပေါ်မှာ မှောင်သွားသည်။

အပြင်မှာလည်း မီးမှိတ်ပြီးအိပ်တာမို့ ညဉ့်နက်တော့ ပတ်ဝန်းကျင် ကော အိမ်ပေါ်မှာကော မှောင်မည်းသွားလေသည်။

လမင်းဘယ်လိုမှ အိပ်လို့မရ၊ ခုနေသာ ကိုယ့်တဝ ကိုယ့်အကြောင်းလေးကို ဘစ်စွန်းတစ်စလောက်ဖြစ်ဖြစ် သိခွင့်ရမည်ဆိုလျှင် ချက်ချင်းထသွားမိလိမ့်မည်။

ခုတော့ ခြင်ကကိုက် မှောင်ကမှောင်၊ လမင်းမှောင်နေတာကြီးကိုလည်း ကြောက်သည်။ ထို့ပြင် ခွေးအူသံတွေက ဆွဲဆွဲငင်ငင် ထွက်ပေါ်လာ၏။

ခွေးအူသံတွေနှင့် ဆက်တိုက်ထွက်ပေါ်လာတာက ဟောက်သံတွေ ဖြစ်သည်။ ကိုယ့်အိမ်ရှေ့ကလည်း ဟောက်၊ တခြားအိမ်က ဟောက်သံတွေကိုလည်း ကြားနေရသည်နှင့် ငိုချင်စိတ်ပေါက်လာ၏။

"ဖတ်"

ခြင်ကိုက်လို့ ဆတ်ခနဲဆို လက်က ဖတ်ခနဲရောက်သွားတာနှင့် လက်ဖဝါးထဲမှာ ခြင်သေက စိုစိစိ လုံးကပ်ကပ်ကြီး...

ရွံလိုက်တာ...

လက်ကို တဆတ်ဆတ်ခါပစ်ကာ ဒေါ်လှသီချပေးခဲ့သည့် စောင်ကို ကိုယ်မှာဆွဲပတ်ထားလိုက်ရသည်။

ဒါလည်းမကောင်းပါ ကြာလေ ဆိုးလာလေ၊ ကိုယ့်အတွက် သူ့ကိုလည်း ပစ်မထားနိုင်ဘဲ ခြင်ခတ်ပေးရနှင့် လမင်းအလုပ်နဲ့ လ နဲ့မပြတ် ကြာလာတော့ ဘယ်လိုမှ မနေနိုင်တော့ပေ။

"ဒီမှာ..ကိုနေမင်း...ကိုနေမင်း"

"ဟင်..ဘာလဲ"

သိပ်မနှိုးလိုက်ရဘဲ သူခေါင်းထောင်လာသည်။





"မင်း ဒီတိုင်း ငုတ်တုတ်ထိုင်နေတာလား"

"ဟုး"

ထံရုံချပ်ပဲပြောတာမို့ သူ့ကို တိုးတိုးပြောဖို့ သတိပေးရသည်။

"အိပ်လို့မှမရတာ ခြင်တွေက ကိုက်လိုက်တာ တအားပဲ"

"ငါ ဘာမှမသိဘူး"

"ရှင်က ဆေးရိုန်နဲ့ အိပ်ပျော်နေတာကိုး"

သူ့ဖ ခြင်ခတ်ပေးနေရတာကိုတော့ ထည့်မပြောတော့ပါ။ နေမင်းက ကိုယ်ကို ခပ်ဖြည်းဖြည်းလှည့်၍ ပက်လက်လှန်သည်။ လက်ကိုပဲ ပြန်ခုမယ်လုပ်တော့ လမင်းက ခေါင်းအုံးထိုးပေးသည်။

"ဒီမှာ ခေါင်းအုံးအသစ်တွေ လာပေးသွားတယ် ရော့"

"နေပါစေ"

"ဒါဖြင့် စောင်ခြုံထား အသစ်တွေပါ ရှင့်ကိုခြင်တွေကိုက်ကြမှာ"

"ကိုက်ကိုက်ကွာ အိပ်ပျော်သွားရင် ဘာမှမသိဘူး"

"ခု ထပ်မပျော်တော့ရင် ဘယ်လိုလုပ်မလဲ ရော့ပါ ယူပါဆို"

"မယူဘူး မင်းဘာသာခြုံအိပ်ပါလား"

"ဒီက မှောင်မှောင်ကြီးမို့ မအိပ်တတ်တာ"

"အဲဒါ ဇာက်တာမပေါ့ သူများအိမ်ဆိုတာကို မမေ့နဲ့လေ"

နှစ်ယောက်သား စကားတိုးတိုးပြော၍ အသံက မထွက်တော့၊ ..စဉ်မှာ ခွေးအူသံတွေ စူးစူးဝါးဝါး ထွက်လာပြန်သည်။

"ခွေးတွေတော်တော်ပေါပုံရတယ်"

"ဒီလိုချည်းပဲ တစ်ညလုံး အူနေကြတာ"

"အဲဒါကြောင့် မင်း မအိပ်နိုင်တာလား"

"မသိပါဘူး ဟို..ရှင် အဲဒီအတိုင်းနေလေ ကျွန်မ ရှင့်ပေါင်ပေါ်မှာ ခေါင်းအုံးချင်လို့"

"ဘာ...ဘာ အစီပွာယ်မရှိ"

သူ့ပျာပျာသလဲကြီး ထဖြစ်တာကို လမင်းနားမလည်နိုင်။

"မင်းပဲ ငါ့ကိုခေါင်းအုံးပေးပြီးတော့ အဲဒါမင်းအုံးပါလား"

"ကျွန်မအဲဒီလို မအိပ်ခဲ့ဖူးဘူးထင်တယ် ခေါင်းအုံးက မာနေတော့ မအုံးတတ်ဘူး၊ စောင်တွေက ပရုတ်နံ့တွေနဲ့"

"ဒါဆိုလည်း ငါ့လိုလက်ကို အုံးအိပ်ကွာ"

"လက်တွေ ကျဉ်ခဲကုန်မှာပေါ့"

နေမင်း လှဲနေရာမှ ထိုင်ရတော့သည့် အဖြစ်သို့ ရောက်သွား၏။ လမင်း ပြဿနာကို ဘယ်လိုဖြေရှင်းပေးရမှန်းမသိတော့ပါ။ သူလည်း တစ်ရေးနိုးပြီး မျက်စိတွေ ကျယ်နေပြီ။

"မင်း အဲဒီလိုကြေးထူနေပုံနဲ့ သူများအိမ်မှာ ဘယ်လိုလုပ်မလဲ"

"ကြေးထူတာ မဟုတ်ပါဘူး စိတ်ထဲမှာ ဒီလိုကြီးဖြစ်နေတာ ဘယ်လိုလုပ်ရမလဲ ရှင်ကတော့ကော ဒီစောင်တွေ ခေါင်းအုံးတွေ ဘာလို့ မအုံးသလဲ"

"ငါ့ဘာသာငါ အုံးအုံး မအုံးအုံး ကိုယ့်နည်းကိုယ့်ဟာနဲ့ အိပ်နိုင်တယ် မင်း အိပ်နိုင်လို့လား"

လမင်း ငြိမ်ကျသွားသည်။ မျက်တောင်တွေလည်း စင်းနေပြီ မျက်လုံးတွေလည်း စပ်နေပြီ။ လမင်းခေါင်းငိုက်စိုက်နှင့် ငုတ်တုတ်





ိုင်နေတာကို အမှောင်ထဲမှာပေမယ့် သူမြင်နေရသည်။

"လာ လက်မောင်းမှာ ခေါင်းအုံးအိပ်"

"အို မဟုတ်တာ"

လမင်း ငြင်းလိုက်ပေမယ့် နေမင်းရင်ခွင်ထဲ ရောက်သွားခဲ့သည်။

"ရှန်းမနေနဲ့ ခင်ဗျားကို ဖက်ချင်လွန်းလို့ မဟုတ်ဘူး"

သူက ဖျာခင်းထားသည့် ကြမ်းပေါ်မှာ အတူလှဲချလိုက်၏။ လမင်း ်လုံးမျက်ဆံ ပြူးလျက် အတင်ပြန်ရုန်းသည်။ သူက ပွေ့ဖက်ထား၍ စ်ဖက်ကို စောင်းပစ်လိုက်သည်။

စောင်းနေသည့် သူ့ရင်ခွင်ထဲမှာ လမင်းပက်လက်ကလေးကျသွား သည်။

"မဟုတ်ဘူး အဲဒီလိုကြီး မနေချင်ဘူး လွှတ်စမ်းပါ"

လမင်း ဖွတ်ပြန်ရုန်းသဖြင့် ရင်ဘတ်ချင်းကပ်လိုက်သလိုဖြစ် ား၏။ သူ့ကိုယ်က ဆေးနံ့တွေ ထွက်လာပေမယ့် တခြားကိုယ်နံ့ဆိုး း၀ါး၀ါး ဘာမှမရှိပါ။ သို့သော်...

"ကိုနေမင်း...ကျွန်မက..."

"အိပ်ပါဆိုကွာ ငြိမ်ငြိမ်လေးနေလိုက် တအောင့်ကြာရင် အိပ် ာ်သွားလိမ့်မယ်"

"ဘယ်လိုမှ မပျော်နိုင်ဘူး၊ ဖယ်ဆိုဖယ်"

"မင်းကို ငါ့ကြောင့် ဒုက္ခရောက်လာတာဆိုပြီး စောင့်ရှောက်တာ ာ် မိန်းမတွေနဲ့ သိပ်ပတ်သက်ချင်တာ မဟုတ်ဘူး"

"ဩော်... အင်း... ရှင့်ကို ကျေးဇူးတင်ရဦးမယ် ဟွန့်"

နေမင်းထံက ခပ်ကြိတ်ကြိတ်ရယ်သံထွက်လာသည်။ လမင်းကို ဖက်ထားလျက်မှ မလွှတ်ဘဲ မျက်နှာကိုတော့ ငုံ့မလာခဲ့ပါ။

"မင်း ထုတာ နက်တာတွေတော့ သိပ်မလုပ်နဲ့နော် ကက်ကက်လန်ရန်တွေ့တာကို ဆင်ခြင် ကြို့ပြောထားတာ"

မြတ်စွာဘုရား...

လမင်း လက်ကော ပါးစပ်ကော ငြိမ်ကျသွားသည်။ ခွေးအူသံတွေ ခပ်ဝေးဝေးဆီမှ ပျံ့လွင့်လာ၏။ ထိုအသံတွေ တိတ်ကျသွားတော့ လမင်းတို့လည်း အသံတိတ်လေသည်။ မကျေမနပ် နိုးရိမ်စိတ်တွေနဲ့ပဲ လမင်း အိပ်ပျော်ခြင်းသို့ ရောက်ခဲ့၏။



အခန်း (၇)

သုံးရက်မြောက်နေ့မှာ နေမင်းခေါင်းကဒဏ်ရာ တော်တော်လေး ...က်သာသွားခဲ့၏။

"ဆေးရုံမှာတော့ ဆရာဝန်တွေက မေးတာမြန်းတာဘာမှမဖြေ ...ဘိုင်း ကိုယ့်ကိုယ်ကိုယ် မကျေနပ် ဒေါသထွက် တက်ခေါက်နဲ့ ခေါင်း ... ဒဏ်ရာက မပျောက်ဘဲ တိုးပဲတိုးလာတာ ဒီကျမှ ဆေးမှူးကလည်း ...ာ်တယ် ကိုယ်ဘာရောဂါဖြစ်နေလဲဆိုတာ ဘယ်သူမှ မသိတော့ ...ာမှလည်း မမေးကြဘူးလေ အစဖော်မယ့်လူမရှိတော့ စိတ်ညစ် ...က်သာလို့ထင်တယ် ဒဏ်ရာအပျောက်မြန်တာ"

ဟု ရယ်ရင်းပြော၏။

"ဘာမှ မဆိုင်သလိုပဲ"

လမင်းက နှာခေါင်းလေးရှုံ့၍ ပြောသည်။

"တာကယ်ပြောတာ ရောဂါနဲ့ ဆေးနဲ့တွေ့တယ်ဆိုတာ ကာလ ဒေသဆိုတာနဲ့ အများကြီးဆိုင်တယ် မယုံမရှိနဲ့ ပြီးတော့ ဆေးမှူးဆို ပေမယ့် အတွေ့အကြုံနဲ့ လိုက်စားမှုက စကားပြောသွားတာ ဆို ဆေးမှူးတာကယ်တော်တာ တစ်နေ့ ဘယ်လောက်ပေးရသလဲတော့ မသိဘူး အဒေါ်တို့ကို ကျေးဇူးဆပ်မှဖြစ်မယ်"

နှစ်ယောက်သား ချောင်းစပ်လေးမှာထိုင်ရင်း စကားပြောနေကြ တာဖြစ်၏။ ဟိုဘက်ကမ်းမှာ တောအုပ်ကလေးပဲရှိတာ ခပ်ဝေးဝေး ပေါ့ ရွာတွေရှိ၏။ ချောင်းစပ်မှာ လှေလေးနှစ်စီးရှိနေသည်။

ထိုလှေတွေက ဒေါ်လှသီပိုင်တာမှန်း မနေ့ကမှ သူတို့သိခဲ့ကြ သည်။ မြို့ကိုဈေးဝယ်ထွက်ကြသည့် ဟိုဘက်ရွာက လူတွေက ရေနည်း ကန်ကနေ ဖြတ်ကြရသောကြောင့် ဒီလှေနှစ်စင်းက မရှိမဖြစ်။

မေးကြည့်တော့ ဒီချောင်းက ဘယ်တော့မှ ရေခန်းတယ်မရှိဘူးတဲ့ မိုးဦးဆို ရေတွေကြီးလွန်းလို့ လှေတောင်ဂေဟ်းကောင်းလှော်လို့မ ဘူးဟု သိရ၏။ ခုလည်း ရှိုးရှိုးတိုင်းစီးနေသည့်ရေကိုက အသံမြည်နေ သည်။

သစ်ရွက်ခြောက်လေးတွေ ပစ်ချလိုက်တော့ စဏလေးနှင့် အဝေး ရောက်သွားသည်။ လမင်းက ချောင်းရေတွေကို သစ်တုံးပေါ်မှာထိုင် ရင်း ငုံ့ကြည့်နေ၏။ နေမင်းက ဆံပင်တွေ မျက်နှာကိုကွယ်၍ ရှေ့ ဝဲကျနေသော လမင်းကို တိတ်ဆိတ်စွာ ကြည့်နေပြီး...

"မင်းလည်း ဒီအဝတ်တစ်စုံကို ရေချိုးရင်လျှော်လိုက် အခြောက် ခံပြီး ပြန်ဝတ်လိုက်နဲ့ ဒုက္ခများနေပြီ"





"ရှင်ကော"

"ဒီလိုပဲလေ"

ဆံပင်လေးတစ်ဖက်ကို သိမ်းလှန်ရင်း လမင်းက မော့ကြည့် သည်။ တစ်ယောက်ကိုတစ်ယောက် ကြည့်၍လည်း ရယ်မိကြသည်။ ရယ်လိုက်တော့ နှုတ်ခမ်းလေးပွင့်လျက် သွားစွယ်လေးတွေ ဘယ် လောက်ပဲ ပေါ်နေနေ ချစ်စရာအလွန်ကောင်းနေခဲ့သည့် မျက်နှာလေး ကို နေမင်း သတိထားမိသည်။

သနပ်ခါးတောင် ရှိမနေသောမျက်နှာလေးက စကားဝါသွေးပြေး တာ့ ပါးမို့လေးတွေမှာ မြကျောရှိန်းရှိန်း စိမ်းစိုလျက်...

နဂိုအတိုင်း နီမြန်းနေတတ်သည့် နှုတ်ခမ်းပြည့်ပြည့်လေးတွေက ဒုနှုံခြားနေ၏။ သူသည် ကိုယ့်ဘဝကို တွေးမရနိုင်ဘဲ ရှိနေဆဲမှာ သူမ ဘဝကိုလည်း သိချင်လာမိ၏။

သူမဘယ်လို အဖြစ်တွေနဲ့တိုးပြီး အတိတ်မေ့ဝေဒနာသည်ဖြစ် ရတာလဲ၊ လက်ချောင်းသွယ်သွယ်လေးမှာ စွပ်ထားသည့် လက်စွပ် လေးကိုကြည့်၍ သက်ပြင်းချမိပြန်သည်။ ပြီးတော့ သူလက်သူကြွယ် က လက်စွပ်ကို ငုံ့ကြည့်လိုက်ပြီ....

"ဒီလက်စွပ်ကို ရောင်းနိုင်းလိုက်မယ်"

"ဟင်း ဘာလဲ"

"ဒါလေ"

သူ့ဟလက်ကို ထောင်ပြသည်။ လမင်းက သူမလက်ကိုလည်း မှောက်၍ ပြန်ကြည့်ကာ...

"ရှင့်လက်စွပ်က စိန်ကို ပတ္တမြားရံထားတာ ရဲနေတာပဲ ေဘာ်
တော် တန်ဖိုးကြီးမယ်ထင်တယ် မရောင်းပါနဲ့ ပြီးတော့ ဒီလက်စွပ်မှာ
ရှင့်ရဲ့ ဘဝတစ်စုံတစ်ရာနဲ့ ပတ်သက်တာရှိနေရင် လက်စွပ်ရောင်း
လိုက်တော့ ဆုံးပြီပေါ့"

"ငါတို့ ဘာသွားသုံးမလဲ"

"ကျွန်မလက်စွပ်ကိုရောင်းမယ်"

"အဓိပ္ပာယ်မရှိတာကွာ မင်းလက်စွပ်မှာလည်း စိန်ပါတာပဲ တန်ဖိုး
ကိုပဲတွက်တွက် ဘာကြည့်ကြည့် မင်းပြောသလို ဒီလက်စွပ်က အ
အတွက် အရေးပါနေရင် ဘယ်လိုလုပ်မလဲ စင်းက မိန်းကလေးမို့
လိုအပ်တယ် မရောင်းရဘူး"

"ရှင်လည်းမရောင်းနဲ့"

"မဖြစ်ပါဘူး မင်းနဲ့ငါ့ကို လက်ထပ်ပေးဖို့ အခေါ် တို့က စီစဉ်
ကြပြီ ငါတို့ချင်းသိနေကြပေမယ့် အများအမြင်မှာတော့ မင်းက ငါ့
ဇနီးပဲ မင်းရဲ့တာဝန်ကို ငါယူမှဖြစ်မယ်"

"အဲ့ ရှင်ကကျန်းမာတာ မဟုတ်ဘဲနဲ့ လူမြင်ကောင်းဖို့ မလို
ဘူး ကျွန်မမှာ ဆွဲကြိုးရောင်းထားတဲ့ ပိုက်ဆံတွေရှိသေးတယ်"

"ဘယ်လို"

"အဟွန်း"

လမင်းက မျက်နှာလေးမော့၍ ရယ်သည်။ ချောင်းရေပြင်ကို ဖြတ်
ဝိုက်လာသည့် လေပြည်ကြောင့် ဆံပင်တချို့က မျက်နှာပေါ် ဖြတ်
သွားကြ၏။ လက်တစ်ဖက်နဲ့ ဆံပင်တွေကို အသာဖယ်၍ နေမင်း





ပ်စောင်းစောင်းလေး ငုံ့ကြည့်၏။

"တကယ်ပြောနေတာ မယုံဘူးလား ဆေးရုံက ကျွေးတာတွေ
ားတတ်လို့ အပြင်မှာထွက်ဝယ်စားမယ်ဆိုပြီး ခိုးထွက်ပြီး ရောင်းပစ်
ာလေ"

"ဟ လည်လှချေလား ဆွဲကြိုးက ဘယ်လောက်တန်မှန်းမသိ
ဲနဲ့ ဘယ်လောက်ရလို့ ရောင်းလိုက်တာလဲ"

"ဘယ်လောက်ပဲတန်တန်ပေါ့ ဆွဲကြိုးက ကိုက်စားလို့မှမရတာ
ေပြောပါဘူး လည်ပင်းမှာ မစွာရှိနေခဲ့တာတောင် ကျေးဇူးတင်လှပြီ
အပြင်မှာ စတိုးဆိုင်လေးရှိတယ် အဲဒီမှာရောင်းပြီး တစ်ထိုင်တည်းကို
ယ်စားပစ်လိုက်တယ် ပြီးတော့ ဝယ်ခြမ်းပြန်လာရင်း ရှင်ဆွဲမြေးလို့"

ညော်ဒ် ရင်ထဲမှာ ပြောဖြစ်ရင်း နည်းနည်းတော့ စာတ်ရည်လည်
သွား၏။

"အဲဒီပိုက်ဆံတွေ ဘယ်လို သိမ်းထားလိုက်တာလဲ"

"ဒီလိုပဲပေါ့ မိန်းကလေးဆိုတာ သိမ်းတတ်ဆည်းတတ်တဲ့ ပညာပါ
ပြီးသား"

"အင်း..အင်း ထားလိုက်ပါတော့"

သူ့ နှုတ်ခမ်းစေ့၍ ပြုံးလိုက်တာကို လမင်းက မျက်ခုံးလေးတွေ
တွန့်နေတဲ့အထိ စူးစိုက်ကြည့်သည်။

"ရှင့်ပုံစံကြည့်ရတာ ဘဝင်မြင့်မြင့် တကယ့်ဟိုက်ဘောစ်တစ်
ေယာက်ပုံပေါက်နေတယ်"

"ဟုတ်လား လက်စွပ်ရောင်းကျွေးမယ်ဆိုလို့ မြှောက်နေတာ

ထင်တယ်"

"မြောက်စရာလား ဒီမှာလည်းရှိတာပဲ သူကျွေးမှ စားရ
မှတ်လို့"

ဆံပင်တွေ ခါသွားအောင် မျက်နှာလှည့်ပစ်ပြီး မဲ့ရွဲ့သွားတေ
နေမင်းက ပြုံး၍...

"တော်တော်စလို့ကောင်းတဲ့ မိန်းကလေးပဲ တစ်ခွန်းမှမခံဘူး"

"ဘာလို့ ခံရမှာလဲ အကောင်းပြောတာမှမဟုတ်တာ ရှင်ဟာ
စတွေ့ကတည်းက စကားပြောလိုက်ရင် စီးစီးပိုးပိုး မာသလို ကျောသ
နဲ့ ခေါင်းမှာသွေးစက်လက်နဲ့မို့ သနားလို့ သည်းခံခဲ့ရတာ"

"ကျေးဇူးပဲ"

"လာသေးတယ် ဟွန်း"

ရယ်နေရင်း မျက်နှာကိုနေမင်းက ခပ်တည်တည်လုပ်ပစ်လိုက်

"လက်ထပ်ပြီးရင် ဘာလုပ်စားကြမလဲ"

"ရှင်က ဒီမှာပဲ နေတော့မလို့လား"

"လောလောဆယ် တခြားမသွားချင်သေးဘူး ဆေးရုံမှာ ကို
ကြောင့်ဖြစ်ခဲ့တာကြီးက ခြောက်လှန့်နေသလိုပဲ အဲဒီလူတကယ်
သွားရင်"

"အို ရှင်ဆွဲလိုက်တာကို ကျွန်မပဲမြင်တဲ့ဥစ္စာ"

"ပြောလို့ရမလား နံရံတွေ သစ်ပင်တွေမှာ မျက်စိရှိတယ်"

"ရှိလည်း ဘာဖြစ်လဲ အကျီလေးပဲ ဆွဲမိတာ သူဟာသူ ချွေ
ကျသွားတဲ့ကိစ္စ"





နေမင်းက ခေါင်းခါနေသည်။

"မင်းက ဒီမှာ မနေချင်ဘူးလား"

"မနေချင်တာတော့ မဟုတ်ပါဘူး အိပ်ရတာဆင်းရဲလွန်းတယ်"

"တခြားမှာကော ဘာထူးမှာလဲ ငါတို့မှာ ရင်းနှီးထုခွဲစရာ ဘာမှ
မှ မရှိတာ"

လမင်း မျက်နှာလေး ငိုင်သွားရှာသည်။

"မင်း ဝါးကြမ်းခင်းနဲ့ မအိပ်တတ်ရင် အခေါ်တို့အိမ်ရဲ့နောက်
မှာ ပျဉ်ခင်းနဲ့ သပ်သပ်အမိုးလေးချပြီး နေလို့ရအောင် ငါလုပ်ပေးမယ်"

"သူတို့က ကြီးကျယ်တယ်ထင်ပြီး အမြင်ကတ်ဦးမယ် မလုပ်ပါ
နဲ့တော့"

"ဒါကတော့ ရှောင်ရှားပြော်ရမှာပေါ့ ရေရှည်ဘယ်လိုလုပ်မလဲ"

နှစ်ယောက်သား ရယ်မောတာတွေ မရှိကြတော့ဘဲ အတွေးကိုယ်
စီနှင့် ဖြစ်ကုန်ကြ၏။

"ရှင် ကိုယ့်အကြောင်းကို နည်းနည်းမှ ပြန်တွေးမကြည့်တော့ဘူး
လား"

"မင်းကော တွေးကြည့်လား"

"တွေးကြည့်တာ ရမှမရတာ"

"မင်းလိုပဲပေါ့ ဒါပေမဲ့ မရမက တူးဖော်ဖို့ ငါကြိုးစားခဲ့တုန်းက
အရမ်းပင်ပန်းခဲ့တာ ခေါသတွေထွက် ရောဂါကတိုးနဲ့ ဘာနဲ့တူသလဲ
ဆိုတော့ အိပ်မက်ထဲမှာ ဝိုးတဝါးပုံမြင်လိုက်ရတဲ့လူကို နိုးလာတော့
မျက်နှာမမြင်ရလိုက် အားမလို အားမရဖြစ်နေခဲ့တာမျိုး အိပ်မက်ကျ

တော့ ဖျောက်ပစ်ဖို့လွယ်တယ် ကိုယ့်ကိုယ်ကိုယ်ကျတော့တွေးလေ မကျေနပ်လေ အတိတ်ကလည်း ငါပဲ ခုလည်းငါပဲ ဘာလို့ သတိမရရှိ မှာလဆိုတဲ့ မာနက တော်တော်ဆိုးတယ်"

စကားရပ်ပြီး နေမင်းက ခြေထောက်ဦးနားက ကျောက်ခဲလေး ကို ချောင်းထဲရောက်အောင် တိုက်ချပစ်လိုက်၏။

စွပ်ခနဲ မြည်သံလေးထွက်လာသော်လည်း ချောင်းရေအလျှင် ကြောင့် ဂယက်မထနိုင်။ ပြီးတော့ နောက်ကျောက ရွာလမ်းနှင့် သွား လာသူတချို့ကို သမင်လည်ပြန်ကြည့်လိုက်ပြီး....

"မတွေးတော့ဘူး လောလောဆယ်ဖြစ်သင့်တာကိုပဲ ဖြစ်ပေးလိုက် မယ် မင်းလည်း အဲဒီလိုသဘောထားလိုက်ပါ"

"ကျွန်မက မိန်းကလေး အဲဒီလို အေးအေးဆေးဆေး နေလိုက် လို့ ဘယ်ရမလဲ ခုပဲ ရှင်နဲ့ကျွန်မ လက်ထပ်ရတော့မှာ"

"ဘာဖြစ်လည်း မင်းနဲ့ငါ နားလည်မှုယူထားကြတာပဲ"

"ဘာဖြစ်ဖြစ် ကျွန်မက အပျိုလုပ်နေလို့ရတော့မှာမှ မဟုတ်ဘဲ"

လမင်းက နှုတ်ခမ်းလေးစူ၍ သူ့ကိုမကြည့်ဘဲ မြေပြင်ဆီကို မျက် လွှာလေးစိုက်ချထား၏။

"ကြားဖူးနားဝတွေ ရှင်မသိဘူးလား ရှင်နဲ့ ကျွန်မက ထူးထူး ဆန်းဆန်း ရောဂါတူတွေလာဖြစ်ပြီး ဒီမှာဆုံနေကြတာ နောင်တစ် ချိန် ဒီရောဂါတွေ ပျောက်သွားရင် ဘယ်လိုလုပ်ကြမလဲ"

"ဒီတိုင်းပဲလေ ဘာဖြစ်လဲ"

သူက ခပ်ပေါ့ပေါ့ပြောတော့ လမင်းငွေ့ငွေ့ခုန်သွား၏။





"ရှင်ဟာလေ အတည်ပေါက်ကြီးနဲ့ ဝါးစားမယ့်ရုပ်ကြီး"

"ဘာလဲ ရှင်းရှင်းပြော ငါသိက္ခာကိုတော့ မပဲ့နဲ့နော်"

"ဖွဲ့တာမဟုတ်ဘူးလေ ဒီကိစ္စမျိုးကို အလေးအနက် ရှင်ပြောပါ လား ကျွန်မတို့တာဝမှန်တွေကို ပြန်သတိရကုန်ရင် ဒါတွေကို ဘယ်သူက သိတော့မှာလဲ"

"ငါတို့သိတာပဲ"

"ကြည့်"

လမင်း နှုတ်ခမ်းလေးကိုက်ပစ်ရင်း သူ့ကိုကြည့်၏။ နေမင်းက ရယ်ပါ။ မျက်မှောင်ကုတ်၍ နေရာမှ ထရပ်လိုက်သည်။ ထိုအခါ အရပ် မြင့်၍ ဗိုက်သားရုပ်ရုပ်နှင့် သူ့ပုံစံက ကြည့်ကောင်းနေပြန်သည်။

"မသိပါဘူးဗျာ ဒေါ်ဒေါ်လှအိမ်မှာ ရုပ်ရှင်မင်းသား မင်းသမီးတွေ များရောက်နေသလားလို့"

ဒေါ်လှသိအိမ်ကို ဝင်ထွက်ကြသူတချို့ နောက်ပြောင်သွားကြ တာကို လမင်း သတိရလိုက်မိသည်။ ကိုယ်ကတော့ မိန်းကလေးပေ မယ့် ဘာမှလည်း ပြင်ဆင်ခြယ်သထားတာ မဟုတ်တော့ သူ့ကို ပြော ကြတာပဲ နေမှာပေါ့၊ အိမ်နီးချင်း ကောင်မလေးတချို့ကဆို ဟိုက ချောင်းကြည့် ဒီကချောင်းကြည့် ဖြစ်ကြတုန်း....

"မင်း စဉ်းစားကြည့်လေ"

သူက နောက်ပြန်လှည့်ကြည့်၍ပြောတော့ လမင်းထိုင်ရာကနေ ထရပ်လိုက်ရသည်။

"လူတစ်ယောက်က တစ်ဖက်ကိုမေ့တာတောင် ယွန်လှပြီ ဟို

ဘက်ကိုလည်းမေ့ ဒီဘက်ကိုလည်း မေ့ဆိုတာ ဖြစ်နိုင်မလား အဲဒါ မင်းလက်ခံလား"

"လက်မခံလို့ မရလို့ပဲ အခု ရှင်လက်ခံထားရပြီမို့လား"

"ဒါက လက်ခံလို့ရသေးတယ်လေ ဒီလောက်ဆိုးဝါးနေတဲ့ ဘဝကို နောက်ထပ်ပြန်မေ့သွားဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး အဲဒါ ငါ လက်မခံဘူး"

"တော်တော် တစ်ယူသန်တဲ့လူ"

ပါးစပ်တစ်လုံးကြီးပြော၍ လမင်းက မျက်စောင်းထိုး၏။ နေမင်းက လမင်းပုခုံးလေးနှစ်ဖက်ကို ဆတ်ခနဲ ဆွဲလှည့်လိုက်ကာ...

"အဲဒါကို မင်းကြောက်နေလား"

လမင်း ပုခုံးလေးကျုံ့လျက် သူ့လက်ပေါ်မှာ ထပ်ဆုပ်ကိုင် လိုက်မိသော်လည်း ဖယ်ချပစ်ဖို့ မေ့နေခဲ့၏။

ထူတန်းညို့မှောင်နေသော မျက်ခုံးနှစ်ဖက်ကို မော့ငေးနေမိ သည်။ ယောကျ်ားဆန်စွာ ဖြောင့်စင်းပေါ် လွင်နေသည့် နှာတံချွန်ချွန်ကို အံ့သြသည်။

ဒီလူဟာ တကယ်ပဲ အံ့သြလောက်အောင် ချောမောသူပါ။ သို့ သော် မာနကြီး၍ တစ်ယူသန်စိတ်ပြင်းထန်လွန်းသည်။ သူပြောတာမှ အမှန် သူလုပ်တာသာ အဟုတ်၊ ကန့်ကွက်တာမကြိုက် ဝေဖန်တာလို လက်မခံချင်သူ၊ သူကလည်း လမင်းကို ငုံ့မိုး၍ စူးစိုက်ကြည့်နေသည်။

"တကယ်လို့မင်းနဲ့ငါ မရှောင်သာကြတဲ့အထိ ဖြစ်ခဲ့ရင်"

"အို မဖြစ်နိုင်ပါဘူး"





လမင်းမျက်နှာလေး ဖြန်းခနဲရဲတက်သွား၏။ သူ့လက်တွေကို ဆွဲဖယ်စွာချပေမယ့် မရဘဲ ဖြစ်နေသည်။

"ပြောပြတာ အခြေအနေဆိုတာ သေချာတွက်လို့မရဘူး ပြီးတော့"

သူ စကားမဆက်တော့ လမင်းက မော့ကြည့်သည်။ သူသည် လမင်းကို မျက်မှောင်ကုတ်လျက်နဲ့ပဲ စိုက်ကြည့်နေကာ...

"မင်းက သိပ်လှနေတော့"

သူဆက်ပြောမှာကို မကြားရဲဘဲ လမင်းအတင်းရုန်းထွက်ခဲ့မိသည်။ ရင်တွေ သကြမ်းဗရမ်းကြီး ဆောင့်ခုန်နေလိုက်တာများ ရင်ဘတ်ထဲ က ဆူညံနေရုံမကဘဲ နားထင်ပါးရင်းတွေပါ တုန်ခါနေသလား မသိ။

တစ်ကိုယ်လုံး ရှိန်းခနဲ ဖိန်းခနဲဆောင့်ခါနေ၏။ ပြောချလိုက်တာ ဘာစကားတွေလဲ....

## အခန်း (၈)

ရွာလူကြီးအိမ်မှာပဲ နှစ်ယောက်လက်မှတ်ထိုးလိုက်ကြပြီး လက်ဖက်ရည်တိုက်သည်။ သူတို့နှစ်ယောက်အတွက် သဒ္ဓါကြည်ဖြူစွာ ကူညီကြတဲ့ လူတွေအင်နဲ့အားနဲ့ ဖြစ်နေတာကလည်း အံ့သြစရာဖြစ်သည်။ အားလုံးက ပြုံးရယ်ကြလို့…

နောက်ဖေးဘက်မှာ ပျဉ်ခင်းတဲလေး ထိုးမယ်ဆိုတော့လည်း ကိုယ်တိုင်သိပ်မလုပ်ရဘဲ ကောက်ကာပ်ရိုက်ပေးသွားကြတာ နေမကျန်ခင်ပဲ တဲကလေးပြီးသွားသည်။

"လုပ်ကိုင်စားဖို့ ပူမနေနဲ့ ဒေါ်ဒေါ်လှက လေ့တွေရှိတယ် ကိုလှသိန်းကြီးက ကူးတိုးစကောက်တယ် ဝိုင်းကူလိုက်ပေါ့ ဟိုဘက်ကမ်းမှာ ယုန်ထောင် ကြွက်ထောင်ဆိုလည်း နောက်ကလိုက်ပေးရုံနဲ့ ဟင်းစားရမယ် မီသားစုပဲကွာ ဝိုင်းလုပ်ဝိုင်းစားပေါ့။

"အေးလေ မောင်ရင်က လူစိမ်းပဲ ပြီးတော့ မြို့သားဆိုတော့ ရွာနေ ရွာစရိုက် ဘယ်ကျွမ်းကျင်မလဲ လောလောဆယ် ကူးဖော်လော်





က်ပဲလုပ် ယောကျ်ားတစ်ယောက်ဟာ မပျင်းဘူး မဖျင်းဘူးဆိုရင် တစ်နေ့နေ့ တိုးတ ါ်လာတာပဲကွ"

အားပေးကြသူတွေကလည်း သူတို့နှစ်ယောက်ကို နားလည်ကြသည်။

"အဲဒီကောင်လေးနဲ့ ကောင်မလေးတွေကို ဖြူဖြူသန့်သန့်လေး တွေ့မှုကို ချစ်တာ"

"အေးနော် ချောလိုက်ကြတာ"

သူတို့ရှေ့မှာပဲ ပြောနေကြတာဖြစ်သည်။ ရွာသားအတော်များများ က အသားညိုကြ မည်းကြတာရှိသည်။ ထို့ကြောင့်မို့လားမသိ မြို့က တွဲဟု နာမည်ကြီးကာ သူတို့ကို အကုန်လုံးက အရေးပေးကြသည်။ နိုန်ထိ ကြီးကြီးမားမား အခက်အခဲဘာမှမရှိခဲ့ပေ။

"ဟင် မင်းထမင်းမစားရသေးဘူးလား"

"အင်း ရှင့်ကိုစောင့်နေတာ"

နေမင်းကပြုံး၍ ထမင်းပွဲပြင်ပြီး ငုတ်တုတ်ထိုင်နေသည့်ဘေးမှာ င်ပါးလျှံဝင်ထိုင်သည်။ ငုံ့ကြည့်လိုက်တော့ ထမင်းကနှစ်ပွဲ ငါးစွမ်းရေ ဟင်းဆိုတာက တစ်ခွက်နှင့် ရေဝဲသီးကြော်…

"မဆိုးပါဘူး စားမယ်လေ ငါကတော့ မင်းအတွက် ကူစားပေး ရမှာမဟုတ်ဘူးနော် ငါမို့ချရင် ငါ့ဗိုက်ထဲရောက်သွားမှာ"

မျက်စောင်းတစ်ချက် လွှင့်ထွက်လာသည်။ သူ့အတွက် လက်ဆေး းကန်ကို ခပ်ဆောင့်ဆောင့်ရှေ့တိုးပေးကာ…

"စားပါ ရှင်ပဲ အားရပါးရမို့ချ"

နေမင်းကရယ်လိုက်၏။ သူဝင်လာကတည်းက လမင်းမျိုမချနိုင်ဖြစ်နေတာကို သိသည်။ ထမင်းစားတိုင်း လမင်းအဖြစ်က သနားစရာ သူမကို မစတဲ့ အသာကြည့်နေလျှင် ဘာမှလည်း မပြောရှာဘဲ ဟိုနိုက်ဒီနိုက်နှင့် ပါးစပ်ထဲရောက်ဖို့ ထမင်းလုံးကို ရေတွက်နေသလိုပင်။ ခဏကြာတော့ ပြီးပြီ၊ နောက်ကျမှ ငှက်ပျောသီးစားလိုက် သခွားသီးစားလိုက်...

"ဘယ်လိုလဲဟေ့ စားလို့အထာမကျနိုင်ဘူးလား ရော့..ရော့ ဒီမှာ ယုန်ကင် ကျွတ်ရွနေတာပဲ အရိုးအင်အားလုံး စပါယ်ရှယ်လုပ်ပြီးမှကင်တာ ကြော်တာထက်တောင် ကောင်းသေးတယ်"

"သြော် အဒေါ် လာပါ"

ဒေါ်လှသီ မြုန်းခနဲ ရောက်လာတော့ မစားဖြစ်သေးသည့် ထမင်းဝိုင်းကို လမင်းက မလုံမလဲဆွဲသိမ်း၏။ နေမင်းက စိုက်ကြည့်ပြီး ပြုံးနေသည်။

အဲဒီကောင်မလေးဟာ ကလေးဆန်နေပြီဆို နှာခေါင်းကိုဆွဲလိမ်ပြီး ထိပ်ကနေ ထုပစ်လိုက်ချင်အောင် အသည်းယားဖို့ကောင်းသည်။ ပြီးတော့လည်း သူ့ပဲသိ သူ့ပဲတတ်၊ ပြောလိုက်တော့ 'ရှင်သိပ်ဆရာလုပ်တဲ့လူ'တဲ့။

ကိုယ်ကဆရာလုပ်တော့ သူက နာခံခဲ့လို့လား၊ ခဏ ခဏပဲ စကားထများလိုက် မဲ့ရွဲ့မျက်စောင်းထိုးတာ ခံရလိုက်...

"ရှင်က ဘာပြုံးနေတာလဲ"

ကိုယ့်ကိုကြည့်၍ ဘာတွေပြုံးနေမှန်းမသိ။ လမင်းက ခပ်ကြွတ်





ကြွတ်လှည့်ပြောတော့ ဒေါ်လှသီကိုင်လာသည့် ဓါးညှပ်နှင့် ယုန်ကင်ဆိုတာကို အားနာစွာကြည့်သည်။

"ဘာလုပ်ဖို့လည်းအဒေါ် ပြန်ယူသွားပါ လမင်းတို့ကို ဟင်းချက်ပေးရ ထမင်းချက်ပေးရနဲ့"

"သြော် ဘာဖြစ်လဲ ကိုယ်ကျေနပ်လို့ ယူထားတဲ့ ဒုက္ခပဲဟာ ဒါကတော့ ကိုယ့်သားသမီးတွေလိုပဲ သတ်မှတ်ပြီး လုပ်ကိုင်ပေးတာ သမီးကို မပြုစုလိုက်ရလို့လေ မယ်မင်းကြီးမက ငွေနှစ်သိန်းနဲ့ ငါ့ကိုအမျှဖြတ်ထားခဲ့တော့ ကျွေးချင်တာလေးတွေ မကျွေးလိုက်ရ ပေးချင်တာလေးတွေ မပေ ိုက်ရ"

ဒေါ်လှသီက ရင်နာသံတွေနှင့် တနင့်တပိုး ပြောနေသည်။

"ရော့..ရော့ ငါးက ရေရှိုချက်လိုက်တော့ ညှီမှာပေါ့ ဒီလိုပဲ စားမရှိရင် မသိဘူးလေ မောင်နေမင်းပြောမှ ငါကသိတာ ခြောက်ခြောက်သွေ့သွေ့လေးစားလိုက် စား ထမင်းကို ဆီဆမ်းမလား"

လမင်းမျက်နှာငူလိုက်တာ ဘယ်မှာသွားထားရမှန်းမသိ။ ဒီလောက်ထိ တစ်ဖက်သားအပေါ် အခွင့်အရေးယူသလို ဖြစ်သွားခဲ့တာက ကိုယ့်ကိုယ်ကို ဒေါသဖြစ်မိရင်း နေမင်းကိုလည်း မျက်စောင်းထိုးဖို့ရှယ်ကာ အခွင့်မသာသေးလို့၊ ဒေါ်လှသီ ဒါကြီးနဲ့ ရောက်လာကတည်းက သိလိုက်သည်။ သူပြောခဲ့ပြီဆိုတာ တစ်ခါတည်း 'စားပါသောက်ပါ' နှိုင်းနေသဖြင့် ယုန်ကင်ဆိုတာကို ထမင်းနဲ့လုံး၍ မြိုချခဲ့ရသည်။

ဒေါ်လှသီ ထပြန်သွားအေ မရှိမဆန့် စောင့်နေခဲ့ရပြီး လမင်းတို့အနစ်တော့သည်။

"ဟာ လမင်း ပြုံးသနေပါပဲကွာ"

ငနမင်းကလည်း ရွှံတတ်သူပဲဖြစ်သည်။ ဒါပေမဲ့ ရှေ့မှာဖြ
တော့လည်း မနေနိုင်။ လမင်း ကျောပြင်လေးကို နောက်ကနေ အ
ဖိပေးရင်း မသက်မသာ ညည်းသည်။

"အဲဒါ ရှင့်ကြောင့်"

လမင်းက ခေါင်းခဲ့အန်ပြီး သူ့လက်ကို နောက်ပြန်ပုတ်ရ
ဖျတ်ခနဲ လှည့်သည်။ အန်ထားသဖြင့် နှာသီးဖျားလေးတွေ မျက်
လေးတွေ ညှိုရဲကာ မျက်ဝန်းထဲမှာ မျက်ရည်တွေလည်း လည်
သည်။

နမူးပြေပြေလေးမှာ ချွေးစလေးတွေ စိုလက်နေလျက်...

"ဒီက မစားနိုင်ဘူး မသောက်နိုင်ဘူး ဘာလို့ သွားပြောတ
သူများကို ဘယ်လောက် အားနာဖို့ကောင်းလဲ"

"ပြောရမှာပေါ့ မင်းစားသောက်ကောင်းအောင် ငါလုပ်
တတ်တာ စုကော မင်းပြန်အန်မစ်တာပဲ ဒါ အားနာတဲ့လူလား"

ကြည့်စမ်း မစားနိုင်တာကို အားနာပြီး မျိုချရမယ်တဲ့ ပြော
လိုက်တာ။

ဘာကိုမှန်းမသိဘဲ လိုက်ခနဲ ဝမ်းနည်းသွားကာ မပြောမ
လမင်း ဟီးခနဲ ငိုချလိုက်သည်။ ပြီးတော့ သူ့ရှေ့က ရှောင်ထွ

"လမင်း"

ငနမင်းက လက်ကိုဖမ်းဆွဲထားလိုက်၏။

"ဘာဖြစ်တာလဲ ငါက ငင်းကျွန်းမာရေး ထိခိုက်လာမှာစိုး





းသောက်ဖြစ်လာအောင် ကြိုးစားတာပဲ စေတနာမှန်းမသိ ဘာမှန်းမသိ
းတော်တော်ရက်ပါလား"

"ဟုတ်တယ် မသိဘူး ရှင့် စေတနာမထားနဲ့လေ"

လက်ကို ပုတ်ချပစ်တော့ ပခုံးကို ဖက်ထားလိုက်ကာ...

"တိုးတိုးပြော တော်ကြာ အဒေါ်ပြန်ရောက်လာဦးမယ် အဟွန်း
က်ရည်ကလည်း လွယ်လိုက်တာ"

"မလွယ်ဘူးသိလား ဒီက စိတ်ပျော့တတ်တဲ့သူ မဟုတ်ဘူး ရှင့်
ဒါသဖြစ်လို့ ငိုတာ"

"ဒေါသဖြစ်လို့ ငိုတာ မှတ်ထားရမယ်"

"ရှင်နော်"

"ကဲပါ တိတ်ပါကွာ ယောကျ်ားဆိုတာ မိန်းမက မျက်ရည်ကျ
မိလောကလုံးကို စိန်ခေါ်ပြီး ပိုက်နိုက်ချင်စိတ်ပေါက်တယ်တဲ့

"ဘယ်သူကပြောတာလဲ"

"သိဘူးလေ"

လမင်းမျက်စောင်းထိုးတာကို ပြုံးကြည့်ပြီး ပါးပြင်လေးတွေထက်
မျက်ရည်တို့ကို သုတ်ပေးမိသည်။ ပြီးတော့ ကိုယ့်အဖြစ်ကို သဘော
ကာ...

"တကယ်လင်မယားလိုပဲနော် ရင်ထဲမှာ တစ်မျိုးကြီးပဲ မင်းကော
ာ်လား"

"အိုး ဘာလို့ပျော်ရမှာလဲ"

နှုတ်ခမ်းလေးစူ၍ ငုံ့ပစ်လိုက်တော့ ကော့ညွှတ်သော မျက်တောင်

ဖျားတို့မှာ သူရင်ခုန်သံတွေ ငြိမ်သွားခဲ့၏။

"လမင်း"

"ဟင်"

လမင်း မော့၍ထူးလိုက်မိစဥ်...

"အို"

ပါးပြင်လေးတွေ နွေးထွေးသွားခဲ့၏။ ဘယ်သူကမှ မမြိမ်းခြော ရဘဲ မျက်လုံးတွေ မှိတ်ပစ်လိုက်မိကာ ဘယ်လောက်ကြာသွားမှန်း နေမင်းသည် လမင်းကို တင်းကျပ်စွာဖက်ထားရင်း ပါးချင်းကပ် သည်။

"မင်း သိပ်ချစ်စရာကောင်းတာပဲ လမင်းရယ်"

လမင်းငြင်းနေ ရုန်းနေတာတွေကို သူဂရုမစိုက်ဘဲ ဖွတ်အ ဖက်ထားသည်။ ချစ်တတ်တဲ့လူတွေအတွက် ရင်ခုန်စီးမျောခြင်း ဘရိတ်ရှိသလား။





အခန်း (၉)

"ရော့ မင်းစားချင်တာ ဝယ်ရက်တော့ မသိရင် အခေါ်ကိုမေးပေါ့"

ဗိုက်ဆံတွေလာချပေးတော့ ပြန်ရုတ်သွားသည့်လက်ဝါးစောင်း တွေကို လမင်း အမိအရလိုက်ကြည့်သည်။

"ကိုနေမင်း"

လက်ကို ဆုပ်ဖမ်းထားလိုက်ပြီး ပြန့်ကြည့်လိုက်တော့ လက်ဆစ် တွေမှာ ပေါက်ပြဲလျက် လက်ဖဝါးပြင်မှာ နီရဲညိုပုတ်နေ၏။

"ရှင် ဘာတွေလုပ်ခဲ့တာလဲဟင်"

နေမင်းက လက်ကိုပြန်ရုန်းလိုက်ပြီး လမင်းဘေးမှာ တင်ပါးလွှဲ ထိုင်လိုက်၏။

တဲလုံးငလေးက ဖျာတစ်ချပ်သာသာပဲ ဖျဉ်ခင်းထားတာမို့ ညအိပ် နိုင်ရုံမဟုတ်ဘဲ နေမင်းက အပေါ် ဘယ်တော့မှ မတက်ပါ။

ကိုလှသိန်းနှင့် မိုးလင်းတာနဲ့ပါသွားပြီ ထမင်းတစ်ခေါက်ပြန်စား ပြီး မိုးချုပ်ခါနီးမှ ပြန်လာတတ်သည်။ ဒီနေ့တော့ ပိုက်ဆံပါလာခဲ့၏။

"သူများနိုင်းတာ သိပ်မလုပ်ချင်ဘူးကွ အဲဒါနဲ့ ဒီနေ့ ကိုယ့်ဟာ

ကိုယ် ကူးတို့ပို့လိုက်တယ် ကူးတို့ပို့တဲ့လူဆိုတော့ ခရီးသည်ဆီက ကုန်ပစ္စည်း ဘာညာကူသယ် ကူချလိုက်ရတာပေါ့ ဘာမှမဖြစ်ဘူး ငါယောကျ်ား"

သူက ယောကျ်ားဟု ဟစ်ကြွေးပြီး အပြုံးမပျက်ပေမယ့် လမင်း စိတ်မကောင်းနိုင်ပါ နှစ်ရာတန် အထပ်လိုက်ကိုလည်း ကောက်ကြည့်ဖို့ စိတ်မဝင်စားတော့...

"ရှင် အဲဒီလိုလုပ်ရင် ကျွန်မလည်း ထွက်လုပ်မယ်"

"ဟာကွာ အဓိပ္ပာယ်မရှိတာကို မင်း ငါ့ကို သက်သက်မဲ့ချင်တာလား"

"ရှင် မစော်ကားနဲ့"

"မစော်ကားစေချင် မပြောနဲ့ မင်း မိန်းမမို့လား မိန်းမလိုနေ သူများ ချက်ပြုတ်ပေးတာ မစားနဲ့တော့ စားချင်တာဝယ်ချက် ငန်ငန်တူးတူး ဘာဖြစ်ဖြစ်"

လမင်း မျက်နှာလေး ငယ်သွားသည်။

"လမင်း ဒီက ဖားတွေ ကြွက်တွေ မစားနိုင်ဘူး အသီးအရွက်ပဲ စားတော့မှာ"

"စားပေါ့ စားချင်တာချက်"

"ရှင် စားနိုင်လို့လား"

"ဘာလို့ မစားနိုင်ရမှာလဲ ငါက စားချင်လို့စားနေတာမှ မဟုတ်တာ ယောကျ်ားဟာ မိန်းကလေးလို ရှဲ့နေလို့မရဘူး ကဲ ငါသွားမယ် ကိုလှသိန်းက နေ့လည်မြစ်ဝထိ သွားမယ်လို့ပြောလို့"





"ဟင် မြစ်ဝပဲလား မြစ်က ရေစီးသိပ်သန်တာ ရှင် ကျွမ်းကျွမ်းကျင် ျင် လှော်တတ်တာလည်း မဟုတ်ဘဲနဲ့"

"ဘာမှမဖြစ်ဘူး မင်းသာ ဂရုစိုက်"

လှည့်မကြည့်ဘဲ ပြောသွားသည်။ လမင်းအကြာကြီး ငိုင်နေမိ ာ ပိုက်ဆံအနွမ်းလေးတွေကို ကောက်လိုက်၏။ အားလုံး ကိုးရာ တိ။

ကိုယ့်ဟာကိုယ် ချက်ပြုတ်ဖို့ဆိုတာ လွယ်တာမှတ်လို့ အိုးခွက် န်းကန် ဆီဆား အချိုမှုန့် ဘာရှိလို့လဲ။ ပြီးတော့ ပြာတွေက မီးမှုတ် ိုက်ရင် ဖွားခနဲ ဖွေးခနဲ လွင့်တက်ကာ ချက်ပြုတ်ထားသမျှ အိုးတွေ ဲ မညီးတူးရှိုက်လို့။ ဘာဝဆိုင ... ဒါပါလားဟု အကျယ်ကြီး အော် ိုက်ချင်သည်။

"ဒါနဲ့ ညည်းတို့ မိဘတွေဆီ မပြန်ရဲကြတာလား ပြန်ဖို့ကို စိတ် ူးတာလား"

ဟု ဒေါ်လှသိက မေးခဲ့ဖူးတာကို သတိရမိ၏။ ဘယ်လိုဖြေရမှန်း သိခဲ့ပါ။

အခန်း (၁၀)

"ယူပါအဒေါ်ရယ် ဒါလေးက ဘာမှမဟုတ်သေးပါဘူး ကျွန်တော်က ဒီထက်မက ပေးချင်တာ"

တစ်ထောင်တန် ငါးရွက်ကို ဒေါ်လှသီက မယူရက်တဲ့ သူ့ဘက်ကို ပြန်တွန်းပို့၏။

"ပြန်ယူ ပြန်ယူ မင်းတို့က အိမ်ထောင်ဦး မိန်းကလေးလည်း ကိုယ့်ယောကျ်ားရှာဖွေလာတာကို ကိုင်သုံးချင်မှာပေါ့"

"မဟုတ်ပါဘူး လမင်းကပေးရာပါ အဒေါ်ရဲ့"

လမင်းလည်း နောက်ဖေးဘက်ကနေ ပတ်ထွက်လာသည်။

"အဒေါ်က မိဘလည်းဟုတ် ဆွေမျိုးလည်းဟုတ်တဲ့သူပါ သူ့လုပ်အားခ ဦးဦးဖျားဖျားလေးမို့ တမင်ကိုပေးတာ"

"သြော်ကွယ်"

"ဒါလူက ထော်လာဂျီမှုက်နေတာကို ပြင်လိုက်တာများ တကယ့်





ကျွင်းနှစ်ကျနေတာပဲ အမေရေ လျှော့မတွက်နဲ့နော် နေမင်းက လျှို့ဝှက်ထားတာ"

"ဟုတ်လား မင်း ဒီလို ကောင်းကောင်းပြင်တတ်ရင် တို့ရွာမှာ ...မ်းသာလို့ရပြီ"

ကောအစပ်မိကြီးရင်း နေမင်းကို ရွာထိပ်က ငါးပုံဆန်စက်လေးမှာ အလုပ်ပေးဖို့ထိ ဖြစ်သွားကြသည်။

"ပြောပါဦး မင်းက ဝပ်ရှော့မှာလုပ်ဖူးတာလား စက်ပြင်ဆရာလား အဲ ချော်ကုန်ပြီ အင်ဂျင်နီယာလားမေးတာ မင်းရုပ်က အရာရှိနဲ့ တူပါတယ်"

ကိုယ့်ကိုယ်ကိုယ်တောင် ဘာမှန်းမသိတော့ နေမင်း မဖြေနိုင်။ ဘေးကိတ်ကနေ ပြန်ဝင်လာတုန်း ရွာလယ်လမ်းမပေါ်မှာ ထော်လာဂျီ ပျက်နေတာတွေ့၍ သူပြင်ပေးလိုက်တာဖြစ်သည်။

ထိုပေါ်မှာပါသော ခရီးသည်တွေကော ဒရိုင်ဘာကော သူ့ကို ကျေးဇူးတင်သွားကြသည်။

"ကြည့်တာပဲကွာ ဘာဖြစ်သွားမှန်းကို မသိတာ ငါညီကူညီလို့ တော်သေးတာပေါ့ နို့မို့ဆို အနီးအနားမှာ ပြင်လို့ရတာ မဟုတ်ဘူး"

"ဟုတ်ပ ကျုပ်တို့တော့ သွားပြီမှတ်တာ လှည့်ပြန်လို့လည်း မဖြစ် ရှေ့မသွားနိုင်ရင် ဒုက္ခ"

ငါးထောင်ဆိုတာ တကယ်တော့ လက်ဖက်ရည်တိုး လောက်ရယ်ပါ။ တောရပ်ရွာမှာဆိုတော့ ဒီငွေကလည်း အဖိုးတန်နေသည်။ ဘာပဲဖြစ်ဖြစ် ကျေးတို့စက်နေရတာနှင့်စာလျှင် ဆန်စက်လေးမှာ အလုပ်ရလည်း

မဆိုးပါ။ လမင်းကတော့ ဝမ်းသာအားရဖြစ်သွားမိလျက်...

"သူက ဘာမှတော့ မဟုတ်ဘူး ဦးလှသိန်းရဲ့ ဒါပေမဲ့ ဟိုစပ်စပ် ဒီစပ်စပ်ပေါ့ သူ့..သူပြင်တတ်တယ် ဟုတ်တယ်နော်"

ပန်းချင်းတိုက်၍ စက်ကူတောင်းတော့ နေမင်း ယောင်နနှင့် ခေါင်းလိုက်ညိတ်သည်။

"အေးပေါ့ကွာ ဆန်စက်က မင်းဘာမှမလုပ်ရပါဘူး အနားမှာနေပေးရုံပဲ တစ်ခုခု စက်သံချို့ယွင်းသွားရင် ထကြည့် လိုအပ်တာ ပြောပေးပြီးပေး ဒါပါပဲ သူတို့မှာ စက်ဆရာ ကောင်းကောင်းမရှိဘူး"

"ဟုတ်ကဲ့ ကိုလှသိန်း ပြောပေးပါ ကျွန်တော် လုပ်ပါ့မယ်"

သူကိုယ်သူ ဘာမှန်းမသိပေမယ့် စက်ပစ္စည်းတွေကိုင်ဖို့တော့ စိတ်ထဲမှာ ယုံကြည်မှုရှိနေခဲ့၏။ 'ဒါ ငါနားလည်တယ်' ဟု အလိုလို တွက်မိနေသည်။

"မင်း ထမင်းစားပြီးပြီလား နေမင်း"

"ဟုတ်ကဲ့ ပြီးပြီ"

"သွားရအောင်"

နောက်ညဆို လှသိန်းထမင်း ချိုင့်ပြန်ယူလာတတ်ပြီး နေမင်းကတော့ ပြန်စားတာလည်းရှိသည်။ မစားဘဲနေလိုက်တာလည်း ရှိ၏။ ထမင်းချိုင့်နဲ့တော့ ဘယ်တော့မှ မသွားခဲ့ပါ။ ဒီနေ့တော့ ဟိုဘက်လမ်းမှာ ကြွက်တွင်းသစ်တွေ အများကြီးပဲဟု သိရသဖြင့် လှသိန်းကသွားမည်။ သူက ကျူးတို့နှိုးရင်း နေခဲ့ရသည်။

ထို့ကြောင့် အတူတူလမင်းပြန်စားရင်း ပြန်သွားကြမှာဖြစ်၏။





တော့ နေမင်းကျေနပ်သွားခဲ့သည်။

ပင်ပန်းလို့မဟုတ်ပေမယ့် ကြွက်ထောင်တဲ့နောက်လိုက်ရှုတာ သူဘယ်လိုမှ စိတ်မပါပေ။ အထူးသဖြင့် ယောကျ်ားချင်း အတူ ကိုယ်က ဝေလေလေ ဖြစ်နေရတာကို တစ်ချို့မှ မတော်မချွန်သော။

ကိုယ့်မင်းကိုယ့်ချင်းလုပ်ရအောင်က ဒီနေရာ ဒီလေလာကို သူမသိ။ အမ်းကျင်နေတာနှင့် ဘာမှထိတွေ့မှုမရ။

ပိုဆိုးသည်က သူဘာလုပ်တတ်သည် ဘာလုပ်ချင်သည်ဆိုတာ ကိုယ်တိုင်မရေရာခဲ့ခြင်းပင်။ ခုတော့ သူ့အတွက် စိတ်ချမ်းမြေ့ ဖြစ်ခဲ့ပြီ။ အားလုံး ရယ်ရယ်မောမော ဖြစ်နေခဲ့ကြ၏။

"မင်း မိန်းမချက်ပြုတ်ထားတာတွေ အစပ်အဟပ်တည့်ရဲ့လား များ ကြိုးစားချက်ရှာပါတယ် ပန်းမွှင့်ကြော်နဲ့ မှိုချဉ်ဟင်းလေ ဟင်းရဲ့လား"

ဒေါ်လှသီက လှမ်းနောက်နေသေးသည်။

"ကောင်းတယ်အဒေါ် ဆွေမျိုးတောင်မေ့သွားတယ်"

နေမင်းက လှည့်ပြောပြီး လမင်းပုခုံးလေးကို ဖက်လိုက်၏။

"ဘာလဲ ပျော်တာလား"

လမင်းက သူ့လက်ကိုဖယ်ချပစ်လိုက်ပြီး မျက်နှာတင်းတင်းနှင့် ကြည့်၏။

"ရှင့်ကို စားနိုင်ရဲ့လားလို့ လမင်းမေးတာပဲ ရှင်ပဲ"

"ဟော်..ကဲ ဘယ်သူက မစားနိုင်ဘူး ပြောလို့လည်း၊ မှိုချဉ်ဟင်းကလည်း ချဉ်စုတ်နေတာပဲလို့လည်း မပြောမိပါဘူး ပန်းမွှင့်

ကြော်က နှင်းစော်နံနေတာကော ပြောမိလို့လား"

"ရှင်နော် ကဲ..ကဲ အဲဒါပြောဦး"

ကိုယ့်တဲလေးရေ့ ပြန်ရောက်တော့မှ လွတ်လွတ်လပ်လပ် ရန်ဖြစ်ရတော့သည်။ နေမင်းက လမင်းလက်သီးဆုပ်လေးတွေကို ဖမ်းဆုပ်ထားပြီး ရယ်နေသည်။

"ကြည့်ပါဦးကွာ ဒီမှာ အိုးမည်းတွေနဲ့"

"ဟင် ဘယ်မှာလဲ"

"နားထင်နားမှာ"

လမင်း ဟိုစမ်းဒီစမ်းနှင့် သူဖျက်ပေးတာကိုပဲ ငြိမ်နေလိုက်ရသည်။

"ဒီမှာကော"

နေမင်းက ပါးပြင်လေးတစ်ဖက်ကို လက်မနဲ့ ဖွဖွလေးပွတ်သည်။

"ဖျက်အောင် ဖျက်ပေးလေ ဘာလို့ ဖွဖွလေးလုပ်နေတာလဲ"

"မင်း ပါးတွေရဲသွားမှာပေါ့"

လမင်းက မျက်စောင်းရွယ်၏။ မျက်နှာချင်း နီးနီးကလေးကျမှ မထိုးဖြစ်တဲ့ ရီဝေရွှန်းလက်နေသော သူမျက်ဝန်းတွေကြောင့် လူက ကတိမ်းကပါးဖြစ်သွား၏။

နေမင်းက ပါးပြင်လေးကို ပွတ်သပ်ရင်း မျက်နှာလေးကို မော့ယူလိုက်သည်။ လမင်း ရှက်ရှက်နှင့် မျက်နှာကို လွှဲပစ်လိုက်တော့ သူက ပြန်လှည့်ယူကာ...

"နှုတ်ခမ်းမှာလည်း ပေနေတယ်"





"အို... ပေပါစေ... ဟင့်အင်း"

"ဖျက်ပေးမယ်"

"မလုပ်နဲ့တော့ နေမင်း ရှင်"

မျက်လုံးထဲမှာကော ခေါင်းထဲမှာကော ပြိုးပြက်လက်ကုန်၏။ အချစ်သည် ဆွဲအားတစ်ခုလိုဆွဲလျှင် သူနဲ့လမင်းမှာ အချစ်ရှိနေခဲ့သလား။

အချစ်ဆိုတာလည်း ဘာမှန်းမသိဘဲနှင့် လမင်းကို သူတင်းကျပ်စွာပွေ့ဖက်ထားလျက် အတန်ကြာ ငြိမ်သက်နေခဲ့၏။

ပြီးတော့ ဆံစတို့ကိုပွတ်သပ်ဆွဲဖွကာ မျက်နှာတိုးတိုက်၍ နမ်းသည်။ အတန်ကြာမှ ဖက်ထားသည့်လက်တို့ကို ဖွဖွလေး ဖြေချပေး၏။ ပြောသွားပါသေးသည်။

"စိတ်မဆိုးနဲ့နော်"တဲ့။

ပြောလိုက်တော့မှ စိတ်ဆိုးချင်သည်။ ဒါပေမဲ့ သူ့ကိုလည်း မော့မကြည့်ရဲ ဘာစကားမှလည်း ပြောမထွက်ခဲ့ဘဲ သူလှည့်ထွက်သွားတော့မှ တဲကလေးအစွန်မှာ ထိုင်လိုက်မိသည်။ ပါးပြင်လေးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း လက်တို့က လည်တိုင်နုနုသို့ရောက်သည်။ မွှေးမံနေဆဲ အနမ်းများမှလွဲ၍ လမင်း ဘာကိုမှ သတိမရ။

နောက်ထပ် အနာဂတ်တစ်ခုမှာ ဒီအဖြစ်တွေကို ထပ်မံရဖို့တွေ ဖြစ်ခဲ့ရင်တောင် အနမ်းများကိုတော့ သတိရနေပါရစေ....

## အခန်း (၁၁)

အချိန်အခါမဟုတ်တော့တဲ့ မိုးကကောင်းနေသည်။ တော်ပြ
မိုးစုပ်စုပ်ချုပ်တော့မည့် လူ့အိမ်းနဲ့ နေမင်းရောက်မလာကြသေ

"ပွဲမနေ့နဲ့ လမင်း သူတို့ဆန်စက်ကို ဝင်ကြဦးမယ်လို့ ပြော
တယ် စကားစပြည့်ပြောရင်း မိုးရွာလို့ ထွက်မလာကြတာ ဖြစ်မှ

ဒေါ်လှသီက အိမ်ပေါ်ကနေ လှမ်းပြောသည်။ တဲလေးဝ
ကုပ်ကုပ်လေးထိုင်ရင်း လမင်းကြောက်လာ၏။ သူဒီလို မိုးချုပ်အေ
မနေခဲ့ဘူးသဖြင့် ညဘက်တဲလေးထဲမှာ တစ်ပေမီးချောင်း၊လေ
တစ်ယောက်တည်းနေရသည့်အဖြစ်ကိုလည်း မကြုံခဲ့ဘူးပေ။

မိုးက တအားသည်းနေတာ မဟုတ်ပေမယ့် တဖျောဖျော
မစဲတဲ့ ဖြစ်နေသည်။ ဒေါ်လှသီကလည်း ငွေတိုးချေးစားသူမို့ ညတ
ရှစ်နာရီလောက်ကျမှ အိမ်ပြန်ကပ်တဲ့သူ တဲတဲမှာ သူလာမှ စားကြ





ချွေးထားတဲ့ ဟင်းတွေလည်း ရေခဲသေတ္တာကို ဝိနိဒေါ် နေကြပြီ လေပါလာ
သဖြင့် ဓနထားသည့် ဝေရံတံခါးလေးက တချပ်ချပ်မြည်၍ လှုပ်ရှား
နေသည်။ ပြန်လာပါတော့ နေမင်းရယ်....

ဘက်သရီမီးက လေကြောင့် ဘယ်လိုလွတ်လွတ်နေသည်မသိ
ဘဲ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသေးသည်။

မီးရောင်လေးမှလွဲ၍ တဲအပြင်မှာ ပိန်းပိတ်အောင်မှောင်နေသည်။
လမင်းမျက်ရည်တွေ ပြည့်တက်လာသည်။ ခြောက်သွေ့လာသော
လည်ချောင်းကို တံတွေးမျိုချ၍ ဘယ်လိုပဲအားတင်းနေနေ မျက်ရည်
စက်တို့က ပြိုဆင်းလာကြ၏။

"လမင်း"

နေမင်း ခေါ်သံကြောင့် လမင်းပိုက်ထားတဲ့လက်ကလေးတွေ
ဖျတ်ခနဲပြေ၏။

"နေမင်း"

"လမင်း မဆာနေဦးနော်"

တံခါးရှေ့ရောက်ပြီးမှ အသံပြန်ပျောက်သွား၏။ လှသိန်းနဲ့ အိမ်ရှေ့
ကို ပြန်လိုက်သွားပုံရကာ ဆယ်မိနစ်လောက်ကြာမှ တံခါးကို သူဘာ
သာ ဖွင့်၍ အထဲကို ငုံ့ကြည့်၏။ တစ်ကိုယ်လုံး မိုးရေတွေ ရွှဲနစ်လျှက်...

"နေမင်း ရှင် မိုးတွေစိုလာတယ်"

"အင်း ထီးပါကြတာမှ မဟုတ်တာ မိုးတိတ်အောင် သူတို့က
စောင့်မလို့မင်းကို ငါစိတ်မချလို့ ဒီတိုင်းထွက်လာတာ ဝုဆိုးတောမင်းငါ"

"အပေါ်တက်လေ အပြင်မှာ ထပ်စိုမှာပေါ့"

"နည်းနည်းပါးပါး စိုပါစေကွာ အပေါ်မှာ စိုကုန်မှ အိပ်စရာ ဖြစ်မှာ ပေးပါ"

အပြင်မှာ တံစက်မြိတ်အစွန်းပဲ အမိုးရှိသည် ရေစိုလဲလည်း ထ မှာပဲဖြစ်၏။ လမင်းက ပုဆိုးကိုကိုင်ထားလျက် ရေ့ကို မတိုးဘဲ

"ရှင် တက်ခဲ့ပါ လမင်းလိုက်သုတ်ပါ့မယ်"

"ပြီးရောကွာ"

နေမင်း တဲလေးပေါ် တက်လာသည်။ သူ့ပုဆိုးလဲတုန်း လမင်း ခြေသုတ်ဝတ်ကလေးနှင့် ကြမ်းခင်းတွေကို လျှောက်သုတ်၏။

"ချမ်းလိုက်တာ"

သူ့ဟာသူ ပြောသလိုညည်း၍ နောက်ထပ်ရှပ်အင်္ကျီတစ်ထ ထပ်ဝတ်နေသော နေမင်းကို လမင်းက မော့ကြည့်၍ တဘက် လေး ဆွဲယူသည်။

"ခေါင်းတွေရေသုတ်လိုက်လေ ရော့ ပြီးတော့ စောင် စောင်ခြုံ လိုက်ဦး"

နေမင်းက စောင်ကိုဆွဲယူပြီး တစ်ချက်နှစ်ချက် လျှောက်ပွတ် သူမပခုံးပေါ် ပြန်တင်လိုက်၏။

"အို ပြောင်အောင် သုတ်မှပေါ့ ချမ်းတယ်ဆိုပြီးတော့လည်း"

"ရပြီ"

နေမင်းက နှစ်ထည်တည်းသော ဂွမ်းစောင်အသစ်လေးတွေ





နှစ်ထည်လုံး ထပ်ခြုံပြီး အိပ်ရာထဲမှာ ထိုင်ရလိုက်၏။

"ရှင် ထမင်းစားလေ"

"မင်းကော"

"မစားချင်ဘူး"

"ငါလည်း မစားတော့ဘူး"

ထမင်း ဟင်းအေးစက်နေတာကို မစားတတ်တာလည်း နှစ်ယောက်လုံး တူနေသည်။ ဒါပေမဲ့ ကိုယ်က အိမ်မှာထိုင်နေရသည့်လူ သူက တစ်နေကုန် လှုပ်ရှားနေရတာမို့ ဆာနေမှာပါ။ စားပါလို့ တိုက်တွန်းဖို့လည်း ဟန်ကမကောင်း။

ငါးကျတော့ ပင်လယ်ငါးတွေက များသည် အသားကင် ငါးကင် မစားတတ်ကြဘဲ အစိမ်းချက်တော့လည်း ညှီတာကို မခံနိုင်ကြ။

ဝက်သား အမဲသားမစားကြဖို့လည်း မတိုင်ပင်ရဘဲနှင့် ခေါင်းခါကြပြီး ဖြစ်ကြသည်။ အသားငါးဆို မွှေးကြိုင်လတ်ဆတ်၍ စားချင်စဖွယ်ဖြစ်အောင်လည်း လမင်းက မချက်တတ်သောကြောင့် တစ်နေ့တစ်နေ့ ဟင်းအိုးထဲမှာ ဟင်းသီးဟင်းရွက်တွေချည်း ကြော်လိုက် ချက်လိုက်နှင့် ငြီးငွေ့လို့မရ။ ကြိုက်လှတယ်တော့ မဟုတ်ပါ။

ဒါပေမဲ့ ဟင်းသီးဟင်းရွက်ကိုတော့ မျိုချလို့ရသည်မို့ ဒါပဲချက်နေခြင်းကို နေမင်းကလည်း မစားချင်ဘူးဟု ဘယ်တော့မှ မပြောပေ။

"ဘာချက်တာလဲ"

ဒါပဲတွေးနေတုန်း နေမင်းမေးလိုက်တော့ လမင်းလန့်သွားသည်။

"မနက်က ဟာပဲလေ ပြန်နွေးမလို့ဥစ္စာ နေ့လည်ကတည်းက မိုးကရွာနေတော့ အပြင်ထွက်ဝယ်ဖို့မှ မဖြစ်တာ"

"အင်း"

သူက ခေါင်းညိတ်၍ စောင်ကို ဆွဲခြုံလိုက်သည်။

"ဟင်းသီးဟင်းရွက်တွေကို ထပ်နွှေးတော့လည်း ဘယ်ကောင်းမှာလဲ"

ဟုပြော၍ ခေါင်းရင်းတစ်ဘက်ထောင့်မှာ ကပ်ထားသည့် အိုးခွက်တွေကို လှမ်းကြည့်သည်။

"ရှင် ဆာနေမှာပဲ လမင်း ဘာလုပ်ပေးရမလဲဟင်"

မီးရောင်အောက်က လမင်းမျက်နှာလေးကို သူက လှမ်းကြည့်၏။ ပြီးတော့ ပြုံးလိုက်ပြီး...

"ဘာလုပ်ပေးချင်လို့လဲ"

ဟုမေးသည်။ လမင်းက မျက်နှာလေးတည်သွားကာ...

"မလုပ်ပေးတတ်လို့ပေါ့ ရှင်ခုနက အခေါ်တို့ဆီ သွားတာ ဘာလုပ်တာလဲ ဦးလှသိန်း မပါဘူးဆို"

"အင်း ဒီည ကိုလှသိန်း ပြန်မအိပ်ဘူးတဲ့ အဲဒါနဲ့ သူ့ထမင်းချိုင့်တွေနဲ့ ကြွက်ထောင်တွေ ပြန်သယ်လာပေးရတာ"

"ကြွက်ထောင် ရှင်လိုက်သွားတာလား"

"ဒီနေ့လိုက်သွားတယ် စိတ်ပျက်စရာကြီးကွာ စိုစိုစွတ်စွတ်နဲ့ ကြွက်ကြီးတွေက အကြီးကြီး တချို့ကောင်ကြီးတွေက မိပြီးမှ ထွက်





ပြေးတာ ကြွက်ထောင်လည်း ပါသွားရော"

"ဟုတ်တယ်"

"အင်း"

နေမင်းက ရွှံ့မဲ့၍ ခေါင်းညိတ်၏။ ထိုစဉ်က ဆံပင်များတချို့မှ ရေစက်တွေ လွင့်ကျလာ၏။ အသန့်အပြန့် ကြိုက်လိုက်တာလည်း ...အပြင်မရှိ။

စောင်တို့လည်း အသစ်ဝယ်လိုက်တော့မှ ခြုံသည်။ အကျီသုံး ...ည်ပဲ ရှိပေမယ့် တစ်နေကုန်အလုပ်လုပ်နေရသော်လည်း သူကိုယ် ...ာ နံစော်နေတာမျိုး မရှိခဲ့ဘူးပေ။

အပြင်က ပြန်လာတိုင်းလည်း လမင်းလက်ဖျားလေးတွေကို ...မှတ်တမဲ့ကြည့်တာလည်း ရှိ၏။ ဆွဲကိုင်ကြည့်တာလည်း ရှိသည်။

"ညစ်ပတ်နေတာပဲကွာ သွားဆေးပါဦး"

ဆိုတာမျိုးက ခဏ ခဏ...ပြီးတော့ ဒီနေ့ထိ နေမင်းက ထမင်းကို ...နှုန်းနဲ့ပဲစားသည်။

နှစ်လုတ်သုံးလုတ်မျှ ချပြီးရေသောက် ဒါနဲ့ပဲ ထမင်းစားခြင်းပြီး ...သည်။ လမင်းလည်း မျိုမကျပေ။ သူမစားနိုင်တာကို ကြည့်၍လည်း ...၍ စားမရတာဖြစ်သည်။ နှစ်ယောက်မှာ ထမင်းနဲ့ဟင်း ဘယ်လောက် ...ဲ လျှော့ချက်ချက် ကုန်တဲ့နေ့မရှိ။

ရွာကမလေး ရွာသူရွာသားတို့၏ စရိုက်မျိုး သူ့တို့မှာ အစကလည်း ...ရှိ ဘယ်လိုမှလည်း ကြိုးစားလို့ မရနိုင်ဘဲ ဖြစ်နေကြ၏။

"နောက်နေ့ကစပြီး မင်းဆရာကတော်ဖြစ်ပြီ အစုပြောခဲ့တယ် သိလား၊ လစာအတွက် သုံးလစာထိ ကြိုယူထားလို့ရတယ်တဲ့ မင်း ဝယ်ခြမ်းချင်တာရှိရင် ယူမလား"

နေမင်းက စကားပြန်စသည်။ လမင်းက ခေါင်းခါ၍ သူ့ခေါင်း ကျနေတဲ့ ရေစက်တွေကိုပဲ စိတ်ကရောက်နေသည်။

"လိုချင်ယူထားလေ အိုးခွက်ပန်းကန် ထပ်လိုချင်ဝယ်ပေါ့ မင်း အဝတ်အစားလည်း မရှိဘဲနဲ့"

"ဘယ်မှာဝယ်ရမှာလဲ ဝယ်ပြီးတော့ရော ဘာလုပ်ရမှာလဲ ဘာ လည်း ထူးမှာမဟုတ်ဘဲနဲ့"

"ဟုတ်တယ်"

နေမင်းက ခေါင်းညိတ်၍...

"မင်း မြို့မှာနေချင်မှာပဲ ငါကြိုးစားပါ့မယ်"

ဟု ခပ်တိုတိုပြောသည်။ လမင်းက တန်းပေါ်တင်ထားသည့် တဘက်ကို ဖြန်ဆွဲချလိုက်ပြီး သူ့လက်ပေါ် တင်ပေး၏။

"ရေတွေသုတ်လိုက်ပါဦး ရှင်အအေးပတ်လိမ့်မယ်"

"နေပါစေတော့ကွာ ဘာမှမဖြစ်ဘူး"

ဟုပြောရင်း နှာချေလေသည်။ လမင်းက သူ့ဘေးမှာ ဒူးထောက် လေးရပ်ပြီး ကိုယ်တိုင်ပဲ သုတ်ပေးတော့၏။ ဒီလိုကျတော့လည်း သူ မငြင်းနိုင်ဘဲ ငြိမ်နေသည်။

"လမင်း"





"ဟင်"

"မင်းမှာ အိမ်ထောင်ရှိခဲ့ဖူးတယ်လို့ ထင်လား"

မဆီမဆိုင်စမေးသည်။ လမင်း လက်ကလေးတွေ တုံ့ကနဲ ရပ်သွားပြီးမှ ထပ်လှုပ်ရှားကာ...

"ဘယ်သိမလဲ ရှင်ကော ကိုယ့်ကိုယ်ကိုယ် သိလို့လား"

"မသိဘူး ဒါပေမဲ့ မရှိခဲ့ဘူးလို့ထင်တယ်"

"ရှိရှိ မရှိရှိ ဘာလုပ်ဖို့လဲ"

နေမင်းက ခေါင်းကို ဘေးသို့တိမ်းပစ်လိုက်ပြီး လမင်းလက်ကလေး တစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်၏။

"မင်းနဲ့ ကိုယ်တကယ်ညားသွားရင် ဘယ်လိုလုပ်မလဲ"

"ဟာ မဆိုင်တာတွေ"

လမင်း ရှက်ကိုးရှက်ကန်းလေးဖြစ်ကာ လက်ကို ပြန်ရုန်းသည်။ ဒို့စဉ်မှာ မိုးတွေအော်ကြီးဟစ်ကျယ် ဖြစ်လာ၏။

ဘက်ထရီမီးရောင်က မှေးကျသွားလိုက် လင်းလာလိုက်နှင့် မှိတ် တုတ်မလိုလိုဖြစ်သွားသေးသည်။

တဖျတ်ဖျတ် အရောင်ပြောင်းနေသော လမင်းမျက်နှာလေးက နှုတ်ခမ်းပေါ်မှာ ဝဲကျနေသည့် ဆံနွယ်လေးတွေကြောင့် မရှိမရှိနှင့် လှချင် တိုင်းလှနေသည်။

နေမင်းက ကော့စင်းနေသည့် နှာတံထိပ်ဖျားလေးနှင့် နှုတ်ခမ်း သွားလေးတွေကို တစိမ့်စိမ့်ငေးလျက်...,

"မင်းကို ငါချစ်တယ်"

ငါမင်း ကြွက်ငါးတွေထသွားသည်။ အခြေအနေ အချိန်အခါ
တွန်းအားကို သတိရကာ သွေးနားကစွာပို့ ကြိုးစားတော့ ဝေါ်ခနဲ
ပြင်းတစ်ချက်မှာ မီးရောင်က ဖျတ်ခနဲ မှောင်ကျသွားၿ၏။

"အို"

လမင်း ဘစ်ကိုယ်လုံး သွေးရင်ခွင်ထဲရောက်သွား၏။ ရင်ခုန်သံ
သည် မြားနှ တ်မောင်၏ အလိုအတိုင်း စည်းချက်ညီညီ ကခုန်နေ
သည်။ လျှပ်ရောင်တွေ ဝင်းလက်လာသည်။

တစ်ကုညနေစင်းလုံး ပျင်းရိပျင်းရွှဲ စွေနေသော မိုးက ငိုက်ပြည်း
အားရသွ ပြီထင်၏။ တအုန်းအုန်း တဒိုင်းဒိုင်း အော်ရလာ၏။

လမင်းသည် နွေးနေသော ရင်ခွင်ထဲမှာ အရျစ်၏ ချော့သိပ်ခြင်း
ဖြင့်.....





## အခန်း (၁၂)

အလုပ်ရပြီဆိုမှ ညက မိုးမိပြီး နေမင်း ဖျားခဲ့သည်။ လူလိုနေ
သည့် ဆန်စက်ပိုင်ရှင်က ကိုယ်တိုင်လာကြည့်ပြီး လူမမာစာတွေကော
တစ်လစာငွေကိုပါ ပေးသွားခဲ့သည်။

"လိုချင် ထပ်ထုတ်လို့ရတယ်နော် သုံးလစာထိ ဦးလေးကြို့ပေး
နိုင်တယ် နေကောင်းတာနဲ့ ဝါ့တူအလုပ်ဆင်းလို့ရပြီ"

ဆန်စက်ပိုင်ရှင်ပြန်သွားပော့ ဒေါ်လှသီက ကြက်သားဆန်ပြုတ်
လာပို့ပေးရင်း...

"ပညာများ ဘယ်လောက်တန်ဖိုးကြီးသလဲနော် အဲဒီဆန်စက်
ပိုင်ရှင်က သိပ်မာနကြီးတဲ့သူဌေး ဒီရွာမှာ သူက အချမ်းသာဆုံးလေ
အဲဒါ မင်းကိုကျမှ အားကိုးတကြီးဖြစ်နေတာ"

ဝမ်းသာကျေနပ်သံနှင့် ပြောနေသည်။ ဒေါ်လှသီ ပြန်သွားတော့
ဆန်စက်ပိုင်ရှင်လာပို့သွား သည့် ကိတ်မုန့်ကို နှစ်ချပ်လှီး၍ တစ်ယောက်
တစ်ချပ် စားကြသည်။

"တံခါးပိတ်လိုက်ကွာ"

"ဘာဖြစ်လို့လဲ"

"ကိုယ်လွတ်လွတ်လပ်လပ်နေချင်လို့"

တံခါးပိတ်ပေးလိုက်တော့ လမင်းကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်ပြီး နှုတ်ခမ်းလေးတွေကိုနမ်းသည်။

"လမင်း"

"ဟင်"

"ကိုယ့်ကို ဒီလက်စွပ်ချွတ်ပေးစမ်းပါ"

လမင်းကို ဖက်ထားရင်း သူ့လက်ကို ဖြန့်ပေးသည်။

"ဘာလုပ်ဖို့လဲ နေမင်း"

ရင်းနှီးလာကြတော့ လမင်းကလည်း သူ့ကို နေမင်းလို့ပဲ ခေါ်ဖြစ်တော့သည်။ သူကလည်း ဇါလို့ မသုံးတော့ဘဲ ကိုယ်ဖြစ်လာ၏။ ပြီးတော့ သူသည် လမင်းကို မြတ်မြတ်နိုးနိုး ချစ်တတ်နေတာလည်း သိသာနေလျက်...

"မင်းနဲ့ ကိုယ် လက်စွပ်ချင်း လဲဝတ်ထားကြရအောင်"

သူပြောတာကို လမင်းသဘောပေါက်သွားသည်။ နှစ်ယောက်လုံးက ကိုယ့်ဘဝကိုမှ သတိမရနိုင်ကြတာ ဝေဒနာသည်တွေ၊ ဒီအဖြစ်ကို မေ့ထားလိုက်ချင်သည်။

ဆုမတောင်းကောင်းပေမယ့် ဒီလိုပဲ ဆက်မေ့သွားချင်မိသည်။ သူကတော့ ဒီလိုမဟုတ်ခဲ့ပါ။

"ကိုယ့်ဒီဘဝမျိုးက လာတာမဟုတ်ဘူးထင်တယ် ဒါပေမဲ့ မင်းနဲ့ အတူနေခွင့်ရတာ ဒီဘဝမှာ ကိုယ်ပျော်ပါတယ် ဒါပေမဲ့ မရောင့်ရဲနိုင်





ဘူး"

ဒါပေမဲ့များနှင့် သူ့စကားက ခုချက်ချင်းပဲ ခွဲခွာတော့မလိုလို။ မြန်မာ ရာဇဝင်တွေထဲက ရှင်ဘုရင်တွေလို လက်စွပ်ပေးခဲ့ပြီး တိုင်းပြည်ကို ပြန်တော့မည့် မင်းတစ်ပါးလို သူ့မျက်နှာက ခန့်ညားတည်ငြိမ်နေသည်။

"ကိုယ်တို့ ဘယ်လောက်ဝေးသွားသွား ဘယ်ရောက်နေနေ မမေ့ကြေး"

လမင်းမျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။

"မငိုနဲ့ကွာ"

သူကလမင်းကို ခပ်တင်းတင်း ပွေ့ဖက်လျက် ချော့သည်။ ကိုယ့်ဘက်က သေချာတယ် လမင်း။ ခုလည်း ကိုယ့်ဘဝကို ကိုယ်သိရဖို့ ကြိုးစားမယ် နောက်လည်း ကိုယ်နဲ့ ပတ်သက်တာအားလုံး ကိုယ့်ရင်ဘတ်ထဲကနေ ဘယ်မှ ရောက်သွားမှာမဟုတ်ဘူး မင်း မမေ့ဖို့ပဲလိုတာ"

"ရှင် အဲဒီလို သေချာမနေပါနဲ့ လမင်းက မိန်းမသား ရှင်မေ့မေ့ မမေ့မေ့ လမင်းက..."

လမင်းရှိုက်ငိုရင်း သူ့ရင်ခွင်ထဲ တိုးဝင်မိသည်။ သံယောဇဉ်ဟာ ငြိတွယ်လေလေ ပူလောင်လေလေပါလား။

သူနဲ့ကိုယ် ဘဝချင်းပေါင်းစပ်ခဲ့ကြပြီးမှ လမင်းကတော့ အားလုံးကို ဥပေက္ခာပြုထားလိုက်နိုင်သည်။ မေ့မယ်ဆိုလည်း တစ်သက်လုံး မေ့နေပါစေတော့။

သူ့တစ်မျက်နှာတည်းနှင့် ကိုယ့်တစ်ဘဝလုံးကို လဲပစ်ရဲသည့် သတ္တိတွေ ရှိခဲ့၏။ သူကတော့ ဘာကိုမှ မေ့မထားလိုက်နိုင်ဘူးဟု ဖွင့်

မှာနိုးတယ် အလိုမကျဖြစ်မှာကြောက်တယ်"

"နေမင်းရယ်"

လမင်းခေါင်းလေးမှိုကျလာတော့ သူက ပခုံးလေးကို ဖွဖွဖက်၏။ ထိုနေ့မှာ နှစ်ယောက်သား လွှမ်းစရာတွေ ပြောမိတော့ မှိုင်ကျသွားခဲ့ပြီး ရယ်စရာတွေပြောကြရင်း တွန်းထိုးရယ်မိကြတာတွေလည်းရှိ၏။

မှျစ်ချဉ်တစ်ခွက်ကို တော်တော်နဲ့ မဖြစ်မြောက်ကြပါ။ နေမင်းက မှျစ်ချဉ်တွေကို အပြားကြီးတယ်ဟုပြော၍ စားနဲ့တပ်စိပ်သည်။

"ဝက်နံရိုးနဲ့ချက်ရင် ပိုကောင်းတယ်တဲ့ ကြားဖူးလား"

"မသိဘူးလေ ရှင် ချက်တတ်လို့လား"

"ဟင့်အင်း"

"စားချင်လို့လား"

"ဟင့်အင်း"

"ဘာလို့ပြောတာလဲ"

"သိဘူးလေ"

"စားချင်တယ်ဆိုပြော ခုသွားသတ်ပြီး နံရိုးယူလာခဲ့မယ်"

မီးဖိုပေါ် ထမင်းအိုးလေးတင်ပြီး လမင်းက ခပ်ရွှံ့ရွှံ့ပြော၏။ နေမင်းက ဟက်ဟက်ပက်ပက် ရယ်ကာ…

"တကယ်လား ရော့ သွားသတ်ပေး"

ကြက်သွန်လှီး ဓားပါးလေးချပေး၍ မချိုမချဉ် ကြည့်သည်။

"ဓားက သေးတယ် မရဘူး"

"မသိဘူးကွာ စားချင်တယ် ပြောပြီးစလစ်ပဲ"





"နေမင်းနော် ဒီမှာ စိးနိုးရတဲ့အထဲ"

လမင်း နှုတ်ခမ်းလေးစူပွပွနှင့် လှည့်ရန်တွေ့၏။

"ဟာ မေးဖျားမှာ အိုးမည်းတွေ ဒီကိုလာ"

"မလာဘူး သွား"

"ဖျက်ပေးမလို့ကွာ လာပါဆို"

"ကြည့်ပါလား…ကဲ"

လမင်းက ယောင်းမနှင့် လှည့်ရိုက်တော့ သူကယောင်းမကို ဖယ်ပစ်ကာ လူကို ဆွဲဖက်လိုက်၏။

ထိုအခါ ဆောင့်ကြောင့်လေးထိုင်နေသည့် လမင်းတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ဝုန်းခနဲ ပစ်ကျကာ လှီးလက်စနှင့် မှျစ်ချဉ်တွေထည့်ထားသော ဇလုံက မှောက်လေသည်။

"နေမင်း ဘယ်လိုဖြစ်နေတာလဲ ဟိုမှာ မှောက်ကုန်ပြီ"

"မှောက်မှောက်ကွာ"

လမင်းကို သူ့နှုတ်အတင်းနမ်းသည်။

အချစ်သည် အချိန်တိုင်းမှာ ရင်ခုန်သံတွေ မစဲတတ်ဘဲ ရှိသည်မို့ မှျစ်ချဉ်ဖတ်တွေကို ကြမ်းပေါ်ကနေ ပြန်ကောက်၍ လွှင့်ပစ်ရတော့သည်။

လမင်း သူ့ကို ပြန်ချစ်မိတာကလည်း ကြည်ဖြူဖြတ်နိုးစွာနှင့်သာ… မစားကောင်းတဲ့အသီးဆိုတာ ဘာလဲ…၊ သူနဲ့ လမင်းဟာ ဘာမှန်းမသိ ကြတဲ့နှင့် ညားကြလေသတည်းဆိုသော အဆုံးမှာ…

အခန်း (၁၃)

“မိုးချုပ်တော့မယ် လမင်းဘယ်လဲ”

“ဒီနားပဲအခေါ် လမ်းလျှောက်ရင်း နေမင်းကိုလည်းစောင့်မလို့”

“အေး..အေး ချောင်းညာကို မ ဘွားနဲ့နော် လူပြတ်တယ်”

“ဟုတ်ကဲ့”

ခေါ်လှသီကလည်း ကြွေးတော ငင်းထွက်သည်။ လမင်းလည်း ရွာ၏ တောင်ဘက်လမ်းကလေးအဝ း ထွက်လာခဲ့၏။ မြို့နဲ့ တော ၏ မြင်ကွင်းကတော့ အများကြီးကွာ ခြားပါသည်။

တော၏ သာယာလှပမှုက ဘယ်ကိုလှမ်းကြည့်ကြည့် စိမ်းမြည့်ေမောင်ကာ စိတ်ကိုကြည်နူးမှုတွေပဲ ဖြစ်စေခဲ့သည်။

ရွာကိုတောင်ပိုင်း မြောက်ပိုင်းနဲ့ ခြားထားသလို ဖြစ်နေသည့် မိုး ပြတ်ချုံနွယ်တို့နှင့် တောလမ်းကလေးကို ဖြတ်ခဲ့ရင် မီးခိုးငွေ့ငွေ့ ထွက် နေသည့် ငါးပုံစက်ဟုခေါ်သော ဆန် က်လေးဆီသို့ လှမ်းကြည့်မိ၏။

ဘာလိုလို့နှင့် နေမင်းနှင့် လမင်းဆိုသော ဘဝနှစ်ခုဟာ အမြင်မှာ တော့ ရှေ့နောက်သံသရာလည်ရင်း မဆုံဆည်းကြဘဲ ရှိလိမ့်မည်။





သူမတို့ကတော့ လက်ထပ်ပေါင်းဖက်ခဲ့ကြပါပြီ။ နေမင်းဟာ ဟို ုန်းကဆို ခပ်ပြတ်ပြတ် ဖြတ်ဆတ်ဆတ်နှင့် သူ့ကိုယ်သူမှလွဲ၍ ာကိုမှ ဂရုမစိုက်တတ်သည့် လူတစ်ယောက်လို၊ ခုတော့လည်း ာမင်းကို အလိုလိုက်တယ် ယုယတတ်သည်။

သူ့စိတ်ရှုး သူ့အစီအစဉ်တွေအားလုံးဟာ လမင်းအတွက်ပဲ ဖြစ်နေခဲ့၏။ အမွေးဖွားကလေးတွေပွင့်လျက် ရှည်မျှောမျှော ငိုက်ကျ နေသည့် စိမ်းတချို့ ခြောက်တချို့ ချုံပုတ်ဖျားဆီမှ ပန်းရိုးလေး တစ်ခိုင်ကို ဖြတ်ယူလိုက်သည်။

လက်ထဲမှာဆော့ရင်း ပန်းကိုမမြင်ဘဲ သူ့မျက်နှာကိုမြင်၍ ပြုံးလိုက် ည်။

“ရှင့်ကို လမင်းသိပ်ချစ်တာပဲ နေမင်း သိလား”

စိတ်ထဲမှာ ပြောမိတာဖြစ်ပေမယ့် ခစ်ခနဲ ရယ်သံလေး ထွက် းခဲ့ကာ တစ်ယောက်တည်းရှိနေသည်ဟု ထင်မှတ်ခဲ့သောကြောင့်...

“ဟား..ဟား..ဟား လှတယ်ကွာ”

ရယ်သံတွေနှင့်အတူ လူတွေက ရှေ့ကို ချက်ချင်းရောက်လာကြ ခြင့် လမင်းလန့်ဖျပ်၍ နောက်ဆုတ်လိုက်မိသည်။

သူမရှေ့လမ်းကနေ လျှောက်လာကြတာ မဟုတ်ဘဲ ချုံနွယ်တွေ သင်ခဲ့သည့် အပင်ကြို အပင်ကြားကနေ တိုးဝှေ့ထွက်လာကြခြင်း သည်။

သူတို့ ဘာလုပ်နေကြမှန်းတော့မသိ။ ဒါပေမဲ့ သူတို့ထံမှ အရက် ထောင်းထောင်းထနေသည်။

လက်တွေမှာ စားသောက်လက်စနှင့် ထလာသလိုမျိုး ပေ
တာလည်းတွေ့၏။ သုံးယောက်လုံးသည် အသက်သုံးဆယ်ဝန်း
အရွယ်ပဲဖြစ်၏။ ထိုလူတွေကို လမင်းက မသိပေမယ့်...

"လမင်းလေး...လမ်းတွေ့ရင်..မခေါ်ဘဲ...တိတ်တဆိတ်
သွား...ဟဲ..ဟဲ"

တစ်ယောက်က ထအော်သည်။ နာမည်ကို သိနေလို့လား သိ
ကိုဆိုလိုက်တာ သက်သက်လားမသိ။

"လှတယ်ကွာ ရက်ရက်စက်စက် ပက်ပက်စက်စက် ပစ်
တော် မဒီးတီး ဆံပျားကနေ ခြေဖျား ခြေဖျားကနေဆံဖျား စုန်ချီ
ကြိုက်သလောက်ကြည့် တစိမ့်စိမ့်ကြည့် လည်တိုင် ရင်ဘတ်"

"အို"

"ခါး၊ တင်၊ ရင် အားလုံး လက်ချောင်းကလေးတွေပေါ်မှာ
တဲ့ မွှေးညင်းကလေးတွေကအစ တကယ် တကယ်လှတာ
ရင်ထဲမှာ မရိုးမရွကြီးဖြစ်ကျန်ခဲ့အောင် လှတာ"

"လမင်းလေး အစ်ကိုတို့ကို မသိဘူးလားဟင်"

နှစ်ယောက်တည်းနှင့် တစ်ယောက်တစ်လှည့် ရေပက်မဝင်
ပြောနေကြ၏။ အာလေး လျှာလေးနှင့် ရွံစရာပါ။ တစ်ယောက်
တော့ အစပိုင်းမှာ ပြုံးပြုံးကြီး ရပ်ကြည့်နေပြီးမှ...

"သြော်..ဟော..သိပြီ မင်းတို့ ပြောပြောနေတဲ့ လမင်းလေ
တာလား ဒေါ်လှသီကြီးအိမ်ရောက်နေတဲ့ လင်မယား"

"ဟေ့ တော်နော် တိတ် လင်မယားမဟုတ်ဘူး အဲဒီလိုတွဲ





ကြီး မပြောနဲ့ ကြည့်စမ်းဒီမှာ ဘယ်နေရာမှာ အိုတာရှိလဲ အအုံပါလို့
ဘယ်ကောင်ပြောနိုင်လဲ ဟီးဟီး လှလိုက်တာမှ"

ပြောနေကြသမျှ နားရှက်စရာတွေချည်းသာ၊ ကြောက်လန့်စိတ်
တွေလည်းကြာလေ ဖြစ်လေနှင့် လမင်းချက်ချင်းနောက်ပြန်လှည့်၏။

"ဟေ့..ဟေ့ နေဦးလေ"

တစ်ယောက်က ရှေ့ကိုပြေးတက်၍ ပိတ်ထားး၏။ မျက်လုံးနဲ့
မျက်ခွံက အင်ပါယာလုရင်း မျက်ခွံကျယ်ကြီးတွေက အုပ်စိုးအနိုင်ယူ
တော့မလိုလို မနည်းဖြဖွင့်နေရသည့် မျက်လုံးများနှင့်...

"ဟဲ...ဟဲ"

တဟဲဟဲရယ်ကာ လူကယိမ်းယိုင်နေသည်။

"နေပါဦး လမင်းလေးရယ် ကြည့်စမ်း ဒီနားမှာဘယ်လောက်
သာယာသလဲ ဒီအခွင့်အရေးမျိုး နောက်ထပ်ဘယ်မှာရမှာလဲနော်"

"ရှင် ဘာစကားပြောတာလဲ ဖယ်ပေးရှေ့က

"အားဟား စကားပြောသံလေးက ချစ်ဖို့ကောင်းနေပြန်ပြီ ရှက်
မနေပါနဲ့ကွယ် အိမ်ထောင်သည် ဖြစ်နေပြီဥစ္စာ ထူးဆန်းတာ ဘာမှ
မရှိဘူး လာနော်"

"အို..လွှတ်...လွှတ်နော်"

"ဟား..ဟား..ဟား"

နှစ်ယောက်က ခါးထောက်၍ ရယ်နေကြသည်။

"ဟိတ် လွှတ်လိုက်စမ်း"

"နေမင်း နေမင်း ကယ်ပါဦး"

နေမင်းက တစ်ယောက်တည်းဖြစ်သည်။ သို့သော် အမှုးလွန်နေ ကြသူတွေကို ဂုတ်ပိုးကနေ ဆွဲလှွင့်ပစ်လိုက်တာနှင့်ပြီးသည်။

တစ်ယောက်ကို ဆောင့်ကန်ပစ်ကာ တစ်ယောက်ကို ဖြင်းဖြင်း ထန်ထန် ထိုးပစ်လိုက်၏။

"လမင်း"

"နေမင်း"

နှစ်ယောက်သား လက်ချင်းပြေးဆုပ်မိစဉ် တစ်ယောက်က ကုန်း ထလာသဖြင့် လှမ်းကန်ပစ်လိုက်ရ၏။

"အ"

ချုံတွေပေါ် ပက်ခနဲ လန်ကျသွားသဖြင့် ထိုသူက ဗိုက်ကိုနှိပ်၍ လူးလိမ့်နေ၏။ ပြီးတော့ မရိုတရို ခေါင်းထောင်ကာ

"တောက် မင်းသားရုပ်နဲ့ ပိုင်းလုံးကောင် ငါတို့ပါးစပ်နားက ပုတ် ချပစ်လိုက်တာ မင်းကို ဘယ်တော့မှ မကျေဘူး"

ကိုယ်တိုင်ကတော့ ချုံပေါ် ကနေပင် ကျုံးမထရဲတော့ဘဲ ကြိမ်း ဝါးနေသေးသည်။

"လာ သွားမယ်"

နေမင်းက တစ်ချက်မှ လှည့်မကြည့်။ လမင်းလက်ကလေးကို ဆွဲ၍ နေရာမှ ထွက်လာခဲ့သည်။

"ဘာလို့ ဒီထိထွက်လာရတာလဲ ဒီနေရာက နေ့ခင်းကြောင်တောင် ပုံပဲ သူပြဟိုတာ နိုးချုပ်ခါနီးမှ"

"တောလမ်းက ဒီလောက်ရှည်မှန်းမှမသိတာ ပြီးတော့ နေမင်းနဲ့





လမ်းမှာဆုံမှာပဲဆိုပြီး လျှောက်ရင်း လျှောက်ရင်းနဲ့..."

"နောက်ကို ဘယ်မှမထွက်နဲ့"

နေမင်း မျက်နှာက နီမြန်း၍ တင်းမာနေ၏။ အံကြိတ်လျက် လမင်း လက်ဖဝါးလေးကို ဖိဆုပ်ထားပုံက ဒေါသအရှိန်မပြေသေးမှန်း သိသာ နေ၏။ သူက ထိုးပစ်ခဲ့ရတာတောင်မှ စိတ်ထဲကတွေး၍ လမင်း မသိ မသာ ပြုံးမိသည်။ ထို့နောက် နေမင်းလက်မောင်းတစ်ဖက်ကို မြတ် နိုးအားကိုးစွာ ဖက်တွယ်မှီနွဲ့၍...

အခန်း (၁၄)

"သမီး...သမီးလေးရေ"

"ရှင် မာမီ"

"မာမီ့ဆီကိုလာလေ ဘယ်ကိုသွားမလို့လဲ ပြန်လာခဲ့ပါ သမီးရယ်"

"လာမယ် လာမယ် မာမီ သမီးလာလို့မရဘူး လာလို့မရဘူး မာမီရဲ့"

"သမီး"

"မာမီရေ"

"အား"

လမင်း ဝုန်းခနဲ ထထိုင်လိုက်တော့ နေမင်းလည်း ရောပါလာ၏။

"လမင်း ဘာဖြစ်လို့လဲ"

"ဟင်"

လမင်း မျက်ဝန်းမှလေးတွေ ဟိုဒီပြေးလွှားကာ လောလောဆယ် လူနဲ့စိတ် မတွဲစပ်မိသလို ငေးကြောင်နေ၏။

တလှပ်လှပ်ခုန်နေသည့် ရင်ထဲက လှုပ်ရှားမှုကြောင့် ရင်အစုံက အနိမ့်အမြင့် မြန်ဆန်လွန်းနေ၏။

"မင်း အိပ်မက်တွေ မက်နေသလား ကိုယ် ဒီလောက်ဖက်ထား





ဘာတောင် လန့်ရတယ်လို့ကွာ ရော့..ရေသောက်"

ပါးစပ်ကပြောရင်း ခေါင်းရင်းက ရေအိုးကို လှမ်းဖွင့်၍ ရေခပ်ပေး၏။ လမင်းက ရေခွက်ကိုယူ၍ နေမင်းမျက်နှာကိုကြည့်သည်။ နေမင်းက သောက်လိုက်ဖို့ မေးဆတ်ပြကာ...

"နောက်မှပြော ရေသောက်"

ရေကို တစ်ကျိုက်ပဲငုံကာ လမင်းက နေမင်းရင်ခွင်ထဲ တိုးဝင်လိုက်၏။

"ရပြီ ပြောတော့"

ရေခွက်ကို တစ်ဖက်နဲ့ထားပြီး တစ်ဖက်က လမင်းကို ဖက်ထား၏။ မှောင်မှောင်မည်းမည်း မအိပ်တတ်သည့် သူမကြောင့် ဘက်ထရီမီးကိုပဲ တစ်ညလုံး ထွန်းထားရတာမို့ အိပ်တာနိုးတာအတွက် မီးကို ဖွင့်ပိတ်ဖို့မလို...

"လမင်း အိပ်မက်မက်နေတာသိလား"

"သိတယ်လေ ဘာတွေမက်လဲဆက်ပြော အိပ်ရင်းနားထောင်မယ်"

ပြောရင်းနဲ့ပဲ နေမင်းက လမင်းကို ဖက်လျက်သားနှင့် ပက်လက်လှဲချလိုက်သည်။

"နေမင်း မအိပ်နဲ့ကွာ ဒီမှာပြောမလို့"

"ဘယ်သူက အိပ်မယ်ပြောလို့လဲ နားထောင်မလို့ပါဆို"

"မျက်လုံးဖွင့်ပြီး နားထောင်"

လမင်းက နေမင်းမျက်လုံးမှိတ်ထားတာကို လက်ချောင်းကလေး

များနှင့် မရမကဖွင့်ဖို့ကြိုးစား၏။ နေမင်းက လက်ကိုဖယ်ချကာ...

"သန်းခေါင်ကျော်နေပြီကွ တော်ကြာမျက်လုံးကျယ်သွားလို့ မယ် မှိတ်ထားရင်း နားထောင်မှ မင်းပြောပြီးတာနဲ့ အိပ်ပျော်သွားမှာ အဇတော်ပဲ"

"ဟင့်အင်း မရဘူး ဒီကပြောနေရင် သူအိပ်မှာမသိဘူးမှတ်လို့ မျက်လုံးဖွင့်နေ"

နေမင်းက မျက်လုံးတွေဖွင့်လိုက်ပြီး ရင်ဘတ်ပေါ်မှာ မှောက်လျက် လေး ရှိနေသည့် လမင်းကို ရင်ခွင်ထဲဆွဲချ၍ ဖက်လိုက်ကာ...

"ပြီးရောနော် ပြော ဒီမှာ ဖွင့်ထားပြီ ပြောပြီးရင်ပြော မင်းစိတ် ညစ်အောင် လုပ်မှာပဲ"

"ဟင်...ဘာ"

လမင်း ရှန်းရှန်းဖယ်ဖယ်လေးနှင့် သူ့ကိုထုပစ်လိုက်တော့ နေမင်းက ခပ်ကြိတ်ကြိတ်ရယ်၏။

"ငိုအောင် စမယ်လို့ပြောတာ ဘာတွေ မှတ်ပေါက်သွားလဲ"

"ဟွန့်"

တစ်ရေးနိုးလာတာပေမယ့် လှနေမြဲဖြစ်သည့် လမင်းမျက်နှာ လေးကို နေမင်းက စိုးမိုး၍ ငေးကြည့်နေသည်။

"အိပ်မက်ထဲမှာလေ မာမီ"

"ဟင် မင်းရဲ့အမေ ဟုတ်လား"

"အင်း"

"မြင်လိုက်တာလား ဘယ်လိုပုံစံလဲ မင်းအမေဆိုတာကို ဘယ်





လိုသိလိုက်တာလဲ"

မေးရှာသည်ချင်းမို့ နေမင်း စိတ်ဝင်စားသွားသည်။ သူ့မှာတော့ ဒါမှမဟုတ်မွေးခေါင်းကိုက်အောင် ဖျစ်ညှစ်ထုတ်ထားတောင်မှ ဦးနှောက်ထဲ မှာ အမေဆိုတာမှ ပေါ်မလာခဲ့။ လမင်းကလည်း စဉ်းစားနေရသည့် ပုံနှင့် ခပ်ဆိုင်းဆိုင်းပြော၏။

"ဘယ်လိုသိလိုက်လဲဆိုတော့ လမင်းမှသိဘူး အိပ်မက်ထဲမှာ အခါ လမင်းရဲ့ မာမီဆိုတာကို ချက်ချင်းသိတာပဲ မာမီက သမီးလို့ခေါ် လိုက်တော့ လမင်းငိုချင်သွားတယ် ပြီးတော့ မာမီကလေ ပြန်လာခဲ့ပါ သမီးရယ်တဲ့ တအားငိုနေတယ်သိလား။ အိပ်မက်ထဲမှာ လမင်းလည်း မာမီဆီပြေးတာပဲ ဒါပေမဲ့ မရောက်ဘူး တဖြည်းဖြည်းနဲ့ မာမီကို မှုန် မှုန်လေးပဲ မြင်ရတော့ လမင်းတအားခေါ်ပြီး ငိုချလိုက်တာ နိုးသွား ရော"

"လမင်းရယ်"

နေမင်းလှဲနေရာမှ ထထိုင်လိုက်သည်။ ပြီးတော့ လမင်းကိုပါ ဆွဲထူ၍ ပါးပြင်ပေါ်က မျက်ရည်တွေကို တယုတယ သုတ်ပေး၏။ ဘယ်သူမှလည်း အိပ်လို့မရကြတော့တဲ့ ခြေရင်းအဆင်းက တံခါးကိုဖွင့် ကာ ခြေတွဲလောင်းချ၍ အတူထိုင်မိကြ၏။

"ကိုယ့်ဘဝနန်ကို ကိုယ်သိချင်တာက မင်းကိုဒီလိုဘဝမျိုးမှာ မထား ချင်တာလည်း အများကြီးပါတယ် လမင်း ပြီးတော့ ကိုယ်ဒီဘဝမျိုးမှာ မပျော်ဘူး [illegible]ပမဲ့...."

သူစကားရပ်သွား၍ လမင်းပခုံးလေးကို သိုင်းဖက်လိုက်သည်။

"ဆက်ပြောလေ"

မျက်နှာလေးမော့၍မေးတော့ ဆံစလေးတွေကို သိမ်းဖယ်၍ သူ မြတ်နိုးမဝစွာ ကြည့်မိ၏။

"မင်း အဲဒီလို နောက်ကြောင်းတွေသိသွားပြီး ကိုယ့်ကိုပါ မေ့သွားမယ်ဆိုရင်တော့ မင်းကို ပြန်မပေးချင်ဘူး"

သူ လမင်း ပုခုံးလေးကို တင်းခနဲ ဆွဲဖက်၍ ကောင်းကင်ပြင်ကို မော့ကြည့်၏။ တစ်ဖက်ရပ် တဲလုံးလေးမို့ ခြေရင်းအဆင်းဘက်မှာ တံစက်မြိတ်မရှိ။ ထို့ကြောင့် ကောင်းကင်ပြင်ကို မြင်နေရသည်။

"ကိုယ်ဟာ အစကတည်းက တစ်ကိုယ်ကောင်းဆန်တတ်ခဲ့တာလား မင်းကိုချစ်မိလာကာမှ ပြောင်းလဲသွားတာလား အဲဒါမသိဘူး ဒါပေမဲ့ အတိတ်ကို ပြန်လိုချင်တယ် မင်းကို မပေးနိုင်ဘူး"

"ရှင်က သတိရပြီး လမင်းကိုထားသွားမှာကျတော့ကော"

သူက လမင်းမျက်နှာလေးကို ငုံ့ကြည့်ပြီး အကြာကြီးငေးနေသည်။ ပြီးမှ...

"ကိုယ်ထင်တယ် မင်းကို ကိုယ်ဘယ်တော့မှ မေ့မှာမဟုတ်ဘူး ဘာကိုမှ စဉ်းစားလို့မရပေမယ့် မင်းကို စူးစူးနစ်နစ်ချစ်တတ်နေတာက နှလုံးသားထဲကပဲ လမင်း ကိုယ့်အသိတွေ ကတိမ်းကပါးဖြစ်ကုန်ကြရင်တောင် နှလုံးသားက စည်းချက်မှန်မှန်ဖြစ်နေမှာပဲ အဲဒီနှလုံးသားထဲမှာ မင်းရှိနေသရွေ့ ကိုယ့်နောက်ထပ်တစ်ယောက်ကိုလည်း စိတ်ကူးမိဖို့မလွယ်တော့ဘူး ဟိုးမှာကြည့်"

သူက ညသန်းခေါင်ကျော်ကြီးကျမှ ကဗျာဆန်နေပြန်သည်။ မိုးသား





ကင်းနေသည့် ကောင်းကင်ပြာက ညဥ့်နက်နက်မို့ မှောင်ရိပ်သမ်းကာ တစ်ခြမ်းပဲ့ လကလေးနှင့် ငွေကြယ်မှုန်တို့နောက်မှာ အနက်ရောင် လှနေ၏။

ဖြူလွှသော တိမ်လွှာပါးတချို့က လကလေး၏ဘေးမှာ ရိုးတိုးရိပ်တိတ် စေးလျက် ကောင်းကင်ဟာ လှချင်တိုင်းလှနေ၏။

"လကလေးကိုတွေ့လား"

သူ ထပ်မေးတော့ လမင်းခေါင်းညိတ်သည်။

"ဘယ်လောက်လှသလဲကြည့်စမ်း လဆိုရင် တစ်ခြမ်းပဲ့ကလေးပဲဖြစ်ဖြစ် လပြည့်ဝန်းပဲဖြစ်ဖြစ် မနှစ်သက်ဘူးဆိုတဲ့လူမရှိဘူး နေမင်းလို ပုံမှန်သွားလာခွင့်မရပေမယ့် လဆန်းလဆုတ်ရက်တွေကို လူတွေ အထူးမှတ်ကြတာ ဘာဖြစ်လို့လဲ"

"ဒါပေမဲ့ နေမင်းရယ် နေမင်းကသာ လူတွေအတွက် ကမ္ဘာလောကကြီးအတွက် မရှိမဖြစ်လိုအပ်တဲ့အရာပါ နေမင်းနဲ့ လမင်းဆိုတာ ပါးစပ်ထဲ ဖြုန်းခနဲရောက်လာလို့ ပြောချလိုက်ပေမယ့် လမင်းရဲ့ ခွန်အား ကမ္မောမှိန်ပါတယ် လမင်းလေ ဘာကိုအားငယ်နေမှန်း မသိဘူး"

လမင်းက သူ့ပုခုံးစွန်းမှာ မှီလိုက်သည်။ မိုးသက်လေက ညဥ့်ယံမှာလည်း အိပ်မောကျနေသည်မရှိဘဲ သူတို့ နှစ်ယောက်ကို ပုတ်ခတ်ကျီစယ်သွား၏။

စိမ့်ခနဲ အေးသွားခြင်းကြောင့် နေမင်းက လမင်းကို ရင်ခွင်ထဲရောက်လာအောင် ဖက်ထားလိုက်သည်။

"ဘာကို အားငယ်ရမှာလဲ လမင်းရယ် နေ့မှာနေ ညမှာလ သဘာဝ

တရားရဲ့အလှတွေပဲ မရှိမဖြစ်ေ ဘ ကိုယ့်အလိုအပ်ဆုံးအရာကို ပြော ကြတာပါ ညရဲ့ ဘဝမှာလည်း ေ ၊က မရှိမဖြစ်တဲ့အရာပဲ၊ ညရဲ့ ကောင်းကင်ကို မော့ကြည့်လိုက်လို့ လမင်းမရှိရင် ဝမ်းသာအားရဖြစ်သွားတဲ့ လူရှိမလား"

"ရှိမှာပေါ့"

"ဘာ"

"သူခိုးတွေလေ"

"မနောက်နဲ့ကွာ နဖူးကို ဝ်ပဲ့ထိုးပစ်လိုက်မယ်"

လမင်းက ပခုံးလေးတွန့်၍ ရယ်ကာ နေမင်းခါးကို ပြန်ဖက်ထားလိုက်၏။

"နေမင်း စိတ်ပျော်ပါးသွားအောင် တမင်စတာပါ အဲဒါတွေ မပြောနဲ့တော့နော် လမင်းနဲ့ သူတယ်အချိန် ဘယ်ဘဝရောက်ရောက် မမေ့ကြပါစေနဲ့လို့ ဆုတောင်းနေကြရုံအပြင် ဘာမှ မတတ်နိုင်တာ တကယ်လို့ တစ်ရက်တစ်မနက်ပဲ ပေါင်းခွင့်ရှိတော့မယ်ဆိုရင်တောင် အဲဒီအချိန်လေးကို တစ်သက်စာမှတ်သားနိုင်အောင် အပျော်ရွှင်ဆုံး ဖြစ်ချင်တယ်"

"လမင်းရယ်"

တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာဖက်ထားရင်း မျက်ဝန်းတွေ မှိတ်ထားမိကြသည်။

"လမင်း"

"ဟင်"





"လမင်းဆိုတဲ့နာမည်လေးကို ကိုယ်ချစ်တယ် ပြီးတော့ မင်းကိုကော…"

"နေမင်းကိုလည်း လမင်းချစ်တယ်"

မျက်ဝန်းတွေ မဖွင့်ပဲ နှုတ်ခမ်းလှုပ်ရုံသာ ပြောနေကြပေမယ့် ကြားနေရသည်။ အချစ်ဖြင့် ဆက်သွယ်သော နှောင်ကြိုးများကြောင့်သာ…

## အခန်း (၁၅)

"ဟာကွာ ဘာလာလုပ်ပြန်ပြီလဲ ဒီလမ်းကို ထွက်လိုက်မလာနဲ့လို့ မှာထားသားနဲ့"

"နေမင်းကလည်း"

လမင်းက သူဝယ်ပေးထားသည့် ခြေမျက်စိဖုံးသော အပျော့သားဂါဝန်လက်ပြတ်လေးနှင့် အရပ်မြင့်မြင့် ဆံပင်ဝဲဝဲလေးနှင့် နယ်လှစနေသည်။

ဂါဝန်က အပျော့သားအိအိလေးမို့ ကိုယ်လုံးလေးကလည်း ထင်းနေသည်။ လမင်းကိုသူကြာလေ ချစ်လေ သွားတာလာတာလည်း ဘယ်လိုမှ စိတ်မချနိုင်ဘဲ ဖြစ်နေမိ၏။

ရွာနဲ့ သိပ်မလှမ်းသေးပေမယ့် ရှေ့မှာတော့လမ်းကလေးနှင့် လက်ဝဲဘက်မှာ ချောင်းစပ်သို့သွားသည့် လမ်းကျဉ်းကဲလေးရှိသည်။

ဒီဘက်မှာကျတော့ စေတီပျက်ကြီးရှိသည့် ကုန်းမို့က နေ့နေ့ညည လူသွားလူလာ မရှိတတ်ပေ။





ဘယ်လိုပဲ မြို့ကြည့်ကြည့် ဒီပတ်ဝန်းကျင်က လူသူကင်းရှင်းရာ နယ်မြေ ဟိုတစ်ခေါက်ကလို လမင်းဖြစ်ခဲ့လျှင် နောက်ထပ် ကယ်သူ တွေ့နိုင်ပါ့မလား။

"နောက်တစ်ခါ မင်းဒီလို လိုက်လာဦးမယ်ဆိုရင်တော့ ကိုယ်ဒီ လုပ်ကိုပါ စွန့်လွှတ်ဖို့စဉ်းစားရတော့မယ်"

ပခုံးလေးကို လှမ်းဖက်ပြီးကာမှ သူပြောတော့ လမင်းခြေလှမ်း ရပ်သွားကာ သူ့လက်ကို ဆတ်ခနဲ ပုတ်ချပစ်လိုက်၏။ ပြီးတော့ မျက် နှာကို စူးစူးဝါးဝါးမော့ကြည့်ကာ....

"ဘာပြောလိုက်တယ် နေမင်း"

လမင်းပုံစံချက်ချင်းကြီး တင်းတင်းမာမာ ဖြစ်သွားသောကြောင့် နေမင်း ခြေလှမ်းရပ်သွား၏။ နှစ်ယောက်သားရင်ဆိုင်လိုက်မိကြတော့...

"ဒီက ရှင်ပြန်လာမယ့် အချိန်ကို တနေကုန် လည်တဆန့်ဆန့်နဲ့ မျှော်နေရတာ အချိန်လွန်သွားရင် ဘယ်လိုမှ နေလို့မရတော့ဘူး ဟောဒီ လမ်းမှာ မြွေဆိုးကြီးပဲရှိရှိ ဓားနဲ့မိုးပြီး စောင့်နေပါစေ လာမှာပဲ အဲဒါ ဘာဖြစ်လို့ရှင်က ပြုံးစူနေရတာလဲ ဟွန်း အဲဒါကြောင့် အခေါ်က ပြော ဘာ ငါးပုံဆုန်စက်ပိုင်ရှင်ရဲ့ သမီးက ဖြူဖြူချောချောလေးတဲ့ အနေ အထိုင်ကလည်း သိပ်မတတ်ဘူးတဲ့ နေမင်းကိုများ သဘောကျနေ သလား မသိဘူးတဲ့"

"ဟာင် အဲဒါတွေကို မင်း"

"ဟုတ်တယ် ဘာလဲ သိနေလို့ အံ့ဩနေပြီလား ရှင်က အဲဒီသူဌေး သမီးလေးကို မျက်စိကျနေပြီမို့လား အဲဒါကြောင့် လမင်းကို မလိုက်

စေချင်တာ"

"လွဲကုန်ပြီကွာ"

"အမှန်တွေချည်းပဲ ကိုနေမင်း လမင်း အစုသိပြီ နောက်ဘယ်တော့မှ မလိုက်တော့ဘူး ရှင့်ဟာရှင် ပြန်လာချင်လာ မလာချင်နေ"

"ဟ လမင်း လမင်းနေဦး"

"ရှင်..ဖယ်...လာမကိုင်နဲ့"

"မဟုတ်ဘူးကွာ"

"ဟုတ်တယ်..ရှင် လွှတ်နော်"

အားမပါဘဲ ရုန်းနေရင်း လမင်းမျက်ရည်တွေက ငိုချင်းမချရသေးဘဲ ဖောဖောသီသီ ကျလေသည်။

နေမင်းက လမင်းကို အတင်းဆွဲထားပြီး မျက်နှာကို မော့ယူသည်။ လမင်းက အကိုင်မခံဘဲ တစ်ဖက်လှည့်ပစ်၏။

"မဟုတ်ဘူး ကိုယ်ရှင်းပြမယ် ဒီဘက်လှည့်စမ်းပါ"

နေမင်းက တစ်ကိုယ်လုံးကို သိမ်းဖက်ပစ်လိုက်ပြီးမှ မျက်ရည်ကို သုတ်ပေးသည်။ လမင်း နှုတ်ခမ်းလေးကိုက်၍ ငြိမ်နေ၏။

"ကောင်မလေးက ဆယ့်ငါးနှစ်လောက်ပဲရှိသေးတာ ပြီးတော့ ဦးနှောက်သိပ်မကောင်းဘူးတဲ့ သူ့အဖေကိုယ်တိုင်ပြောတာပဲ အရိုးပေါက်ကလေးပေမယ့် ကလေးပေါက်စလေးလိုပဲ သနားစရာလေးပါ လမင်းရယ် ချစ်တာတွေ ကြိုက်တာတွေလည်း နားမလည်ရှာပါဘူး"

"အမလေး ပြောနေလိုက်တာ ကရုဏာတွေ ပြည့်သိပ်လို့ပါလား"

"လုပ်ပြန်ပြီ"





"ရှင် အဲဒါလေးကို သနားပိုပြီး အလိုလိုက် ယုယနေတာမဟုတ်လေ"

"သနားတာ ါကွာ မပိုပါဘူး ဘာမှလည်း မယုယဘူး စကားထဲဝင်သာတုန်း ခဏကဖြတ်စကားပြောမိကြတာပဲရှိတယ်"

"မသိဘူး မယုံဘူး ရှင် လမင်းကို ကဲကဲဆတ်မလိုက်စေချင်နေတာ အသိသာကြီး"

"အဲဒါ ခင်ဗျားကို ချစ်လွန်းလို့ စိတ်မချလို့ နားလည်လား ဟိုတစ်ခါလည်း ရွာထဲကကောင်တွေ ဇရှတ်ကျဖို့ တည်းတည်းလေးရယ် နောက်ထပ်ဖြစ်လာရင် တိုက်တိုက်ဆိုင်ဆိုင် ကယ်မယ့်သူ ရောက်လာမယ်လို့ ပြောနိုင်မလား"

"မသိဘူး ဘာဖြစ်ဖြစ်"

လမင်းနှုတ်ခမ်းစူ၍ ဘောက်ဆတ်ဆတ်လေး လျှောက်သွား၏။ သူ့ နောက်ကလိုက်၍ ပခုံးလေးကို ဖက်ထားလိုက်ကာ...

"နှုတ်ခမ်းကြီးကလည်း ဝက်မလေးကျနေတာပဲ ချစ်လို့ပြောမှန်းလည်းမသိ စိတ်ပူလို့ဆူမှန်းလည်းမသိ ကိုယ့်မိန်းမ ဒီလောက်လှနေတာကိုကျော်ပြီး ကိုယ်က ဘယ်မိန်းမကို ပိုးပန်းရဦးမှာလဲ"

"ပြောလို့ရမလား ဟွန်း အတည်ပေါက်ကြီးနဲ့ ဝါးစားမယ့်ရုပ်"

"ဘာ ဘယ်လို အတည်ပေါက်ကြီးနဲ့ ဝါးစားမယ့်ရုပ် ဟုတ်လား ဟား..ဟား"

နေမင်းက ခေါင်းမော့ရယ်ကာ...

"အဲဒီ စကားမျိုးကြားဖူးသလိုပဲကွ အင်း ဟုတ်ပြီ မင်းပဲပြောတာ"

"ဘာဖြစ်လို့"

"ချစ်ဖို့ကောင်းတာလေ"

"အို"

ပါးလေးကို ဖျတ်ခနဲငုံ့နမ်းလိုက်တော့ လမင်းရှက်သွားသည်။ နှုတ်ခမ်းစူထားဖို့လည်း မေ့သွား၏။

သူနမ်းလိုက်တိုင်း ရင်တွေတဖျတ်ဖျတ် လူးခါသွားတတ်သည့် လှုပ်ရှားမှုလေးကို လမင်းမက်မောနေမိခဲ့၏။

အချစ်နှင့် ဖန်ဆင်းသော အရာရာတိုင်းဟာ ရိုးအီသွားသည် မရှိ



အခန်း (၁၆)

တစ်ယောက်က အန်နေသည်။ တစ်ယောက်က ကျောကနေ ဖိပေးနေ၏။ ဒေါ်လှသီက မြင်ကွင်းကို ပါးစပ်အဟောင်းသားနှင့်ကြည့်ရင်း အနားရောက်လာသည်။

"ဘာဖြစ်လို့လဲ နေမင်း မင်းအလုပ်မသွားဘူးဆိုလို့"

"ဟုတ်တယ် အဒေါ် လမင်းနေမကောင်းလို့ ညကတည်းက မူးနေတာလေ ချွေးစေးတွေလည်း ပြန်နေတယ် မိုးမလင်းခင်ကအန်တာ အခုနဲ့ဆို နှစ်ခါရှိပြီ"

"ဟေ"

ဒေါ်လှသီက မျက်မှောင်ကုတ်လျက် လမင်းဘေးမှာ ဝင်ထိုင်လိုက်ကာ....

"လမင်း"

"ရှင်"

လမင်းမျက်နှာလေး မော့လာသော်လည်း မသာယာ၊ နေမင်းက

လမင်းပန်းလေးကို ဆွဲယူ၍ သူ့ရင်ခွင်ထဲမှာ မှီထားလိုက်၏။

"ကိုယ်ဝန်တွေဘာတွေများ ရှိတာလားအေ ညားတာဖြင့် မကြာ
သေးဘူးတဲ့ ရော"

"ရှင်"

လမင်း မျက်နှာလေးငယ်သွားသည်။ ဒေါ်လှသီလေသံက ကဲ့ရဲ့
လိုက်သလိုကြီးမို့ ရှက်လည်းရှက်သွား၏။

နေမင်းကတော့ ရုတ်တရက် ဘာမှဝင်မပြောတတ်တဲ့ အံ့ဩသော
မျက်နှာနှင့် လမင်းကိုပြန်ကြည့်ကာ...

"ဟုတ်လား အဲဒါလမင်း မသိဘူးလား အဒေါ်က ဘာကိုကြည့်
ပြီး ပြောတာလဲဟင် တကယ်သေချာသိတာလား"

"ဩော်ကွယ် ဒါက ကာယကံရှင်က ပိုသိမှာပေါ့"

ဒေါ်လှသီက ပြုံးတုံ့တုံ့နှင့်ပြောပြီး သူတို့နားမှာ ဝင်ထိုင်လိုက်၏။
စကျတော့ သူမမျက်နှာမှာ ကဲ့ရဲ့လိုခြင်း ဘာမှမရှိ။

"ဘာဖြစ်လဲအေ တချို့ဆို အိမ်ထောင်သက်သုံးလ ကိုယ်ဝန်သုံး
လ ညည်းတို့က ဒီလောက်မဆိုးပါဘူး ကလေးကကံတော့ အကောင်း
သား ဖအေလည်းအလုပ်နဲ့အကိုင်နဲ့ဖြစ်ရော သူဝင်လာတာနဲ့ ဘယ်
လောက်ကောင်းလဲ ဒါ အကျိုးပေးမယ့် ကလေး"

"သေ..သေချာလို့လား အဒေါ်ရယ်"

"ဘာကိုလဲ"

"လမင်းမှာ"

လမင်းက မယုံမရဲ...





"ဖြစ်ရလေအေ ညည်းကိုယ့်ကိုယ်ကို ပြန်စစ်လေ မှုတာတွေ
ဘာတွေမှန်လားဆိုတာ"

"အဲဒါ"

လမင်း ဆက်မပြောဘဲ နေမင်းမျက်နှာကို ဖျတ်ခနဲ မော့ကြည့်
သည်။ ထို့နောက် ရှက်ကိုးရှက်ကန်းလေး မျက်လွှာချသည်။ ဘာမှ
ပြောသော်လည်း ဒါသေချာသွားသည့် အဖြေမို့ နေမင်းမျက်နှာကြီး
ပြုံးဆိသွား၏။

"ကောင်းတာယ် လမင်းတော်တာယ်ကွာ"

"အို နေမင်းကလည်း"

လမင်းက ရှက်ရှက်နှင့် လှည့်ထုသည်။

"လမင်းတော်တာ မဟုတ်ဘူး မင်းလည်းတော်တာပဲ ဟင်း...
ဟင်း စုမှ ဟုတ်နေကြတာ"

ဒေါ်လှသီရယ်ရင်း နေရာမှ ထလိုက်သည်။ ဒီအချိန်မှာ ကိုယ်
ကြာကြာနေလို့ မသင့်မှန်းအရိပ်အကဲတော့ သိရမည်။

နေမင်းကတော့ ဒေါ်လှသီထွက်သွားပြီးတဲ့အထိတောင် မစောင့်
င်ဘဲ လမင်းတစ်ကိုယ်လုံးကို သိမ်းဖက်ပစ်ကာ နှာတံချွန်ချွန်လေးကို
နာအောင် ဆွဲလိမ်သည်။

"ဒီမိန်းမကို ဗိုက်ကြီးပူခိုင်းထားမှ စိတ်ချရမှာ နို့မို့ဆို မျက်လုံး
ွေက ပို့မှန်းမသိ အိုမှန်းမသိ"

"နေမင်းနော် သူ လွှတ်လွှတ်လပ်လပ်နေချင်တိုင်း"

"ဒါပေါ့ ဗိုက်ပူနေတော့ မင်းကိုယ့်ကို ပြိုင်ဆိုင်ပြီး ရွဲ့လို့မရတော့

ဘူး အဲဒီကျမှ 'အပီကဲရမှာ"

"ကြည့်ပါလား"

"ကြည့်မယ်လေ"

"သွား"

"ဟား...ဟား"

ရယ်သံတွေနှင့် နံနက်ခင်းလေးက ကြည်နူးစရာဖြစ်သွား
နေမင်းနဲ့ လမင်း အပျော်ကြီးပျော်နေခဲ့ကြသည်။

နောက်ရက်တွေမှာ လမင်းအတွက် ကိုယ်ဝန်အပ်ဖို့ ခေါ်
ရောက်လာတော့ ဆေးရုံကဝေးနေသည်။

နေမင်းက ရွာထိပ်က ဆေးခန်းလေးက ဆရာဝန်ကို အ
နိုင်ဘဲ အိုကျိုနဲ့မှ စိတ်ချရမည်ဟုပြောတော့ ဒေါ်လှသီ မျက်လုံးပြူး

"အမလေးတော် ကျုပ်တို့ရွာမှ ကျန်းမာရေးဌာနမှာ ကိုယ်ဝ
လိုက်ရပ်ပြီးကြတာပါပဲ ဘယ်ဆေးရုံမှလည်း သွားမမွေးကြပါဘူး
ဆို အိမ်မှာသားဖွားဆရာမတောင် မရောက်သေးဘူး လက်သည်
မွေးသွားကြတာ"

"လက်သည်ဆိုတာ ဘာလဲ အဒေါ်"

လမင်းက နားမလည်...

"လက်သည်ဆိုတာ ရပ်ကွက်ထဲမှာ ကလေးမွေးပေးတဲ့ မိ
ပဲပေါ့ သားဖွားဆရာမတော့ မဟုတ်ဘူး ဒါပေမဲ့ ကလေးမွေးကြ
သူ့ကိုခေါ်ကြရတာပဲ ဆရာမတွေလို ဆေးထိုးအပ်မကိုင်တတ်
ကလေးတော့ မွေးပေးနိုင်တာပဲ"

"သူက သားဦးလေ အဒေါ်ရဲ့ အိုကျိုနဲ့မှ စိတ်ချရမှာ"

"ဪ ဪ လက်သည်တော့ မသိဘူး အိုကျိုတွေ ဘာတွေတော့
လို့ သားဦးဘာဖြစ်လည်း တို့ရွာက မဝှမ်းပုံတို့ဆို မြို့တက်ရေးဝယ်
ာ ကားပေါ်မှာတင် မွေးသွားတာ ဘယ့်နှယ်လုပ်မလဲ"

နေမင်းက မျက်နှာရှုံ့မဲ့နေဆဲ၊ သူကိုယ်တိုင်ကလည်း ဆေးရုံကြီး
မသွားရဲပါ။ ဘာအကြောင်းနဲ့ဖြစ်ဖြစ် နောက်ကိုပြန်မဆုတ်ချင်ပေ။

ရှေ့ဆက်တိုး၍ ဘဝမှ ...ု ရှာဖွေဖို့ကြိုးစားရင်း အိမ်ထောင်ဆို
ာ နှောင်အိမ်တစ်ခုထဲမှာ သူ့ဘဝတစ်ဆစ်ချိုးက ပြောင်းလဲသွား
ခြင်းဖြစ်သည်။

ခုတော့ သူ့ဘဝလုံးတာ ပြားတာက အဓိက မဟုတ်တော့ဘဲ
တောင်မိခဲ့ပြီဖြစ်သည့် မိသားစုဘဝလေး တိုးတက်သာယာဖို့သာ သူ့
ာဝန်။

ဒီအိမ်မှာ လမင်းသာ သူ့ရဲ့ နတ်သမီး လမင်းသာ သူ့ဘဝအတွက်
ရေးကြီးဆုံး။

ဝင့်သက်အခါခါချရင်း လမင်းကိုယ်ဝန်အတွက် သူစိတ်မချနိုင်။
မှာဆို သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးတွေနှင့် သူစိတ်ချနိုင်
ိမှာမည်။

ခေါင်းထဲမှာ ဒါတွေ သိနေတာကိုလည်း ဘာဖြစ်လို့လဲဟု မဆန်း
ိတော့ပါ။ တစ်နေ့ တစ်နေ့ လမင်းအတွက် သူဘာလုပ်ပေးနိုင်လဲ
တာတွေးရင်း အလုပ်လုပ်နေချိန်တိုင်းမှာ စိတ်နဲ့ကိုယ်ကမကပ်။

လမင်းကတော့ ပျော်နေသည်သာ...

အခန်း (၁၇)

"ပြန်တော့လေ"

"အင်းပါ ပြန်မှာပါ"

"ပြန်ဆိုပြန်ကွာ သိပ်အဝေးကြီးမင်းပြန်လှည့်သွားရရင် ကိုယ်စိတ်ဖြောင့်မှာ မဟုတ်ဘူး"

တောလမ်းကလေးကို လှမ်းမြင်ရတော့ နေမင်းက ခြေလှမ်းရပ်ပစ်သည်။ လမင်းပခုံးလေးကို နောက်ပြန်ပါသွားအောင် လှည့်ပစ်လိုက်ပြီး ရှုတ်ပြန်ခိုင်း၏။ လမင်းက သူ့လက်ကို ထပ်ဆုပ်ကိုင်၍...

"နေမင်း"

"ဘာလဲပြော ဒီမှာ မိန်းမနားကပ်နေတာနဲ့ အလုပ်ကနောက်ကျနေပြီ"

လမင်းက နေမင်းမျက်နှာကို မော့ကြည့်ပြီး အကြာကြီးငေးနေသည်။ ပြီးတော့ ငိုချလိုက်တော့မလိုနှင့် မျက်တောင်လေးတွေ ပုတ်ခတ်မျက်လွှာချလိုက်၏။

"လမင်း လမင်း နေမင်းကိုချစ်တယ်"

စူပုတ်ပုတ်မျက်နှာလေးနှင့် ပြောပုံက ရန်ခုန်တုန်ယင်စွာ မဟုတ်





ဘဲ ချစ်ရှာ မသိဘူးလားဟုမေး၍ စိတ်ကောက်နေသည့် ကလေးလေးလို.....၊ နေမင်းကပြုံး၍ လမင်း၏ပါးပြင်လေးတစ်ဖက်ကို လက်ခုံနှင့် ဖွဖွလေး ပုတ်လိုက်၏။

"ဆက်ပြောလေ ကိုယ့်ကိုကြည့်ပြော"

လမင်းက မျက်မှောင်ကုတ်ကုတ်လေးနှင့် မော့လာကာ...

"နေမင်းကကော..."

"မင်းထက်တောင်ပိုသေးတယ်"

ဆိုတော့မှ လမင်းမျက်နှာလေးပြုံးစစဖြစ်သွား၏။

"နေမင်း အလုပ်မလုပ်ဘဲ လမင်းနားမှာပဲနေရင် လမင်းသိပ်ပျော်မှာပဲသိလား တစ်နေကုန်နေမင်းနဲ့ ခွဲနေရတဲ့ ဒုက္ခကြီးကို လမင်းမခံစားချင်တော့ဘူး"

"လမင်းရယ်"

သူ ပင့်သက်ရှိုက်၍ လမင်းလက်ချောင်းကလေးတွေကို တယုတယ ဖြန့်ယူသည်။ ပြီးတော့ သူနဲ့လဲဝတ်ထားတဲ့ လမင်းလက်က သူ့လက်ဖွပ်လေးကိုကြည့်ရင်း လက်ဖဝါးနှစ်ဖက်နှင့် ထပ်အုပ် ဆုပ်ကိုင်ကာ...

"ကိုယ်လည်း ဒီလိုပဲပေါ့ လမင်းရယ် မင်းမှာ ကိုယ့်ရင်သွေးလေး ရှိနေမှန်းသိတော့ အနားမှာနေပြီး တယုတယ စောင့်ရှောက်နေချင်တာပေါ့ ထွက်လာရတိုင်း ကိုယ့်စိတ်က မင်းဆီမှာ ကျန်ခဲ့တာ ညနေ ပြန်ရမယ့် အချိန်ဟာ ကိုယ့်အတွက်ဘာနဲ့မှ မလဲနိုင်တဲ့ အလိုချင်ဆုံး ဆုလာဘ်တစ်ခုပဲ ဒါပေမဲ့ စားဝတ်နေရေးကရှိသေးတယ်။ ခုဆို စားနေ

ဝက်နေရုံရုံနဲ့ မပြီးတော့ဘူး ကလေးရဲ့ နောင်ရေးကိုပါ ထည့်တွေးရတော့မှာ ကိုယ်တို့ ဒီတိုင်းကြီး သူများအိမ်နောက်မှာ မှီခိုကပ်တွယ်ပြီး နေသွားကြလို့ မဖြစ်ဘူး ကိုယ့်အိမ်ထောင်စုနဲ့ ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်ရမယ် ကိုယ့်မြေ ကိုယ့်ရေနဲ့ ပိုင်ဆိုင်မှုတစ်ခုခုကိုရဖို့ ဒုက္ခဆိုတာ ခံကြရဦးမှာပဲ သိလား ကဲ အိမ်ပြန်တော့ကွာ ညကျမှ လပြည့်ဝန်းကြီးကိုကြည့်ပြီး စကားတွေ ဆက်ပြောကြမယ်နော် ပြန်တော့"

လပြည့်ဝန်းပဲဖြစ်ဖြစ် လဆန်းလေးပဲဖြစ်ဖြစ် 'ဟိုမှာလကလေး တစ်စင်း ကိုယ့်ရင်ခွင်ထဲမှာတစ်စင်း'

ဟု လမင်းကို မော့ကြည့်တိုင်း သူက အမြဲတမ်းခိုင်းနှိုင်းပြောသည်။ အမြဲတန်းနှိမ်းနမ်းသည်။ လမိုက်ညဆိုလည်း 'လမင်းသာနေပါတယ် ကိုယ့်ရင်ထဲမှာလေ'

ဆိုတာမျိုးပြောကာ ခပ်တင်းတင်းဖက်၍ ရယ်တတ်သူ။ ပြီးတော့ 'အဲဒါကြောင့် လမင်းကို ကိုယ်ချစ်တယ်' ဟု အဆုံးသတ်၍ တစ်ခါတစ်လေ လမင်းအိပ်ပျော်ခါနီးကျမှ အတင်းနိုးတတ်သေးသည်။

လသာနေလျှင် လကိုပြ၍ 'လမင်းကို ကိုယ်ချစ်တယ်'ဟု အကြောင်းရှာပြောပြီး လမင်းစိတ်ဆိုးတာကို သဘောတွေကျနေတတ်သူပါ။

အပြန်လမ်းမှာ တစ်ယောက်ကိုတစ်ယောက် လှည့်ကြည့်လှည့်ကြည့်နဲ့ပဲ ကျောခိုင်းရင်း ပျောက်ကွယ်သွားခဲ့ကြသည်။

ဒါပေမဲ့ ဒါဟာ နေမင်းနဲ့ လမင်းအတွက် ထာဝရကျောခိုင်းခဲ့ရခြင်း ဖြစ်မှန်း ဘယ်သူမှ ကြိုတင်မသိနိုင်ခဲ့ကြပါ။





အခန်း (၁၈)

. မသွားနဲ့ဟု တားနေသံကို ကျောခိုင်းခဲ့မိသည်။ လာမကြိုနဲ့ဟု တားပေမယ့်လည်း နာရီစက္ကန့်သံတွေ တစ်ချက်ချက် တစ်ပတ်ပြီး စ်ပတ် လှန်ပြောက်သွားတိုင်း မျှော်နေရသည့် လည်ပင်းက ရှည်သ က်ရှည်ခဲ့ရ၏။ ထို့ကြောင့် လမင်း ထွက်လာခဲ့ခြင်းဖြစ်သည်။

ညနေခင်းက သက်တမ်းရင့်ကာ ပတ်ဝန်းကျင်မှာ မှိုင်းညို့နေ ည်။ ခါတိုင်းဆို နေမင်း ဒီအချိန်မှာ ပြန်ရောက်နေပါပြီ။

အပြင်ထွက်လိုက်တာနှင့် သူနဲ့ဆုံမိလိမ့်မည်ဟုတွက်၍ လျှောက် ရင်း တောလမ်းကလေးအစပ်ထိရောက်တော့ လမင်း ရှေ့ဆက် တိုးဘဲ ရပ်သွားခဲ့၏။ ဒီနားထိ သူမ ရောက်လာတာကို နေမင်းတွေ့ လျှင် ဆူဦးမည်'

သူကတော့ ဒီအချိန်ဘာလို့ပြန်မလာသေးတာလဲ။ နောက်ပြန် ည့်ဖို့ အာရုံက လှုံ့ဆော်နေပေမယ့် စိတ်တို့က ရှေ့ဆက်ချင်နေမိ သည်။ ထိုစဉ် သူမဘေးဘက်မှ ပြေးလွှားလာသည့် လူရိပ်လိုလို မြင် သဖြင့် လှည့်ကြည့်လိုက်မိသည်။

ကောင်လေးတစ်ယောက် ရှပ်အင်္ကျီလက်တိုက ဟောင်းနွမ်းကာ

ဘာရောင်ဆိုတာ မသိနိုင်တော့။ ပုဆိုးတိုတိုဝတ်ထားသည်က တအား ပြေးလာသဖြင့် ဝိုက်ကာ ပေါင်လောက်ထိ တက်ဝဲနေ၏။

အသက် ဆယ့်လေးနှစ် ဆယ့်ငါးနှစ်လောက်ပဲ ရှိဦးမည်။ ဒီကောင်လေးကို လမင်းမှတ်မိပါသည်။ နာမည်က ဖိုးသား..

တစ်ရွာလုံးမှာ လှည့်ပတ်အိပ် ကြံတဲ့လူကကျေး ဘုန်းကြီးကျောင်းမှာပဲနေတာများကာ ကျပ်မပြည့်ရှာဘူးဟု ဒေါ်လှသီတို့ ပြောသံလည်း ကြားဖူး၏။

ဖိုးသားက သူမနားကို ပြေးလွှားရောက်လာကာ..

"မမ..မမက လမင်းမို့လားဟင်"

"အင်း ဟုတ်တယ် ဘာဖြစ်လို့လဲ"

ဖိုးသားက အားကြိုးမာန်တက်ပြောတော့မလို အသက်တစ်ချက် ရှိုက်သွင်း၍ ပါးစပ်ဖြင့်လိုက်ပြီးမှ ဘာပြောရမှန်းမသိတော့သလို မျက်လုံးကလေး ကလယ်ကလယ်ဖြစ်သွား၏။

"ဘာလဲ ဘာဖြစ်လို့လဲ ပြောလေ"

"ဟို ခြောက် မှတ်မိပြီ ဟိုလူ ဘွား ဖဲ သူတို့..သူတို့"

"ဘယ်သူတွေလဲ"

"မမရဲ့ယောက်ျား"

"ဟင်"

လမင်း ဆတ်ခနဲဖြစ်သွားသည်။

"သူ..သူကို ဟိုလူတွေ"

"ဘယ်သူတွေလဲ ဖြန်မြန်ပြောစမ်းပါ"





"ရန်ဖြစ်ဖူးတဲ့လူတွေလို့ ပြောတာပဲ သူတို့နဲ့ ချနေကြတယ်"

"အို"

"လမင်း ထိတ်လန့်သွားသည်။ ဖိုးသား၏ အစီအစဉ်မကျသော စကားတွေကိုလည်း ခွဲခြားစိဘ်ဖြာဖို့ မတွေးမိဘဲ...

"ဘယ်မှာလဲ ဘယ်နားမှာလဲ"

"ချောင်းဝမှာ"

ချောင်းဝမှာ တောနဲ့ပိုတူသည်။ တချို့က အမဲပစ်ကြသည်ဟု သိရ၏။ လမင်းတွေးလိုက်ခ်သည်က ဟိုးအရင် သူမကို ရိသဲ့သဲ့လုပ်ခဲ့ကြသဖြင့် နေမင်းထိုးကြိတ်လွှတ်လိုက်တဲ့ ရွာသားတွေပဲ ဖြစ်မည်ဟု...

သူတို့ နေမင်းကို မခံချင်အောင် စိန်ခေါ်၍ ထိုနေရာထိ ခေါ်သွားကြလိမ့်မည် ဟိုမှာတော့ သူတို့က အုပ်စုဖွဲ့၍ စောင့်နေကြပေမည်။

နေမင်း မိုက်လှချေလား ခေါ်တိုင်းလိုက်ရသလားဟင် ခြေထောက်နဲ့ မြေကြီးထိသည်မထင်။

ပြေးလွှားရင်း ခြေတစ်ဖဝါးစာသာသာ လမ်းကလေးပျောက်သွားမှ ဘယ်ဘက်လိုက်ရမှန်းမသိဘဲ ခြေစုံရပ်ဝစ်ကာ နားစွင့်ကြည့်ရ၏။

ထိုစဉ်....

"ဟား..ဟား..ဟား"

"စိတ်ပူရှာတာ စိတ်ပူရှာတာ"

"သနားပါတယ်ကွာ မင်းတို့ညာတာရမယ်နော်"

"ဟင်"

မှားပြီဆိုတာ သိလိုက်ချိန်မှာ လမင်း၏ ရှေ့နောက်ပတ်လည်တွင်

ယောကျ်ားလေးယောက်က ပိတ်ရုံပြီးဖြစ်၏။

ဘုရား...ဘုရား.....

"ရှင်တို့"

လမင်း ယုန်သူငယ်လေးလို လှည့်ပတ်ကြည့်ရင်း ဘယ်ဘက်ကို ကျော်ပေးရမှန်းမသိဘဲ ကိုယ်က ဘွန်ပတ်လည်သွားပေမယ့် မရပ်ရဲ...

"သိပ်ကြောက်နေလား လမင်းလေးရယ် မကြောက်ပါနဲ့ ဒီတစ်ခါ အားလုံးအေးဆေးပဲ သွေးထွက်သံယို ဘာမှမရှိဘဲ ပြီးဆုံးသွားမှာပါ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့ ကယ်တင်ရှင်ကြီး ဒီကိုရောက်လာမှာ မဟုတ်ဘူးလေ"

ပြောရင်း သူတို့က ရှေ့တက်လာကြသည်။

"ဟင့်အင်း...ဟင့်အင်း"

လမင်းဘာမှမဆင်ခြင်မိတော့ဘဲ နှစ်ယောက်ကြားထဲကို ဇွတ်တိုး ပြေးသည်။ တမင်အဖမ်းခံလိုက်သလို ဖြစ်သွား၏။

"လွှတ်..လွှတ်နော် ကယ်ကြပါဦးရှင်"

ကြောက်ကြောက်နှင့် အား...ခါင်ခြစ်အော်သော်လည်း အသံက မထွက်နိုင် လမင်းကို သူတို့ဝိုင်းချုပ်လိုက်ကြသည်။

"ဟိတ် ခွေးသူခိုးတွေ လွှတ်လိုက်စမ်း"

"ဟင်"

အားလုံးပဲ မထင်မှတ်ကြသောကြောင့် လန့်ဖျပ်လှည့်ကြည့်ကြ၏။

"ဟိုကောင် ကြည့်စမ်း"

"အံမာ ဟိုအရူးက လမ်းပြ"





နေမင်းနှင့် သူ့နောက်မှာ ဖိုးသားက ကုတ်ချောင်းချောင်းလေးရပ်လျက်....

"အရူးက ပေးတာယူပြီး ပါးစပ်ပိတ်မနေဘူး နှစ်ဖက်စားစားချင်သေးတယ် တွေ့မယ် ခွေးသူခိုး အရူး"

သူ့ကို ကြိမ်းမှန်းသိသည်နှင့် ဖိုးသားက ဘုတ်ခနဲ လှည့်ပြေးသည်။ သူတို့ ဖိုးသားကို ဂရုမစိုက်တော့ဘဲ နေမင်းဆီ ပြေးဝင်ကြ၏။

"လာခဲ့"

"အို...လွှတ်...နေမင်း...နေမင်းရေ"

"ဟေ့"

နေမင်းအာရုံတွေ လမင်း၏ အော်သံဆီရောက်သွားလျှင် မျက်နှာမှာ ရွပ်ခနဲ မီးပွင့်သွား၏။

"နေမင်း...အား"

"လမင်း...ဟိတ်ကောင်တွေ"

နောက်ထပ် ရွပ်ခနဲ ဖြစ်သွားသည်နှင့် လူက ဘယ်လိုမှ မဟန်ဘဲ ရှေ့ကို စိုက်ကျသွား၏။

လမင်း၏ စူးစူးဝါးဝါး အော်သံက ပိုပိုဝေးသွားသလိုရှိကာ သူ၏ စိုးရိမ်မှုက ကိုယ့်အတွက် မဟုတ်တော့ဘဲ လမင်းထံသို့သာ...

"ချကွာ"

ဒီတစ်ခါ အငိုက်မခံရဖို့ အရှုံးမပေးဖို့ အားတင်း စုစည်းလာသူတို့က လမင်းဆီသို့သာ အာရုံတွေပြားနေခဲ့သည်။ နေမင်း၏ ကာစဉ်ကလျား ကာကွယ် တိုက်ခိုက်မှုတွေကို အခွင့်ကောင်းယူသွား၏။

"နေမင်း အမလေး မလုပ်နဲ့ မလုပ်ကြပါနဲ့"

လမင်း၏ စူးစူးဝါးဝါးအော်သံသည် သူ့ဆီကို အန္တရာယ်တစ်ခု တစ်ရာ လာနေတာကို လန့်အော်နေတာမှန်း သိလိုက်၏။

ဒါပေမဲ့ နေမင်းဘာမှမမြင် ကြားနေရသော်လည်း ရုတ်တရက် လှုပ်ရှားရှောင်တိမ်းလို့ မရတော့ပေ။

"ခုတ်"

"အင့်"

"အား"

လမင်း၏ အော်သံကို နားထဲမှာ ကြားလိုက်ရခြင်းသည် ခေါင်းကို ရိုက်ချလိုက်၍ နာတာထက်ဆိုးပါ၏။ နေမင်း မြေကြီးနဲ့ လဲကျသွားကာ ဘာဆိုဘာမှ မသိတော့ပေ။

"တွန်းချပစ်လိုက် ချောင်းထဲပါသွားလိမ့်မယ်"

"အသေရိုက်သတ်ပစ်မယ်ကွာ"

"မလိုပါဘူး သေမှာပဲ အလုပ်ရှုပ်လို့ကွာ"

တောကြို့အုံကြားကနေ ဒရွတ်ဆွဲသွားကာ ချောင်းဘက်ကို ခေါ် သွားကြတာ မညာမတာ။

"နေမင်း... နေမင်းရယ်"

လမင်း ရှိုက်ငိုရင်း အသံပျောက်သွားသည်။ သူမကိုယ်ကို မြေပြင် သမ်းရှက်ချုပ်တဲ့များပေါ် တွန်းချပစ်လိုက်ခြင်းခံရမှ စိတ်က ကိုယ့်အဖြစ် ဆီ ပြန်ရောက်၏။

လူယုတ်မာတွေ ငါသေပါစေ ငါ့ဘဝမပျက်စီးစေရဘူး ငါ့ရင်သွေး





လေး နေမင်းရဲ့ ကလေးလေး မညစ်နွမ်းရဘူး။ လမင်း အံကြိတ်လိုက် ၏။

"အံမာ ရုန်းနေလိုက်တာ"

အသေခံ၍ ရုန်းကန်နေသူကို ဘယ်လိုမှ ဖိချုပ်လို့ အဆင်မပြေ နိုင်ဘဲ ဒေါသတွေ ထွက်လာကြ၏။

"ချကွာ"

"အံ့"

လမင်းမျက်နှာလေး ဘယ်ပြန်ညာပြန် လည်ထွက်သွား၏။ ခေါင်း တစ်ခုလုံး ဦးနှောက်မှစ၍ မွှင့်ထွက်သွားပြီလား ထင်ရသည်။ မျက်လုံးတွေထဲမှာ အနီအဝါတွေ အကြာကြီး စီးမြေ ဝနေခဲ့၏။

"ပျော့ပျောင်းသွားအောင် နည်းနည်းပညာပေးကွာ"

"နည်းနည်းမဟုတ်ဘူး ဟိုမှာကြည့် တော်တော်စိတ်ကြီးတဲ့ မိန်းမ"

"ဟင်"

တစ်ယောက်က ငုံ့ကြည့်ပြီး မျက်လုံးပြူးသွား၏။

"ငြိမ်ငြိမ်နေစမ်း ကဲဟာ"

မတ်ရား အစမ္ပကြံဖို့ ကြိုးစားနေသူက မအောင်မြင်လေ ဒေါသ ကြီးလေမို့ စိတ်ရှိလက်ရှိ ရိုက်သည်။

ဝမ်းနှစ်ဖက်မှကိုင်၍ မြေပြင်နှင့် ဆောင့်ပစ်၏။ လမင်းနှာခေါင်း နှင့် နှုတ်ခမ်းဖျားမှလည်း သွေးဟို့နီရဲလျက်...

"မပါက်ဒေါ ဒေါသကြီးမနေနဲ့ကွ သေသွားဦးမယ်"

"သေပါစေကွာ နည်းနည်းမှကို မလျှော့ချင်ဘူး ကဲကွာ"

"အား"

"ဟာ ဟိုတ်ကောင် သွားပြီ"

"ဟင်"

ဖန်းကို ဆွဲမပြီး ပစ်ဆောင့်လိုက်တော့ နောက်စေ့နှင့် ပြန်ကျ
လမင်း နှာကျင်စွာအော်ရင်း မျက်ဖြူလန်ကျသွားသည်။

"သွားပြီ တကယ်သွားပြီ"

"ကြည့်စမ်းပါဦးဟာ"

သုံးယောက်လုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြ၏။ လ
ကိုယ်မှာ ဖရိုဖရို ဖြစ်နေသော်လည်း လှုပ်နိုးတာ ဘယ်လိုမှနိုးလို
တော့ပေ။ တစ်ယောက်က နှာခေါင်းကို ကပ်ကြည့်သည်။

"အသက်မရှူတော့ဘူးထင်တယ် ငါပဲ ထူပူနေလို့လား လာကြ
ကြပါဦး"

ရိုက်သတ်ပစ်သူက နောင်တဖြစ်ပုံမရဘဲ ထွီခနဲ တံတွေးထွေ
ထရပ်သည်။ ပြီးတော့ ခါးထောက်လိုက်ပြီး...

"သေပါစေ တို့ရွာကလူတွေမှမဟုတ်တာ ချောင်းထဲသာ တွန်
လိုက်"

"ပြန်ပေါ်မလာအောင် ခဲဆွဲချကွာ"

လမင်းကို ခေါင်းနဲ့ ခြေ မခေါ် သွားကြပြီး ကျောက်တုံးနဲ့ တကယ်
ချည်၏။ အားလုံးကို ချောင်းမြောင်းကြည့်နေသူက ဖိုးသားပဲဖြစ်သည
သူ့ကို မုန့်တွေကျွေးကာ ပိုက်ဆံလည်းပေးသည်။ လမင်း
ညာခေါ်နိုင်းတော့ မုန့်စားချင်လို့ ခေါင်းညိတ်လိုက်ပေမယ့် ဒါဟ





မကောင်းမှု ကျူးလွန်ဖို့ဖြစ်နိုင်တာကို တွက်မိသည်။

အားလုံးက အရူးဟု သတ်မှတ်ထားကြပေမယ့် နေမင်းပျောက်
သတာမြင်လို့ပြေး၍ သတင်းပေးလိုက်တာလဲ သူပါပဲ။

သူတို့တွေ သွားကြတော့ ဖိုးသားအကျီကော ပုဆိုးပါ ချွတ်လိုက်
ပြီး ဘောင်းဘီတိုလေးနှင့် ချောင်းရေထဲ ငုပ်ဆင်းလိုက်ခဲ့၏။

တစ်ဘဝလုံးမှာ အလုပ်မရှိဆုံး လူပိုကလေးဖြစ်နေခဲ့ခြင်းကြောင့်
ကိုယ့်ဘဝကိုယ်ကြောင်းဖို့ ငါးရှာဖားရှာလုပ်ရင်း ရေကူးကျွမ်းကျင်နေ
ခဲ့သည်။

ရေထဲမှာ အကြာကြီးငုပ်၍လည်း နေနိုင်၏။ ထို့ကြောင့် ချောစ်လိုက်
သည့် နေရာမှာပဲ ရှိနေသည့် လမင်းကို သူရှာတွေ့ခဲ့သည်။

လမင်းအသက်ကို သူကယ်တင်နိုင်ခဲ့ပေမယ့် သွေးသံရဲရဲနှင့် လမင်း
နားမှာ သူကြာကြာမနေရဲ။ အနောင်အဖွဲ့တွေကိုဖြေ၍ ဒီတိုင်းရပ်ထား
သည့် လှေကလေးတစ်စီးပေါ် တင်ပစ်ခဲ့၏။ ပြီးတော့ သူတို့ပစ်ချခဲ့သော
လမင်းကို လှေထဲမှာ ရှိနေမှန်းသိသွားလျှင် သူကယ်တာမှန်း သိသွားနိုင်
သည်။ ဖိုးသား ဒါလည်း တွေးမိ၏။ ထို့ကြောင့် လှေကို ကြိုးဖြတ်ချ
လိုက်သည်။

နောက်လှည့်မကြည့်တမ်း ပြေးထွက်ခဲ့ရင်း လှေကလေးမျောသွား
သည့်ပုံကို မျက်လုံးထဲမှာ မြင်နေခဲ့၏။

သူကြိုးစား၍ ရေတွေအန်ချကာ အသက်မှန်မှန်ရှူနေပြီဖြစ်သော
လမင်းတစ်ယောက် သတိကောင်းကောင်းရလာပြီး နောက်ထပ်ကယ်
မယ့်သူနဲ့ တွေ့ပါစေဟု ဆုတောင်းမိ၏။ သူကတော့ ဟိုလူအုပ်စု

အန္တရာယ်က လွတ်အောင် ကြံဖန်ရုန်းရဦးမည်။

လွတ်မြောက်နိုင်ပါ့မလား။ နောက်ဆုံး ဆရာတော်ဘုရားထံမှာ ဖွင့်ဟလျှောက်တင်လိုက်ဖို့ထိ သူဆုံးဖြတ်လိုက်မိသည်။

မတရားမှုဆိုတာ ဆိတ်ကွယ်ရာမရှိဟု ဆရာတော်ဘုရား ခဏခဏ ဟောကြားဆုံးမဖူး၏။ ဒါဟာ အမှန်တရား....



အခန်း (၁၉)

ပန်းချီကားတစ်ချပ်ရှေ့မှာ ကြာမြင့်စွာ ရပ်နေမိမှန်း တောင့်တင်းလာသည့် ခြေထောက်တွေက သတိပေး၏။

စိမ်းညို့ညို့မှာ အဝါတချို့ရောနေသော တောလမ်းကလေးက မြက်ရုံ့တချို့ ဖုံးလွှမ်းနေတာကို ပြ၏။

လမ်းကို ဖော်ပြထားတာ မဟုတ်ဘဲ ဝါးခမောက်ဆောင်းထားသော လူကြီးလူငယ်နှစ်ယောက်၏ လမ်းလျှောက်လာပုံ ကိုယ်တစ်ပိုင်းနီးနီးလောက်ပဲ ပြထား၏။

ဒါဆို ဒါဟာ လမ်းကျဉ်းကလေးဖြစ်မည်။ တစ်ဖက်မှာတော့ ရှာငှံတူသော ခေါင်မိုးစပ်ကျဲကျဲနှင့် အဝေးပုံဆွဲထား၏။ မျက်လုံးထဲမှာ မြင်ကွင်းမျိုးကို နှစ်သက်နေသည်။

ဒီလူနှစ်ယောက်၏နေရာမှာ သူဖြစ်ချင်နေ၏။ သူ့ခြေလှမ်းတွေ ရှေ့သည်။

ပြတင်းတံခါးမှာ ကာရံထားသည့် ခန်းဆီးစလေးကို လက်တစ်ဖက်နှင့် တိမ်းဖယ်၍ အောက်ကို ငုံ့ကြည့်လိုက်တော့ လူတွေ ကားတွေ

ပျပ်ထွေးလျက် အောက်တည့်တည့်မှာတော့ သူပိုင်ဆိုင်သော စက်ရုံဝင်းကြီးဖြစ်ကာ အလုပ်အတွက်သုံးသည့် ကားကြီးကားငယ်တွေက သူတာဝန်နှင့်သူ ရပ်ထား၍လည်းကောင်း ဝင်ထွက်နေကြ၍လည်းကောင်း ပုပုရွရွလှုပ်ရှားနေကြသည်။

"မမြင်ဘူးလို့လား မိုး"

နောက်က အသံကြားတော့ လှည့်ကြည့်လိုက်၏။ သူငယ်ချင်းလည်းဖြစ် အစ်ကိုဝမ်းကွဲလည်းတော်သည့် စိုးသော်ဖြစ်၏။

"လာကွာ မိုက်ဆာလို့ သွားလုပ်လာတာ အလွယ်တကူ ခေါက်ဆွဲကြော်ပဲ"

စိုးသော်က အိတ်ထဲက ဖော့ဘူးကလေးတွေကိုထုတ်၍ ဒီတိုင်းပဲ တူတွေတပ်လိုက်သည်။ ပြီးတော့ အချိုရည်ဘူးတွေနှင့် အားလုံးစုံနေသည်။

"မင်းက ကျန်းမာရေး မကောင်းသေးဘဲနဲ့ အလုပ်ထဲဘာလို့လိုက်သွားတာလဲ ဘွားပြောလို့ ငါလိုက်လာတာ ခေါင်းကို ပြင်းပြင်းထန်ထန်ဖြစ်ထားတာဥစ္စာ နားဦးမှပေါ့"

သူခေါင်းခါ၍ စားပွဲဘေးမှာ ပြန်ထိုင်လိုက်သည်။

"သက်သာနေပြီပဲကွာ အိမ်မှာ လူမမာလုပ်နေလည်း မိန်းမပေးစားဖို့ကျတော့ လူမမာဆိုပြီး ချမ်းသာပေးမှာမှ မဟုတ်တာ"

"ဟား...ဟား...ဟား"

သူ စားဖို့ပါ သေချာဖွင့်၍ ရှေ့တိုးပေးရင်း စိုးသော်က ရယ်သည်။

"မင်းကလည်းကွာ မိန်းမပေးစားမှာစိုးလို့ မင်းထွက်သွားတာ





သူတို့ကသိတယ် ဟိုနားဒီနားပဲဆိုပြီး မင်းကို ဒေါ်ပွပွနဲ့ စေ့စပ်ကြောင်းလမ်းခြင်း သတင်းတစ်ခါတည်း ထည့်ပစ်လိုက်တာကိုးကွ"

"အဲဒါ ခက်တာပေါ့"

"တော်သေးတယ်ဆရာ မိန်းကလေးဘက်ကလည်း အခက်အခဲရှိနေလို့ နေပါဦးဆိုလို့"

"ဘွားက ဗွတ်ကြီးကွ"

သူမျက်နှာရှုံ့မဲ့ကာ တူကိုင်လျက်ငိုင်နေတာကို စိုးသော်က ခေါက်ဆွဲစားရင်း မေးဆတ်ပြ၏။ စားခိုင်းနေပေမယ့် သူမျိုချလို့မရ။

လက်ရှိကုမ္ပဏီလုပ်ငန်းတွေ အောင်မြင်နေတဲ့ကြားကနေ သူတတ်ထားသည့် ပညာကို ရင်းနှီးကာ ဝါသနာပါသည့်အတိုင်း စက်ရုံတည်ထောင်ခြင်းကို သူပဲ ဦးစီးခဲ့တာဖြစ်၏။

ဒီထဲကနေ မိန်းမယူဖို့ ဘွားနဲ့မေမေ အပြိုင်အဆိုင် ကြိုးစားနေခဲ့ကြတာ သူမှာ လူမမာဘဝနဲ့ ပြန်ရောက်လာတာတောင် အနား...ခနေရ။

"မိန်းကလေးရှင်ဘက်ကို အရမ်းအားနာဖို့ကောင်းနေလို့ပါ မြေးရယ်စေ့စပ်တဲ့သတင်း သတင်းစာမှာထည့်ဖို့ကိစ္စကို ဘွားပဲတောင်းဆိုခဲ့တာ မြေးကို ဒီမှာ စီစဉ်ပြီးပြီပြန်ခဲ့လို့ ခေါ်တယ်ပေါ့ ကြားထဲမှာ မြေးက ပျောက်သွားတော့ ဒါကြီးကို ဖုံးဖိနေရတာ ဘယ်လောက်ပင်ပန်းလဲ သတို့သားက မလိုချင်လို့ ကိုယ်ယောင်ပျောက်သွားတယ်ဆို ကောင်းတော့မလား"

"ဟုတ်တာပဲဟာ"

သူ အမတွန့်တက်တော့ ဘွား ဆတ်ဆတ်ခါသွား၏။

"အမလေး ဒီလိုသာ သိသွားရင် မစိုးတိမ်တို့ ဖျတ်ဖျတ်လူးသွား မှာပေါ့ သူတို့ကလည်း တစ်ဦးတည်းသောသမီးလေးပဲ ဘွားတို့ထော် တောင် ချမ်းသာသေးတယ် အခုတောင်မှ မြေးကို ဝင်ပါ ထွက်ပါ ဘာညာဖိတ်လာတာ မရှိလို့တော်သေးတာ သူတို့မှာလည်း မိန် လေးကို နားချနေရတာ ဖြစ်မှာပေါ့ ချောချောလှလှ နုနုငယ်ငယ်လေးထိုး"

"သူကလည်း မလိုချင်တာ ပြီးတာပဲ ဘွားရာ"

သူဘယ်လိုပဲ ငြင်းငြင်းမရပါ မေမေကတောင် လက်လျှော့ ရသည့် ဘွား။

"မင်းရဲ့ဘွားသဘောတူတာကိုပဲ ခေါင်းညိတ်လိုက်ပါ သားရေ အားလုံးက စီစဉ်ပြီးနေပြီ သားလည်း ငယ်တော့တာမှ မဟုတ် ကျန်းမာရေးကလည်း ရှိသေးတယ် ကိုယ့်နားမှာ ပြုစုပေးမယ့်သူ ကောင်းပဲဥစ္စာ"

မေမေနဲ့ဘွားတို့ ပူးပေါင်းသွားတော့ သူ ဘာမှ မတတ် တော့ပါ။ ဒါပေမဲ့ သူစိတ်ထဲမှာ မတင်မကျဖြစ်နေဆဲ။

စားပွဲမှာထိုင်လျက် ဘွားတို့စကားတွေကို ပြန်စဉ်းစားရင်း သူ ဖို့တွေ ရှုနေတာကို သတိရလာသည်။

"စိုးသော်"

"ဘာလဲ"

စိုးသော်က အစ်ကိုဆိုပေမယ့် သူငယ်ချင်းတွေလို နေခဲ့ကြ မို့ မင်းနဲ့ငါဆိုတာ ပြောနေကျ...

"ငါ့ကို မင်း ဘယ်ကတွေ့လာတာလဲ"





"ကြော် ပင်လယ်ဝကပါဆို"

"တိုက်ဆိုင်လိုက်တာနော်"

သူမှာ အံ့ဩလို့မဆုံး ရှိနေဆဲ။ စိုးသော်က စားလိုက် သောက် လိုက်နှင့် ခေါင်းညိတ်၏။ သူ့ကိုလည်း စားဖို့မတိုက်တွန်းတော့ဘဲ...

"သဘောမှာ ဈေးလိုက်ရောင်းတဲ့ စက်လှေပေါ်မှာ မင်းကိုတွေ့ တာပါဆို သူတို့က မင်းကို ပြုစုပေးနေကြတာ"

"အင်း ငါသတိမလစ်ပါဘူး သူတို့ဆီ မင်းရောက်လာတော့ ငါသိ တယ်"

"မင်း သတိရနေပြီလေ ငါကလည်း သဘောသွားတော့မလို့ စီစဉ် နေတာ မင်းကို တွေ့တာနဲ့ သယ်ပိုးပြီး ဆင်းနေခဲ့ရတဲ့အဖြစ်"

သဘောမှာ သူကရေကြောင်းပြလည်းဟုတ်သည်။ ဆလင်ဆို လည်း ဟုတ်၏။ မိုးကိုမြင်မှ သူ့မှာအားလုံးကို လွှတ်ထားခဲ့ပြီး ရန်ကုန် ပြန်တက်ခဲ့ရသည်။

မိုးပျောက်နေတာကြာပြီဟု ရန်ကုန်ရောက်တုန်းက သူသိခဲ့၏။ မိုးကို တွေ့တော့လည်း "ငါ ကားမှောက်တာ" ဟု ပြောပြီး မနေ့တစ် နေ့ကပဲ ဖြစ်ခဲ့သလိုလို...

"ပြောတော့မယ်မိုးရာ ကားမှောက်တဲ့လူက ပင်လယ်ထဲရောက် နေရောလား"

စိုးသော်က အမှတ်တမဲ့ပြောလိုက်သဖြင့် အဖြစ်မှန်ကို သူသိခဲ့ရ ၏။ လူကြီးတွေကတော့ သူထင်ထားသလိုပဲ ဘာလိုလိုပုံစံနှင့် ထို ကိစ္စ တွေကို ဖျောက်ဖျက်ဖို့ ကြိုးစားခဲ့ကြတာဖြစ်သည်။

ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ဂါးကို အဝေးပြေးလမ်းမကြီးနားမှာတွေ့ပြီး လူပျောက်နေတဲ့အဖြစ်တွေကအစ ဘာကိုမှ ပြန်မဆွေးခဲ့ကြပေ။

နိုးသော် ရက်တရက်ပြောချလိုက်သည့် စကားမှာ သူသံသယဝင်ခဲ့၏။ ထို့ကြောင့် ဟိုကောက်မေး ဒီကောက်မေးနှင့် သူပျောက်နေခဲ့တာ ရက်တွေလတွေတောင် ကြာခဲ့သည်မှန်း သိခဲ့ရသည်။

"နိုးသော်"

"ဘာလဲကွာ"

စဉ်းစားလိုက်မေးလိုက် လုပ်နေသဖြင့် စားသောက်နေသော နိုးသော်က မော့မကြည့်ဘဲ ပြန်ထူးသည်။

"ငါ ပျောက်နေတဲ့ ကာလတွေမှာ ဘာတွေဖြစ်ခဲ့မယ် မင်းထင်သလဲ"

"ဘယ်သိမလဲကွ မင်းကိုယ်မင်းတောင် မသိတဲ့ဟာ အဟွန်း ရုပ်ရှင်တွေထဲကလို အတိတ်တွေဘာတွေ မေ့နေလားမှ မသိတာ"

နိုးသော်က နောက်လိုက်တာပေမယ့် သူ့စိတ်ထဲမှာလည်း ဒီအတိုင်းပဲ တွေးနေမိတာကိုး။

"ဖြစ်နိုင်တယ် ဒါပေမဲ့ ငါ့ကိုကယ်ခဲ့တဲ့ လှေပေါ်က မိသားစုကိုလည်း ငါမသိဘူးဆိုတော့ ငါ့ဒဏ်ရာတွေ ဘယ်လိုရလာတာလဲ"

"အဲဒါ သူတို့ကလည်း မသိဘူးလို့ပြောတာပဲ မင်းကို ရေထဲက ဆယ်ခဲ့ကြတာတဲ့ မင်းတစ်နေရာရာမှာ ရန်ဖြစ်လာတာဖြစ်မယ် ခေါင်းခြောက်ခံမနေနဲ့ကွာ ခုမေ့နေလည်း အကြောင်းတိုက်ဆိုင်ရင် မင်းသတိရလာမှာပေါ့ ငါ့သဘောကတော့ စိတ်ပြေလက်ပျောက် မင်းရဲ့ဘွား





ေးစားတဲ့ မိန်းကလေးကိုပဲ လက်ထပ်စေချင်တယ် ဘာပဲဖြစ်ဖြစ် မင်းမလွဲမသွေ လက်ထပ်ရမှာပဲ ခု လက်ထပ်လိုက်တော့ မင်းတွေးနေနေတာတွေ ပျောက်သွားတာပေါ့"

"သူက ငါ့ကို မလိုချင်လို့ ငြင်းနေတာပဲကွ"

"မင်းကကော လိုချင်လို့လား"

"အတူတူပဲ"

"အဲဒီတော့ နှစ်ယောက်က အညီအမျှပဲ ဘယ်သူမှ မနစ်နာဘူး"

"ဘာကိုလဲ"

"မချမ်းကြဘူးလေ ချစ်ဖို့ကြိုးစားကြပေါ့ကွ"

"လွယ်တယ် မထင်ဘူး"

"မင်းက ပေါက်ကျားပဲ ကိုယ်က ကြိုးစားပေါ့"

"ငါ့ရင်ထဲမှာ တစ်စုံတစ်ခုရှိနေသလိုပဲ"

နိုးသော်က စားသောက်ခြင်းအားလုံးကို လက်စသတ်ပစ်လိုက်ပြီး သူ့ကိုကြည့်၏။

"ဘာတစ်စုံတစ်ခုမှ မဟုတ်ဘူး မင်းဘာတွေ ဖြစ်ခဲ့တယ်ဆိုတာကိုပဲ သိချင်နေတာ မင်းအကျင့်ကိုက အဖြေမရမချင်း အိပ်ပျော်တတ်တဲ့ ကောင်မှ မဟုတ်ဘဲ ဒီမှာ မိုးသားမျက်နှာရေ အဲဒါ မင်းစာသင်ခန်းထဲမှာပဲ အိပ်ပေတော်ဖြစ်မယ် ခုချိန်မှာတော့ မင်းဦးနှောက်တွေ အလုပ်လုပ်ရင်းနဲ့ ရှော့ဝင်သွားတဲ့ ကြိုးတွေလို တဖြည်းဖြည်း ပျော်ကျသွားဖို့ပဲ ရှိမှာ"

"ဘာဖြစ်ဖြစ်ကွာ ငါသိချင်တာကို သိခွင့်ရပြီးမှ နောက်တစ်ဆင့်

တက်ချင်တာ"

"မင်း မရပါဘူးမိုးရာ ဘွားကိုလည်း သနားပါတယ် မင်းသဘော
ကျ အားလုံး ဖြစ်ပေးခဲ့ကြတာ ဒီအချိန်ထိပဲဥစ္စာ မင်းဘက်က လျှော့
သင့်ပါပြီ ငါလည်း ဒီညနေပဲ သဘော်နောက်ပြန်လိုက်ရမယ် မင်းစော
မင်းနိုင်အောင်ကုပေတော့"

မိုးခေါင်းမော့ကာ အသက်ကို တစ်ဝကြီးရှူသည်။ ပြီးတော့ ထု
ခနဲ မှုတ်ထုတ်မပစ်ပဲ နှုတ်ခမ်းတွေကို ပိတ်၍ ခပ်ဖြည်းဖြည်း လျှော
ချသည်။ ရင်ဝမှာတော့ အောင့်သက်သက်ကြီး ဖြစ်သွားမိ၏။

ရှူသွင်းထားသည့်လေတွေ နှာခေါင်းဝမှ တဖြည်းဖြည်းစိမ့်ထွက်
နေဆဲမှာ ဆုံးဖြတ်ချက်တစ်ခုခုကို ဆုပ်ဖမ်းဖို့ကြိုးစားကြည့်သည်။

နောက်ထပ် အသက်ရှူဖို့ အဆင်သင့်ပြန်ဖြစ်နေသည်အထိ ရင်
ထဲမှာ ဘာမှ မရေရာ ထိုစဉ်မှာ ဖုန်းသံမြည်လာ၏။

သူကိုင်နေကျ လက်ကိုင်ဖုန်းမဟုတ်ပါ။ လောလောဆယ် သူ့အ
တွက် စီစဉ်ပေးလိုက်ကြသည့် ဖုန်းအသစ်။

စားပွဲပေါ်မှာ မြည်နေတာကို လက်တစ်ကမ်းလေးပေမယ့် မကိုင်
ဖြစ်။ စိုးသော်က ကောက်ယူလိုက်၏။ ပြီးတော့ ရယ်ကျဲကျဲနှင့် သူ့ကို
ကမ်းပေးသည်။

"အန်တီမွန်"

မေမေမှန်းသိတော့ သူ့နှုတ်ခမ်း မသိမသာမဲ့ကျသွား၏။ ဒါပါပဲ...

"သားလေး အလုပ်ထဲရောက်နေတယ်ဆို သားရဲ့ဘွားမုန်းဆတ်
တာ ပြန်သွားလိုက်ပါကွယ် ဘွားစိုက်ပူနေရှာတာ နေမကောင်းသေးဘဲ





ဘာလို့ အလုပ်ထဲရောက်သွားတာလဲ"

"ပြန်မှာပါ မေမေ ပစ်ထားတာကြာပြီမို့လို့ လာကြည့်တာပါ
ဒါပေမဲ့ ဘွားဆီကိုတော့ မပြန်ချင်ဘူး ကျွန်တော့်အိမ်ကိုပဲပြန်မှာ"

"လုပ်ပြီကွယ် သားနေမှမကောင်းသေးတာ တစ်ယောက်တည်း
မနေရဘူးလေ"

"တစ်ယောက်တည်းနေရတာ စိတ်ချမ်းသာလို့ပါ ဘွားကို မေမေ
ပဲပြောလိုက်ပါ စီစဉ်မယ်ဆိုလို့လည်း ခေါင်းမညိတ်ပေမယ့် ကျွန်တော်
မငြင်းခဲ့ပါဘူး ဒီမှာခေါင်းလည်းမကြည်ဘူးဖြစ်နေတယ် နောက်ထပ်
ဘာမှ နားမပူပါနဲ့လို့ နော်"

"သားရယ် မင်္ဂလာကိစ္စလုပ်ကြရင် သားမပါလို့မှမဖြစ်တာ
ဘွားက အသက်ကြီးနေပြီး စိတ်မဆင်းရဲပါစေနဲ့တော့ကွယ် နည်းနည်း
တော့ သည်းခံလိုက်ပါ ကောင်မလေးက တကယ်ငယ်ငယ်လှလှလေး
ရယ် မေမေ ရောက်ပြီးပြီသားရဲ့ သား မြတ်နိုးသွားမှာပါ"

ဘယ်လိုပဲ လူကြီးပေွ ပြောနေနေ သူမှာဝမ်းမြောက်ဝမ်းသာ
မဖြစ်နိုင်။ ရင်ထဲမှာ ဘာမှန်းမသိသော ကြေကွဲမှုတစ်စုံတစ်ရာသည်...

အခန်း (၂၀)

မွေ့ရာနုနုထက်မှာ တင်ပလ္လင်ခွေထိုင်လျက် လက်နှစ်ဖက်တို ဒီတိုင်းတွဲလွဲစုံချထား၏။ မျက်ရည်တွေ တတောက်တောက် ကျနေ တာကို သုတ်ပစ်တာလည်းမဟုတ်။

"ကဲ..ကဲ..ထ ရေချိုးတော့လေ တော်ကြာ မောင်မိုးသား လာခေါ်တော့မှာ"

"ရင်ခွင် မလိုက်ချင်ဘူး မာမီ"

"အို ဖြစ်မလား"

"ဘယ်လို ပြောလိုက်တာလဲ ရင်ခွင်"

ညီအစ်မနှစ်ယောက်လုံး ဆတ်ခနဲ ဖြစ်သွားကာ လေသံများမှာ လည်း ဒေါသငွေ့တွေပါသွား၏။ အခေါ်ဖြစ်သည့် ဒေါ်ရွှေရုံက ရင်ခွင့် ဘေးမှာ ထဘီတစ်ဖက်ပင့်တင်၍ ထိုင်ချလိုက်သည်။

"ညည်းလေးဟာ လရိပ်ရင်ခွင်လို့ ပျော့ပျော့ပျောင်းပျောင်းလေး မှည့်ထားလို့တော်တော့်တယ်နော် နေသူရိန်တို့ တက်နေတို့သာ မှည့် လိုက်ရင် သွားပြီး သိပ်ကိုခေါင်းမာတဲ့ မိန်းကလေး"

"ခေါင်းမာတာမဟုတ်ဘူး အန်တီ ရင်ခွင့်မှာ..."





"အို ဘာဖြစ်ဖြစ် ညည်းဟိုကနေ ပြန်လာတာ ဘယ်သူမှ မသိ ဘူး ကြားထဲမှာ ဘယ်ပျောက်နေသလဲ ဘာတွေဖြစ်ခဲ့သလဲ ဘယ်သူက လည်း စိတ်မဝင်စားဘူး အားလုံးက သူငယ်ချင်းတွေနဲ့ ဘုရားဖူး သွားတယ်ပဲထင်ကြတာ အန်တီတို့ကလည်း သူ့ဦးလေးတွေဆီ ဝင်နေ ယ်လို့ ဖုန်းဆက်ထားတဲ့အကြောင်း သတင်းလွှင့်ထားတာ"

"ဒါက ဒါပဲလေ အခု ရင်ခွင့်မှာ ကိုယ်ဝန်နဲ့"

"ဘာဖြစ်လဲ စမ်းသပ်ထားတဲ့အတိုင်းဆို သုံးလတောင် မပြည့် သေးဘူးတဲ့ ခုနှစ်လနဲ့မွေးလို့ရတာပဲ သူနဲ့လက်ထပ်ပြီးသွားတော့လည်း နှစ်လနဲ့ မွေးတယ်ပေါ့ ကိုယ့်ယောကျ်ားနဲ့ကိုယ် အဆင်ပြေသွားဖို့ပဲ လိုတာ"

"ဒီကိစ္စကြီးကို ဖုံးဖိထားလို့ရမလား အန်တီ သွေးက သူ့သွေးမှ မဟုတ်တာ"

"ဒါတွေက နောက်ကကိစ္စ လောလောဆယ် ဒီကိုယ်ဝန်မှာ အဖေ ရှိရမယ် တို့အသိုင်းအဝိုင်း ဆွေမျိုးအားလုံး အရှက်မကွဲဖို့ရယ် ဒါပဲ"

ရင်ခွင်ကခုကျမှ မျက်ရည်သုတ်ဖို့ သတိရသလို ပါးနှစ်ဖက်ကို လက်တစ်ဖက်စီနှင့် ဘယ်ပြန်ညာပြန် ဖြစ်သလို ပွတ်တိုက်ပစ်လိုက်ပြီး...

"နောက်မှသိတာက ပိုဆိုးမှာ အန်တီ ရင်ခွင်ရှက်တယ် အန်တီ တို့က မပြောပေမယ့် သန္တာတို့ပြောလို့ ရင်ခွင်သိပြီးပြီ အဲဒီမိုးသားမျက် ဆိုတဲ့လူက သိပ်မာနကြီးတဲ့လူတဲ့ ပညာလည်းတတ်တယ် မောက် လည်း မောက်မာတယ်တဲ့"

"ကိုယ်ကော ပညာမတတ်လို့လား သူ့လိုမောက်မာလို့ မရလို့

လား"

"ပြီးတော့ မိန်းမမလိုချင်လို့ တမင်ရှောင်ထွက်သွားတာတဲ့"

"ဟော့ရင်ခွင်"

ဒေါ်မြရဲ့ ဝင်ပါလာမှ ပို၍ပြတ်သားသွား၏။ ဒီသမီးလေးတစ်ယောက်တည်း ဖတဆိုးလေးမို့ အလိုလိုက်ထားတာ အိမ်ထောင်ရေးထိတော့ လွတ်လပ်ခွင့်မပေးနိုင်ပါ။

"သမီးကို မာမီတစ်ခုပဲပြောမယ် မိုးသားမျက်နှာက မာနကြီးတယ် မောက်မာတယ် ဒါတွေတကယ်ဟုတ်ဟုတ် မဟုတ်ဟုတ် အိမ်ထောင်ဘက်ကောင်းဖြစ်ဖို့မှာ အိမ်ထောင်ရေးဖောက်ပြန်တတ်တဲ့ ပွေရှုပ်တဲ့ အကျင့်မရှိဖို့ပဲ ဒီလိုလူမျိုးက သိက္ခာနဲ့မလဲတဲ့ လူစားမျိုး နောက်နောင်သူ့စနီးဖြစ်နေပြီဖြစ်တဲ့ သမီးကို သူဘယ်တော့မှ ပုတ်ခတ်ပြောဆိုမှာမဟုတ်ဘူး ပညာရှိတဲ့လူဟာ ပက်လက်လှန်ပြီး တံတွေးမထွေးဘူး အဲဒါကို မှတ်ထား"

"ရင်ခွင်က မသန့်ရှင်းဘဲ လိမ်ညာယူပြီးမှ သူကစွဲသလို ရှာသလိုဖြစ်နေရင် တစ်သက်လုံး ရင်ခွင်ဘယ်လို ဆက်သွားရမလဲ"

"ဒါကတော့ ညည်းရဲ့ အရည်အချင်းပဲ အချစ်မှာပျိုတယ် အိုတယ်ဆိုတာမရှိဘူး နားလည်မှုတွေနဲ့ ချည်နှောင်ရမယ် နောက်ပြန် မဆုတ်နိုင်အောင် နိုင်မြဲနေရမယ် ဘာဖြစ်ဖြစ် သမီးသူနဲ့လက်ထပ်ရမယ် ကိုယ့်ဘဝကို သိစမ်း ရင်ခွင် မိန်းကလေးဘဝဟာ အဖက်ဖက်က စဉ်းစားရတယ် ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ ဦးစားပေးရမယ် ဒီကိုယ်ဝန်ကြောင့်ပဲ သမီးသူနဲ့လက်ထပ်ရမှာ"





"ဟုတ်တယ်သမီး သမီးဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ကိုယ်လွယ်ထားပြီးတဲ့
င်သွေးဟာ အပြစ်မရှိဘူး သူ့ကိုဖျက်ဆီးဖို့ မကြိုးစားဘဲ ငဲ့ညှာစဆုံး
တ်ရမယ် အဲဒါမှ သမီးမိခင်ကောင်းဖြစ်မှာပေါ့"

"ထ သွားရေချိုး အဝတ်အစားလဲထား"

ဒေါ်ရွှေရှုံ့နဲ့ ဒေါ်မြရဲ့က ချော့လိုက်ခြောက်လိုက်နှင့် တစ်လှည့်စီ
းချကြသည်။ တကယ်တော့လည်း သူမမှာ ဒီနည်းမှလွဲ၍ တခြား
းဖြတ်ဖို့ ရွေးချယ်စရာမရှိတော့ပါ။

ဒေါ်မြရဲ့ကတော့ သမီးဖြစ်သူကို ဘယ်လိုနည်းနဲ့မှ အလွတ်မပေး
င်သည့် မျက်ဝန်းများနှင့် နောက်ဆုံးသတိပေးသလို တစ်ချက်ကြည့်
း ပြီးတော့ ထွက်သွားသည်။

သူမတို့အားလုံး သမီးလေးရန်ကုန်ကို ပြန်လာသည်ဆိုသည့်
သတင်းကို နောက်မှကြားကြသည်။ ရောက်မလာလို့ စုံစမ်းတော့မှ
ိုက ပြန်ပို့တာကို လက်မခံဘဲ ရန်ကုန်ပြန်မည့်အဖော်တွေနှင့် လွတ်
တ်လပ်လပ် ပြန်ချင်သည်ဟု ဖွင့်ပြောပြီး တစ်ယောက်တည်း ထွက်
သွားမှန်း သိရ၏။

ထို့နောက်မှာ ကားမှောက်ခဲ့သည့် သတင်းဆိုးကို ကြားခဲ့ရသည်။
ိုအနီးတစ်ပိုက်မှာ စုံစမ်းသောအခါ ဆေးရုံပေါ်မှာ အတိတ်မေ့ဝေ
ချင် မိန်းကလေးတစ်ယောက် ရှိနေပြီးမှ ထွက်ပြေးသွားကြောင်း
ခဲ့ရ၏။

ဒီသတင်းတွေ တစ်စစ စုဆောင်းကာ လူအင်အားသုံး၍ ထိုအနား
ပဲ ဖွေဝဲရှာဖွေနေခဲ့ကြသည်။ လူအင်အားသုံး၍ အထပ်ထပ် ပိုင်း

ပတ်ရှာနေသောကြောင့် ကရင်သားအဖနှစ်ယောက်၏ လက်ထဲမှာ တွေ့ခဲ့ကြသည်။

"ရေထဲမှာ မျောနေတာ ချောင်းရေတွေ ပေါင်းလန်လာတော့ သူပါတဲ့လှေက တို့ရွာထဲမှာ လာတင်တာဟ သူကံကောင်းတယ် ဖင် လယ်ဘက်ပါသွားရင် သေပြီ ချောင်းရေတွေတအားကျတာ တောင်ပေါ်ရေပါတော့ သစ်လုံးတွေ မျောလာတယ်လေ ဒီရွာထဲမှာ ရေကြီး တုန်း သူပါလာတာမို့လို့ ရေလျှံမှဆို သေမှာပဲ"

ကရင်သားအဖကို ကျေးဇူးဆပ်ခဲ့ကြပြီး ရင်ခွင်ကို ပြန်ခေါ်ခဲ့ကြသည်။ ရင်ခွင်ဟာ သူမဘာတွေ ဖြစ်ခဲ့မှန်းလည်း မသိ။ ဘယ်လောက် ကြာခဲ့မှန်း မတွက်နိုင်။ ခေါင်းက ဒဏ်ရာပြင်းလွန်းသဖြင့် စဉ်းစားလိုက်တိုင်း ခေါင်းကိုက်တယ်ချည်းဖြစ်၏။

"မတွေးနဲ့ အလကားဘာမှမဟုတ်ခဲ့ဘူးလို့ သဘောထားလိုက်စမ်းပါ"

လူကြီးတွေက တစ်ပိုင်းတစ်စ မြုပ်ကွယ်သွားခဲ့သည့်ဘဝ တစ်ခုကို ဖျောက်ဖျက်ဖို့ ကြိုးစားခဲ့ကြပေမယ့် ကိုယ်ဝန်ကိစ္စက ပေါ်လာခဲ့၏။

ဒါဟာ ဘယ်လိုမှ ဖုံးဖိလိမ်ညာထားလို့ မရသည့်ကိစ္စတစ်ခု၊ ဖွင့်ဟ ကြေညာဖို့ဆိုတာလည်း ဘယ်လိုမှ မဖြစ်နိုင်ပေ။

ပတ်ဝန်းကျင်အလယ်မှာ ထည်ထည်ဝါဝါ ခန့်ခန့်ညားညားရပ်တည် နေလာခဲ့သမျှ ဒီအဖြစ်တစ်ခုကြောင့် အားလုံးရေစုန်မျောတော့မည်။

ဒီကြားထဲမှာ ရင်ခွင်ခေါင်းမာကာ ဂျစ်ကန်ကန်လုပ်နေသည်က အသည်းယားဖွယ် လူကြီးချင်းကတော့ အားလုံးအဆင်ပြေခဲ့ပြီးသား





နဲ့ ပြဿနာမရှိပါ။ တကယ်တမ်းကျတော့ မိုးသားမျက်နှာ၏ဘက်မှ အဖြစ်တချို့ကို ဖုံးကွယ် ကြတာရှိသလို လရိပ်ရင်ခွင်တို့ဘက်မှ မရိုးသားခဲ့တာကိုလည်း ... နှုတ်ဘက်လုံးလ မရိုးသားကြပေမယ့် မင်္ဂလာပွဲကတော့ ဖြစ်မြောက်သွားခဲ့လေသည်။

## အခန်း (၂၁)

နှစ်ဖက်မိဘက တစ်ဦးတည်းသောသားနဲ့ တစ်ဦးတည်းသော သမီး၊ မိဘဘိုးဘွားအရှိန်အဝါကြီးမားသလောက် ပြည့်စုံကြွယ်ဝကြသူချင်းမို့ မင်္ဂလာပွဲက စည်ကားသိုက်မြိုက်စွာ ပြီးဆုံးသွားခဲ့သည်။

လူကြီးတွေ ဘယ်လိုပဲရင်းနှီးနေကျပေမယ့် မိုးသားမျက်နှာကလည်း နာမည်နဲ့လိုက်အောင် မျက်နှာက မည်းတင်းနေသည်။

လူတွေပြောကြသလို အထက်စီးဆန်သည့်မျက်နှာ....

"မိုးသားမျက်နှာဆိုတဲ့အတိုင်း လူတိုင်းကို သူက အပေါ်စီးကနေငုံ့ကြည့်ချင်တာပဲ"

ထိုမျက်နှာကို ဖျတ်ခနဲ ဝေ့ခနဲ ခိုးကြည့်မိတိုင်း မခံချင်စိတ်တို့ထောင်းထောင်းထလာခဲ့တိုင်း သူငယ်ချင်းတွေ ပြောကြသည့် စကားတွေကို သတိရသည်။

"တကယ်ဆို နင်အစကတည်းက ငြင်းခဲ့ရမှာ"

ဟုလည်း ပြောကြ၏။

"ဘာဖြစ်လဲဟ ချောတော့ အတော်ချောတယ်ဟ ပြောကြ



လည်လည် ဖြစ်သွားကြရင်တော့ မဆိုးဘူးသိလား"

ဟု ပြောကြတာက ဖြေသိမ့်တာဖြစ်နိုင်သည်။ ဒီရုပ်ကြီးကို ပြေလည်ချင်ရင် ကိုယ်ကပဲ လက်နှစ်ဖက်ဆုပ် နှခါင်းပုံ၍ ဦးတိုက်မိတ်ဆက်ရမှာဖြစ်သည်။ ဝေးပါသေးသည် ဒီကလည်း လရိပ်ရင်ခွင်.....

သူက အထက်က ကြည့်ချင်သလို ကိုယ်ကလည်း အပေါ်စီးကပဲ မင်္ဂလာပွဲတောက်လျှောက်မှာ ရင်ခွင်တစ်ယောက်တည်း ကိုယ်မသိလိုက်ခဲ့သော ကာလများထဲက ကိုယ့်ဘဝကိုတွေးသိုက်....

မိုးသားမျက်နှာဆိုသည့် လူကိုမြင်တိုင်း နတ်ဖယ်မရနိုင်တော့သည့် ကိုယ့်အဖြစ်ကိုပဲ စံပြင်းလို့အဆုံး ဖြစ်နေလိုက်နှင့်၊ တကယ်ပဲမှန်တော့ မာနတွေရင်ထဲမှာ ပြည့်သိပ်နေပေမယ့် ရင်ခွင့်ဘက်မှာ တုံ့ငြင်းမရဖြစ်သားမရနိုင်သော သူ့ရဲ့ အောက်စည်းကို ခံရောက်ရတော့မည့်အဖြစ်ဆိုးက ရှိနေခဲ့ပြီ။

ဒီခရီးကို ထွက်ခဲ့မိတာကိုက သူမဘဝအဖြစ်ဆိုးဖို့အတွက် ခြေလှမ်းစခဲ့မိသလို ဖြစ်သွားခဲ့၏။

"ခရီးမထွက်ခင်နဲ့ဦးသမီး သူငယ်ချင်းတွေနဲ့ ခွဲရတာ ဘာဖြစ်လဲ နောက် တော့သွားတွေ့လို့ရတာပဲဟာ သမီးကို မေမေ့စိတ်ချေ ပေါ်ဖြတ်ရွှန်ရဲ့ သားနဲ့ လက်ထပ်ပေးဖို့ မာမီကတိပေးပြီးပြီ"

သူငယ်ချင်းတွေ ခေါ်လာလည်ကြတော့ ပြန်ပို့ရင်းနဲ့ ရပ်ခွဲပြီဝမ်းထွက်ချင်သည်။ မာမီကတားတော့လည်း ခရီးထွက်ချင်စောနှင့် ခေါင်းသိတ်မိခဲ့၏။

"ပြန်လာမှပဲလုပ်ပါ မာမီရယ် ရင်ခုင်မငြိမ်းဘူးဆို ပြီးရောမဟုတ်လား"

မင်္ဂလာကိစ္စကို သဘောတူတယ်ဆိုတာနဲ့ပဲ မာမီကလည်း နှင်းခဲ့သည်။ ဟိုရောက်တော့ တော်တော်နှင့် မပြန်ဘဲ ဦးလေးဆီမှာ နေလိုက်တာ အကြာကြီး ဒါပေမဲ့ မာမီတို့ကလည်း သူမထင်သလို မြန်မြန်ပြန်ခဲ့ ဘာညာလုပ်မနေခါ တာမျိုး မရှိဘဲ ဦးလေးအိမ်မှာ ကြာကြာနေတော့ ပျင်းလာတာနှင့် ကိုယ့်ဟာကိုယ်ပဲ ပြန်လာခဲ့မိ၏။

"ပြန်မယ်ဆိုလည်း ဦးဦးကိုစောင့်လေ အလုပ်ကိုခဏခွင့်တင်ပြီး ပြန်ပို့မှာပေါ့ ဒါမှမဟုတ်ရင် မမွန်ကို အကြောင်းကြားပေးမယ်"

ဦးလေးက ပြောသေးသည်။ ဒါကို လက်ခံခဲ့မိလျှင် အကောင်းသားပါ စုတော့ ရင်ခွင်ကတစ်ယောက်တည်း ဒီရေးကို ထွက်ခဲ့သည်။

ဦးလေးကလည်း အလာတုန်းကလည်း ရင်ခွင်တစ်ယောက်တည်း ပဲလာတာမို့ သိပ်တော့ ပူပန်လှသည်မရှိခဲ့ပေ။ ပြီးတော့ သူက ဝန်ထမ်းမို့ အလုပ်ကမအား။ ထို့ကြောင့် ဦးလေးနဲ့ မာမီတို့ကြားမှာ အကူအဆက်အသွယ် မရှိခဲ့သော အချိန်ကလေးမှာပဲ ရင်ခွင့်ဘဝပြောင်းသွားခဲ့ခြင်းဖြစ်သည်။

သူမစီးခဲ့သည့်ကားက မောင်းနေရင်း ရုတ်တရက် စလစ်ဖြစ်ထဘေးက ကမ်းပါးစောင်းကို ဝင်ဆောင့်၏။

ညှိသည်မှလွဲ၍ သူမဘာတွေဖြစ်ခဲ့သလဲ ဘယ်လိုလုပ်ပြီး ကရင်မိသားစု၏ အိမ်မှာ ဒဏ်ရာဗလပွနှင့် ရောက်နေခဲ့သလဲ ဘာဆိုဘာမှ မသိ။

"မိန်းကလေး နင်ဘာဖြစ်လာတာလဲ"

သူမ သတိရရခြင်း စကားသံဝဲဝဲနှင့် လူကြီးက ဆေးနဲ့ရေစွတ်ထို





ကိုင်လျက်နှင့် မေးသောအခါ…

"ရှင်..ရင်ခွင်…ရင်ခွင်…ဟို..ကားမှောက်လာတာ"

"ဝေ..မဟုတ်တာ နင် ရေထဲက မျောလာတာ ဟ"

ဆန့်ကျင်ဘက် ဘဝတစ်ခုထဲရောက်နေခဲ့သည့်အဖြစ်ကို သိလိုက်ပြီး ရင်ခွင်ဘာမှမဖြေရှင်းတတ်တော့ပါ။

သူမ မာမီ့ဆီပြန်ချင်တာပဲသိသည်။ နှလေ်ာက်ဆို မာမီစိတ်ပူနေတော့မည်။ ထိုအချိန်မှာပဲ မာမီတို့ ရောက်လာခဲ့ကြသည်။

သူမ ခေါင်းက ပဝ်တီးဖြည်ပြီးကာစ၊ စုတော့ ရင်ခွင်ဘာမှ မသိလိုက်သော အဖြစ်ဆိုးများက ရက်စက်စွာ…

"ကဲ..ဒီမှာ"

"ဟင်"

လူတွေတစ်ယောက်မှ မရှိတော့သည့် ဧည့်ခန်းထဲမှာ ငုတ်တုတ်ထိုင်နေမိသည့် ကိုယ့်အဖြစ်ကို ခေါ်သံကြားလိုက်မှ သတိရ၏။

မင်္ဂလာဝတ်စုံနှင့် ခေါင်းကအုပ်ဆောင်းက ဒီအတိုင်း၊ မိဘတွေကို ကန်တော့ခဲ့သည်။ လူကြီးတွေက ဆုတောင်းမေတ္တာပို့ပေးကြပြီး ပြန်ကုန်ကြပြီဖြစ်၏။

သူတို့က ဘယ်မိဘဆီမှမှ လိုက်မနေဘဲ အစက မိုးသားမျက်နှာ တစ်ယောက်တည်းနေခဲ့သည့် တိုက်မှာပဲ အတူကူနေကြဖို့ ဆုံးဖြတ်ခဲ့ကြ၏။

ပြောရလျှင် ဒါက မိုးသားမျက်နှာ၏ အစီအစဉ်ပဲဖြစ်၏။ မင်္ဂလာမှစ၍ လူကြီးတွေ မပြန်ကြခင်အထိ ဘာတွေပြောခဲ့ကြသလဲ၊ မင်္ဂလာ

ပွဲက ဘယ်လိုလဲ ရင်ခွင်ဘာကိုမှ စိတ်မဝင်စားခဲ့ပေ။

သူမစိတ်ဝင်စားနေသည်မှာ မိုးသားမျက်နှာနှင့် သူမရှေ့ဆက်စခန်းသွားကြဖို့ ကိုယ်နေရမည့် အိမ်ကိုတော်င် ခုမှ သေချာကြည့်ခဲ့သည်။

သိပ်အကျယ်ကြီးမဟုတ်ပေမယ့် ခေါင်းမိုးသည်။ နှစ်ထပ်တိုက်လေးက အထဲကကြည့်တာတောင် အတော်လှပါသည်။ ဧည့်ခန်းမှာ တီဗီတွေ ချည်းပဲ အရုပ်မျက်နှာတိုင်းမှာ ရှိသည်။

နံ့းကော့စ်တွေထားတာကအစ အထဲမှာ ထည့်ထားသည့် ပစ္စည်းတွေ အရုပ်တွေအားလုံးက ကြည့်နေချင်စဖွယ်ဖြစ်အောင် အစီအစဉ်ကျသည်။

ဘာကြည့်ကြည့်လှနေအောင် ဆွဲဆောင်၏။ ဒါတွေဟာ သူတစ်ယောက်တည်း နေတုန်းကတည်းက ရှိနေတာ မဖြစ်နိုင်။ သူ့ပုံစံက အလှအပကို ဒီလောက်ထိ တစိမ့်စိမ့်ကြည့်၍ ခံစားနေမည့်ပုံစံမျိုး မဖြစ်နိုင်တာ သေချာသည်။

သူမနှင့် လက်ထပ်မည်။ ဒီမှာနေကြမည်ဆိုတာဖြစ်လာမှ ဒေါ်မြတ်မွန်တို့ စီစဉ်ထည့်သွင်းပေးထားခဲ့တာ ဖြစ်ဖို့ပဲရှိ၏။

ရင်ခွင့်ကိုယ်လေး နည်းနည်းမတ်သွားကာ ခုကျမှ တစ်ကိုယ်လုံးကို မပြင်ဘူးသလို လိုက်ကြည့်နေသဖြင့် မိုး ဒေါသဖြစ်သွား။ ကိုယ်ခေါ်လိုက်မှပဲ ကြည့်ခွင့်ရရှာတာကို...

"လက်ိဝိရင်ခွင် မင်းကို သဘောကျမကျ လှည့်ပတ်ကြည့်ဖို့ ပြောနေတာ မဟုတ်ဘူး၊ ရော့ ဒီမှာ သော့"



လေသံက မမာပေမယ့် နည်းနည်းလေးမှ မျော့မျောင်းမှုမရှိ၊ တူးပွဲပေါ်မှာ သူမ မြင်အောင် သော့တွဲကို လက်ဖဝါးနှင့် ဖိချလိုက်ပြီး ကိုယ်ကို မတ်မတ်ပြန်ရပ်၏။

ရင်ခွင်မော့ကြည့်လာသည်အထိ စောင့်လိုက်ပြီးမှ...

"ကိုယ်အပြင်သွားမလို့ တံခါးအားလုံး သော့ခတ်ပစ်လိုက်လို့ရတယ် ကိုယ့်မှာ သော့တစ်စုံရှိသေးတယ်"

"ဒီမှာ"

"နေဦး"

ပါးစပ်ပြင်လိုက်ပြီးမှ သူက ရုတ်တရက်ပြောသဖြင့် ရင်ခွင် အောင့်သက်သက်နှင့် စောင့်နေလိုက်ရ၏။

"မင်း မအိပ်ခင်ရင် မင်းအိမ်ကူ အဖော်တစ်ယောက်ယောက်ကို သွမ်းခေါ် လို့ရတယ်"

"ရင်ခွင်...."

"နေဦး ကိုယ်က အရက်သွားသောက်မှာ နော် ကြိုပြောထားတာ မင်းဆီမှာ ခွင့်တောင်းတာတော့ မဟုတ်ဘူး ဒါပေမဲ့"

"အို ရှင်ချည်းပဲ ပြောနေလို့ရမလား လူကို ပြောခွင့်မပေးဘဲနဲ့ ဗွန်း"

"ပြော"

"ရှင်နဲ့ ရင်ခွင်စကားပြောချင်တယ်"

"ကိုယ်မပြောချင်ဘူး"

"ကျွန်မက ပြောချင်တယ် ပြောရမှဖြစ်မယ်"

ရင်ခွင်က ဒေါသဖြစ်လာလျှင် ကျွန်မဟု ထွက်လာတတ်ဟာ အကျင့်၊ မိုးက မျက်မှောင်ကုတ်၍ ရင်ခွင့်ကိုကြည့်သည်။ ပြီးတော့ နာရီကို ပြန်ကြည့်၍....

"ကိုယ် အခု အချိန်မပေးနိုင်ဘူး"

"အို...မရဘူး"

မိုးက လှည့်ထွက်သွားသည်။ ရင်ခွင်ဆတ်ခနဲ ထရပ်လိုက်၍ တား တော့ ခြေလှမ်းတုံ့သွားသည်။

"ရှင် အရက်တွေ သောက်လာပြီး ဘယ်လိုလုပ်ပြောရမှာလဲ"

မိုးက လှည့်မကြည့်ဘဲ...

"မနက်ကျမှ ပြော"

ဟုပြော၍ ဆက်ထွက်သွားသည်။

"မိုးသားမျက်နှာ"

ညှိုနက်နေမှ ဒေါသနှင့် ဆောင့်ခေါ်လိုက်တော့ ရင်ခွင့်အသံ လေးက စူးသွား၏။ မိုး ရှာနေ လှည့်ကြည့်သည်။ ဒေါသရိပ်လွှမ်းနေ သော မျက်ဝန်းတွေက အရောင်လက်နေ၏။

"မင်း တော်တော်စကားများမယ့် မိန်းမပဲ မင်းနဲ့ကိုယ် ဘာမှ ရှည်နှောင်စရာမရှိဘူး ကိုယ်သိတယ် မင်းမျက်လုံးတွေထဲမှာ မာနတွေ ကော မကျေနပ်တာတွေကော အများကြီးပဲ ဒါပေမဲ့ ဆောင်းရီးလို့ ပြော ရမှာလဲ အဲဒါကို မင်းနဲ့ကိုယ်ရှင်းဖို့မလိုဘူး ဘာဖြစ်လို့လဲဆိုတော့ ကိုယ် တို့ချင်း စိတ်ဝင်စားကြတာမှ မဟုတ်ဘဲ မင်္ဂလာဆောင်လိုက်ကြတဲ့ အဖြစ်တစ်ခုတည်းမှာ မင်းဘဝ ကိုယ့်ဘဝ ဘာမှ ထည့်ဖျော်လိုက်ဖို့





မလိုဘူး မင်းကိုလည်း ကိုယ်မစော်ကားဘူး မင်းလည်းကိုယ့်ကို တား ဆီးတာ လွှမ်းမိုးတာ ဘာမှမလုပ်ပါနဲ့ ပြောပြတာ"

သူက ကားသော့ရှိသည့် နံရံဆီလျှောက်သွားသည်။ သော့ကို ဖြုတ်ယူပြီး တံခါးဝဆီလှမ်း၏။ ရင်ခွင်ကပြေးလိုက်ကာ သူ့ရှေ့မှ မျက်နှာ ချင်းဆိုင် ရပ်လိုက်ပြီး...

"ရှင်ပြောတာတွေက အားလုံး ဂိုရှိုလေးပဲ မိုးသားမျက်နှာ ဒီစည်း ကမ်းတွေ ဖြစ်သင့်တာတွေက ကျွန်မရင်ထဲမှာ ရှိပြီးသားပါ အခုရှင့်ကို ပြောချင်တာက..."

ရင်ခွင်စကားက ဒီမှာပဲရပ်သွား၏။ ပါးမို့လေးတွေ ပို၍ နီရဲသွား သည်။ စိတ်ကပ်ပြေပြေကျန်နေသေးသည့် နောက်ကျွယ်က ပြောင်းလဲ နေသည့် မျက်နှာကို မိုးက စူးစိုက်ကြည့်နေ၏။

ဒီလောက်ပြောချင်နေသည့်မိန်းမ ပြောချင်တာပြောစမ်းဆိုသည့် စိတ်မရှည်စွာ လျှော့ပေးလိုက်သော ဒေါသမျက်ဝန်းများ အမြဲတမ်း သွက်လက်ရဲတင်းနေခဲ့သော ရင်ခွင်ဟာ အခုချိန်မှာ ဘယ်လိုပဲ ဟန် လုပ်တင်းနေရသော်လည်း သူ့မျက်ဝန်းတွေကို ရင်ဆိုင်မကြည့်ရဲခဲ့ပေ။

မျက်နှာလွှဲလျက် အံကြိတ်လိုက်သည်။ ပြောချင်သည့်စကားအတွက် လှည့်ပတ်သိုင်းဝိုင်းနေလျှင်ပင် သူ့ကိုယေသတောင်းပန်နေသလိုသာ ရှိတော့မှာမို့...

"ရှင်ပြောသလိုပါပဲ ရှင်နဲ့ကျွန်မ လူကြီးချင်းပေးစားခဲ့တာပါ ရှေ့ ဆက်ရင်းနှီးသွားအောင် ကြိုးစားကြဖို့လည်း မလိုဘူး တစ်ခုတော့ ပြောချင်တယ်"

"ဒီလောက်အများကြီးပြောနေပြီးမှ တစ်ခုတွေ နှစ်ခုတွေ လာလုပ်မနေနဲ့လေ ပြော..ဆက်ပြော"

သူက လက်ပိုက်၍ ဟန်ကြီးပန်ကြီး ပုံစံနှင့် ခွင့်ပြုပေးသလိုလိုဘာလိုလို... မကျေနပ်တာကို ရင်ခွင် မျှသိပ်ထားလိုက်၏။

"ရှင် ကျွန်မပြောတာကို နားထောင်ပြီးရင် ရှင်နဲ့ကျွန်မ နားလည်မှုတစ်ခုခု ရှိထားချင်တယ်"

"ဘာလဲ မင်းမှာချစ်သူရှိနေလို့လား အမန်းခွဲဆိပ်ပို့ စောင့်ထိန်းဖို့ဒါလား အားလုံးအသင်ပြေမှာပါ ကွာရှင်းပေးဆိုလည်း အခုညတွင်းချင်း လုပ်လိုက်လို့ရတယ်"

"မဟုတ်ဘူး ဟုတ်တာတွေ ပါပေမယ့် ကျွန်မလိုချင်တာ မပါသေးဘူး"

မိုးက ဘာမှမပြောဘဲ စောင့်နေလိုက်၏။ ပိုင်ဆိုင်ခွင့်ဘောင်းဖို့ဘာညာတွေ ဖြေဖိုနိုင်ဘူးဆိုတာတော့ သိပြီးသား။ ကိုယ့်လောက်တော့သူမတို့ကလည်း ချမ်းသာကြသည်။

ရင်ခွင်က လက်ချပ်တွေထပ်ညပ်ဝတ်ထားသည့် လက်သိတ်ပါးလေးကို ခွဲဖွင့်ပစ်လိုက်၏။ ထပ်ချပ်ထားသည့် လက်ချပ်တွေ ကြမ်းပေါ်သို့ ကစဉ့်ကလျား ပြုတ်ကျကုန်၏။ မိုးကလည်း ပါးစပ်ပိတ်ထားလျက် သူမကိုပဲ စိုက်ကြည့်နေလိုက်၏။

အဝတ်တွေလဲထားပြီးသော သတို့သားနှင့် အဖြူရောင် ဂါဝန်ရှည်ကြီး ပုံကျကာ ရတနာတွေ ညှာတံခဲနေအောင် ဝတ်ထားလျက်နှင့် ဒီတိုင်းရှိနေသော သတို့သမီး လရိပ်ရင်ခွင်သည် ထိုင်လည်းမထိုင်ဖြစ်ကြ။



မျက်နှာချင်းဆိုင်ရပ်နေကြရင်း ပြောနေသည့် စကားတို့ ချတ်တာက် ပြတ်တောက်သွားသော ညဉ့်နက်နက်မှာ ပတ်ဝန်းကျင်က တိတ်ဆိတ်ဆိတ်ဆိတ်ကြီးဖြစ်သွား၏။

"မင်းပြောဖို့ ဒီလောက်ခက်နေရင် တစ်ရက်လောက်တော့စဉ်းစားဖို့ပေးယ်ထင်တယ် ခေါင်းရတဲ့အလုပ်ကို ကိုယ်အမှန်းခဲ့ပဲ"

သူက စကားစလိုက်မှ သူမပြန်မော့လာ၏။

"ပြောရခက်တဲ့ စကားမို့လို့ပေါ့ ရှင်သိပ်ပြတ်သားမနေနဲ့ မိုးသားမျက်နှာ ကျွန်မက ရှင့်ထက်ပိုတယ် ဒီကိုယ်ဝန်သာ ရှိမနေခဲ့ရင်"

"ဘာ"

မိုး လှုပ်လှုပ်ရှားရှား ဖြစ်သွားမှ အလွန်ပြောရခက်နေသည့် စကားတစ်ခွန်းဟာ အမှတ်တမဲ့ရောပါသွားပြီမှန်း ရင်ခွင်သတိရ၏။ ဒါလည်းကောင်းတာပါပဲ အပြစ်ရှိနေခဲ့သူမို့ ဟန်လုပ်ရင်း မျက်နှာကို ပိတင်းသားလိုက်မိ၏။

"ဟုတ်တယ် ကျွန်မမှာ ကိုယ်ဝန်ရှိနေတယ်"

ရုတ်တရက် လှုပ်လှုပ်ရှားရှားကြီးဖြစ်ကာ ရက်စိတ်ကြောင့် ဒေါသတွေ ပွက်ပွက်ဆူသွားသော်လည်း...

"ဒါဆို ကိုယ်ကစွာပေါ့"

ထိုစကားကို ပြောလိုက်ပြီး ရင်ထဲမှာ ထူးဆန်းစွာ ပြန်လည်တည်ငြိမ်သွားခဲ့၏။ ချက်ချင်းကြီး နားလည်ပေးလိုက်နိုင်တာ သဘောထားကြီးလွန်းလို့တော့ မဟုတ်ပါ။ ဒီကိစ္စနှင့် ပတ်သက်သော နှမျောခြင်း ပူကျုံးမရခြင်း ဘာမှမခံစားခဲ့ရတာ အချစ်မရှိလို့ပဲ ဖြစ်ခေါ်

မည်။

ဒါမျိုးတွေ့ ဖြစ်တတ်ကြတာပဲဟု ပါးပါးကလေးပဲ တွေးမိသည်။ မိုး နှတ်ခမ်းမှာ မဲ့ပြုံးတစ်ခု ဖြစ်ထွန်းသွားကာ နောက်လှည့်သွားသည့် ခြေလှမ်းများက အခြင်ကိုသွားဖို့အတွက် အပြီးအပိုင် ရုတ်သိမ်းလိုက် ခြင်းဖြစ်၏။

သူသည် အသစ်စက်စက် ကျွန်းကုလားထိုင်ကြီးမှာ အိစနဲ့ ထိုင်ရင်း ကာ တွေ့ချိန်က ဆိုဖာကို ရင်ခွင်ထဲမှာ ထည့်ပိုက်လိုက်သည်။

"ကိုယ်ပြောတာ နည်းနည်းရိုင်းသွားတယ် ဆောရီး"

သူက လက်တင်ပေါ်မှာ တံတောင်တစ်ဖက်တင်၍ နှာခေါင်းကို တစ်ချက်ပွတ်၏။

"လာထိုင်ပါဦး မင်းပြောဖို့တွေ ရှိသေးတယ်မို့လား ဆက်ပြော"

ရင်ခွင်က မိုးမျက်နှာကို စူးစမ်းသလို ကြည့်သည်။ ရင်ထဲမှာ စု နေထင်းထားသည့် စကားလုံးတို့က သူ့စကားများကြောင့် အင်နဲ့အားနဲ့ ခြင်ဆင်ထားပြီးမှ ရှေ့တိုးဖို့ခက်သွား၏။ တကယ်ဆို မင်းတို့က ငါ့ကို ငိုင်းညာလိုက်တာလား မင်းမိဘတွေကကော ငါ့ကို နွားလုပ်ဖို့ ကြိုးစား တာပဲ အရည်ာ စသော ရင့်သီးသည့် တုံ့ပြန်မှုတွေ သူ့ဆီက ထွက်လာ လျှင် ကိုယ်လည်းငြိမ်ခံနေမှာမဟုတ်။

ခုတော့ သူက ရုတ်တရက် လှပ်ရှားသလိုဖြစ်သွားပြီးမှ တည်ငြိမ် နေပြန်သည်။ ဒါ ဟန်ဆောင်နေတာလား။ ရင်ခွင်က ခေါင်းဆောင်းကို ကိုယ်တိုင်ကသာ စမ်းဖြုတ်ရင်း ရှေ့တိုးလာသည်။ သူ့ရှေ့မှာ ထိုင်လိုက်ပြီး ခေါင်းဆောင်းကို ဖြုတ်လို့ရတော့မှ ဘေးမှာချကာ...





"ရှင် ကျွန်မကို အထင်သေးသွားသလား"

"အဟွန်း"

သူက ပန်းတွန့်အောင် ခပ်မဲ့မဲ့ပြုံး၍ လှောင်ရိပ်နှင့်ကြည့်၏။

"အံထင်ကြီးစရာမှ မရှိတာ မင်းက ကြီးစေချင်လို့လား"

ရင်ခွင့်မျက်နှာလေးမှောင်ကျသွားသည်။ အောင့်သက်သက်ခံလိုက် ရသည့် စကားတို့ကို မခံနိုင်သည့်အဆုံးမှ နှုတ်ခမ်းကိုက်မိတော့မလို ဖြစ်သွားသေးသည်။ ဒါပေမဲ့ နှုတ်ခမ်းတို့ကို တင်းခဲ့ ခုပိတ်၍ စိတ်ကို ထိန်းရသည်။ စကားမှားသွားတာက ကိုယ်ပဲ။

"မင်းကို ကိုယ်အထင်တော့ မသေးပါဘူး နောက်ထပ် မမေးသင့် တဲ့ မေးခွန်းကိုမမေးဘဲ..လိုရင်းကိုပဲ ပြောလေ"

အဖျားရှုး၍ အရင်းနှာမှာ ထူသလိုရှိသော မည်းနက်သည့် မျက် ခုံးတို့ကိုပင့်၍ စကားပြောတိုင်း သူ့ပုံစံက တစ်ဖက်သားကို လှောင်နေ သလိုပင်။ ဖျတ်ခနဲ ဖျက်မှောင်ကုတ်၍ မေးခွန်းထုတ်ပြီဆို အသက်စီး ဆန်သေးသည်။

ရင်ခွင်သာ ခုလိုအဖြစ်မျိုးနှင့် မကြုံခဲ့ဘူးဆိုလျှင် ဒီလူမျိုးကို ဒီနေ ရာမှာ နည်းနည်းလေးမှ အကြောပေးဖို့ ဖြစ်လာမှာမဟုတ်ပါ။ ခုတော့ ကိုယ်မှာအကြောင်းများစွာနှင့်....

"မိုးသားမျက်နှာ"

"ပြော"

"ကျွန်မရဲ့ ကိုယ်ဝန်အတွက် ကျွန်မအဖေတစ်ယောက်လိုချင်တာ"

"ဒါပဲဖြစ်မှာပေါ့"

"ရှင် သဘောတူလား"

သူက မဲ့၍ လက်တင်မှာ ထောက်ထားသည့်လက်ကို ဖြန့်ချသည်။

"ကိုယ် သဘောတူတူ မတူတူ အစုမင်းနဲ့ကိုယ် လက်ထပ်ပြီးပြီလေ မင်းတို့လိုချင်တဲ့အတိုင်းပဲ မဟုတ်လား"

"ဒီကိစ္စမှာ မှာမိတို့ဘာမှ မသိဘူး"

မိဘတွေအတွက် ကာကွယ်လိုသည်မို့ ရင်ခွင်မှသားသုံးလိုက်၏။ သူ့မျက်နှာမှာ ထူးခြားပြောင်းလဲမှု မရှိခဲ့ပါ။

"အဲဒါ ကိုယ်စိတ်မဝင်စားဘူး မင်း ဘာပြောချင်တာလဲ ဆက်ပြော"

"ဒီကလေးအတွက် ဖခင်ကောင်းတစ်ယောက်အဖြစ် ရှင်ရပ်တည်ပေးဖို့ သဘောတူမှုဖြစ်မယ် ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ ကျွန်မရဲ့ အားလုံးအတွက် တဝနဲ့သိက္ခာတရား"

"ဒါကို မင်းခုမှသိလား"

အစကဘာလို့ မှားခဲ့သလဲဟု မေးလိုက်တာမှန်း ရင်ခွင့်သိသည်။ ဒါပေမဲ့ ဒီမေးခွန်းကို သူမကိုယ်တိုင်မသိ။

"ဒီကိုယ်ဝန်နဲ့ပတ်သက်ပြီး ကျွန်မကိုဘာမှမမေးပါနဲ့ ရှင့်ရဲ့ သဘောတူညီမှုကိုပဲ ကျွန်မသိပါရစေ"

"ကိုယ်က မင်းယောကျ်ားဖြစ်နေမှတော့ မင်းကလေးမွေးလာရင် ကိုယ့်ကလေးလို့ပဲ သတ်မှတ်ကြမှာပါ ဘာပြဿနာရှိနေလို့လဲ"

"ရှင် ဘာဖြစ်လို့ မသိချင်ယောင် ဆောင်နေတာလဲ မိုးသားမျက်နှာ



ကျွန်မပြောချင်တာက ရှင့်ပါးစပ်ကို ပိတ်ထားဖို့ ဒီကလေးဟာ ရှင့်ကလေးပါလို့ ကာကွယ်ပြောပေးဖို့"

"ဘယ်သူကမှကော မင်းကလေးဟုတ်ရဲ့လားလို့ လက်တို့မေးရဲမှာလဲ မလိုတာတွေကွာ ကိုယ်က လူတွေကို လိုက်ပြောရလောက်အောင် အောက်တန်းကျနိုင်တဲ့ လူလို့မင်းထင်နေသလား"

"ဒါပေမဲ့ ရှင်တစ်ယောက်ယောက်ကို ရင်ဖွင့်နိုင်တယ်"

မိုးက မုန်းတွန့်၍ မဲ့လိုက်ပြန်သည်။ လက်တင်ကို လက်သီးဆုပ်နှင့် ခပ်ဆတ်ဆတ်ထုလိုက်၍...

"ဟုတ်ပြီ မင်းနဲ့ကိုယ် အပေးအယူတစ်ခုလုပ်ရအောင်"

"ဘာလဲ"

"အင်း"

သူက မျက်နှာမော့၍ စဉ်းစားသလို လုပ်လိုက်ပြီးမှ...

"မင်းရဲ့ကလေးအတွက် တစ်သက်လုံး အဖေအဖြစ် ကိုယ်နတ်လုံစွာရပ်တည်ပေးသွားမယ် အဲဒါကတိပဲ ဒါပေမဲ့ ကလေးမွေးပြီးတာနဲ့ မင်းနဲ့ကိုယ် ကွာရှင်းမှုဖြစ်မယ်"

ရင်ခွင်မျက်နှာ တင်းခနဲဖြစ်သွား၏။ ရှက်လည်းရှက်သည်။ ရင်ထဲမှာ ဆုပ်ညှစ်ချေမွခံလိုက်ရသလို နှလုံးသားတစ်ခုလုံး ဘယ်လို ပုံစံနှင့် ကြေကွဲနာကျင်သွားမှန်း မသိ။

သူမဟာ ယောကျ်ားတစ်ယောက်၏ နှာခေါင်းရှံ့ လက်ခါခြင်းကို ဤသို့ရင်ဆိုင်ရလိမ့်မည်ဟု ဘယ်တုန်းကမှ အိပ်မက်မမက်ခဲ့ဘူး။ မာနတို့ ဦးကျိုးခဲ့ရသော ... မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့တက်လာ၏။

"မင်းကို ကိုယ်နှိပ်ချလိုက်တာ မဟုတ်ဘူးနော် ဒီကိစ္စကို မသိရခင်ကတည်းက အိမ်ထောင်ရေးကို ကိုယ်လုံးဝစိတ်မပါခဲ့တာ ပြီးတော့ မင်းလိုပဲ ကိုယ့်မှာချစ်သူရှိခဲ့တယ်"

ပြောရင်း သူက ရှေ့ဆံပင်တွေကို တစ်ချက်သပ်ကာ...

"ဒါပေမဲ့ သူ့ကိုကိုယ်ယူလို့ မဖြစ်ဘူး ဘာဖြစ်လို့လဲဆိုတော့ သူဘယ်သူမှန်းကို ကိုယ်မသိတာ အင်း ဘယ်လိုပြောရမှန်းတောင် မသိဘူး မိန်းကလေးတစ်ယောက်ပေါ့ သူ့ကိုကိုယ်ခဏခဏ အိပ်မက်မက်တယ်၊ ဒီအိပ်မက်တွေဟာ တကယ်ဖြစ်ခဲ့တာတွေလို့ ကိုယ်ယုံတယ် ဒီလိုပေါ့လေ အရမ်းထူးဆန်းခဲ့တဲ့ ဖြစ်ရပ်တွေပေါ့ အိပ်မက်ထဲက သူ့ကို ကိုယ်မေ့လို့မရဘူး"

မျက်မှောင်လေးကုတ်၍ ခိုက်ကြည့်နေသည့် ရင်ခွင့်ကို သူက ဖြန့်ကြည့်၍ မေးဆတ်ပြသည်။

"ဘာလဲ ကိုယ့်ကို ကြောင်နေတယ် ထင်လို့လား"

"ထင်စရာတော့ မရှိပါဘူး လူတိုင်းတစ်မျိုးစီတော့ရူးနေကြတာပဲ"

"ဟုတ်တယ် ဒါပေမဲ့ အဲဒီထဲမှာ ကိုယ်မပါဘူး စိတ်ကူးယဉ်တဲ့သူသာ ရူးတယ်လို့ ပြောကြတာ ကိုယ်စိတ်ကူးမယဉ်တတ်ဘူး အိပ်မက်ဆိုရင် ပိုဝေးတာပေါ့ အခု အိပ်မက်ဆိုတာက တကယ်ပါ အဲဒီအိပ်မက်တွေထဲမှာ ကိုယ့်ရဲ့ဘဝတစ်ပိုင်းရှိနေတယ် အဲဒီဘဝတစ်ပိုင်းမှာ သူနဲ့ကိုယ်ရင်းနှီးနေခဲ့တာဖြစ်မယ်လို့ ကိုယ်ယုံကြည်တယ် သူ့ကို ရှာချင်တယ် တစ်နေ့နေ့မှာ သူနဲ့ကိုယ်ဆုံမှာပဲလို့လည်း ထင်နေကာယ် ကွာရှင်းပေးပါဆိုတာ အဲဒါကြောင့်ပဲ မင်းမှလို ဖွင့်ပြောမလာလည်း အနေးနဲ့အမြန် တစ်ချိန်ချိန်မှာ ... ကိုယ်ပြောမှာပဲ အခု မြန်မြန်ဆန်



ဆန် ပြောဖြစ်သွားတာက မင်းမှာလည်း ချစ်သူရှိခဲ့တယ်ဆိုတာ သိရလို့"

"ဂျွန်မမှာ ချစ်သူမရှိပါဘူး"

"ဘာ"

ဒီတစ်ခါ အံ့သြသွားသူက မိုးပဲဖြစ်၏။ ဒါပေမဲ့ ရယ်ပစ်လိုက်ပြီး...

"ထားပါတော့ ဒါက မင်းကိစ္စ ကိုယ်တို့အပေးအယူက မျှတရဲ့လား"

"မျှပါတယ် ဒါပေမဲ့ မေးပြီးပြီးချင်းဖြတ်ဖြတ် မဖြစ်နိုင်ဘူး ပတ်ဝန်းကျင်ဆိုတာ လူနဲ့လူအရေး မဟုတ်ဘူးလေ မေးပြီး ခြောက်လ စနစ်လဒါမှမဟုတ် တစ်နှစ်"

"ဖြစ်ပါတယ် ကိုယ့်ဘက်ကလည်း မင်းအတွက် ထာဝရကာကွယ်ပေးတာပါ။ ကဲ ပြီးပြီပေါ့"

သူကပဲ ဆုံးဖြတ်၍ ထထွက်သွားသည်။ ရှုပ်လှတဲ့ပါ မာမီ ဒါကို မျိုသိပ်ထားဖို့ရင်ခွင့်စာယ်ရလိုမှ နေမရလို့ပါ။ သူ့အတွင်ဖြင့် ဘေးသွားမှာပဲဆိုတာ ခုပ်ပေမယ့် တစ်လျှောက်လုံး လိမ်ညာထားဖို့သွားမိုက ပို၍ လွယ်သည့် ကိစ္စပါ။ ဖြစ်လာသမျှကို ရင်ဆိုင်ဖို့သာ ဆုံးဖြတ်၍...

ရွှေသမင်စာပေ

## အခန်း (၂၂)

ဖုန်းချလိုက်ပြီး ရင်ခွင်ပြုံးလိုက်မိသည်။

"ရင်ခွင်အားလုံး ပြောပြလိုက်ပြီမာမီ" ဆိုတော့ "မြတ်စွာဘုရား" ဆိုသံညှို့ စကားသံ ကတုန်ကယင်က ဖုန်းထဲကနေ တိုးဝင်လာ၏။

"မိုက်လှချေလား ကြည့်စမ်း အခုဘာတွေဖြစ်ကုန်ပြီလဲ သူဘာပြောလဲ"

ဟု ကတိုက်ကရိုက်မေး၏။ ရင်ခွင်ဘာမှမဖြေရသေးမီ ဖုန်းကို အန်တီလုယူလိုက်ပုံရကာ…

"လရိပ်ရင်ခွင် အမိုက်မလေး ညည်းထင်ရာလုပ်ပစ်တယ် ဘာတွေဖြစ်သွားနိုင်သလဲ မတွေးမိဘူးလားဟင် မိုက်လိုက်တာ"

ဟု ဒေါ်ရွှေရီ၏ အပြစ်တင်သံက ဝင်လာပြန်၏။

"ဘာမှမဖြစ်ဘူး သူကနားလည်တယ်"

ဟုပြောတာတောင် မယုံနိုင်ကြသေး။ သူအလုပ်လုပ်နေသည့် ဘေးနားမှာပဲ ရင်ခွင်ပြန်ထိုင်ကာ ဝတ္ထုတစ်အုပ်ကို ကောက်ကိုင်လိုက်သည်။

ခုလောက်ဆို ဖုန်း၂ဘးမှာ မာမီနဲ့ အန်တီ မျက်စိမျက်နှာတွေ





ပျက်လျက် ရင်တုန်ဖိနေကြလိမ့်မည်။

"မင်း မအိပ်သေးဘူးလား"

ကွန်ပျူတာနှိပ်နေရင်း လှည့်မကြည့်ဘဲပြောတော့ ရင်ခွင်က သူ့ကို စောင်းကြည့်၍…

"မအိပ်ချင်သေးလို့ ရှင့်ကို စောင့်နေတယ်မထင်နဲ့"

ရင်ခွင့်ကို သူ ဖျတ်ခနဲ လှည့်ကြည့်သည်။ ပြီးတော့ ပြုံးလိုက်ပြီး…

"ထင်စရာမရှိတာကို ထင်စရာလား မင်းကြည့်ရတာ တော်တော် ဟာနကြီးမယ့်ပုံပဲ စွာလည်းစွာတယ်"

"ရှင်ဝေဖန်ဖို့ မလိုပါဘူး"

"အတွေ့တွေ့ ရှိနေကြတာပဲ ဒီလောက်တော့ ရှိမှာပေါ့ကွ နေဦး ဟန်းနီးမွန်းထွက်ဖို့ကိစ္စတွေ လူကြီးတွေ ပြောနေကြတယ်။ အဲဒါ မင်း ဘယ်လိုလုပ်မလဲ"

"မထွက်ပါဘူး"

"သိတယ်လေ ကိုယ်လည်း ဒီတိုင်းပဲ ဒါပေမဲ့ မင်းမိဘကိုတော့ မင်းပြောပြောပေါ့ ကိုယ့်ကိုယ် တစ်မျိုးထင်သွားမှာစိုးလို့"

"သိတယ်"

ရင်ခွင်က မှန်းအောက်ထိ ချနေသည့် ဆံပင်စတွေကို ဆတ်ခနဲ ခါထုတ်၍ သူ့ထံမရောက်သော မျက်စောင်းတစ်ချက်ကိုသည်း ထိုးမြဲ အတိုင်းထိုးသည်။

ပြီးတော့ ကိုယ်ကိုစောင်းခနဲ ရွေ့ထိုင်တာ စာအုပ်ပြန်ဖွင့်တာကို မကျေမနပ် ဆောင့်အောင့်ဖွင့်၏။ နှုတ်ခမ်းနှင့်အမြဲဆိုးထားတတ်သော

နှုတ်ခမ်းလေးတွေက ပုံမဖော်ဘဲလည်း ထူထူပြန့်ပြန့်လေးနှင့် လှနေသည်။

မျက်ခုံးတန်းကလေးတွေက သေးသေးသွယ်သွယ်လေးပေမယ့် နက်၍ ထင်းနေ၏။ ထို့ပြင် မျက်တောင်ကော့ကော့လေးတွေကို ခပ်လှမ်းလှမ်းကနေပဲ မြင်နေရတာမို့ ခဏတော့ စိုက်ကြည့်လိုက်မိသည်။

လရိပ်ရင်ခွင်ဟာ တစ်ခါတစ်ခါ အလွန်ကလေးဆန်၍ အသည်းယားဖွယ်ကောင်းသော အမူအရာလေးတွေကို လုပ်လာတတ်သေးသည်။

တမင်တကာကြီးမဟုတ်ဘဲ မျက်ဝန်းလေးတွေကော အမူအရာကော ပြီးတော့ အထက်အောက် အထူးအပါးညီသည့် နှုတ်ခမ်းလေးတွေ စုစုပြုပြု လုပ်ပစ်တတ်တာကအစ သူမအမူအရာလေးတွေက ထပ်တူပြိုင်တူ၊ သူ့မျက်လုံးထဲမှာ ရင်ခွင့်ကို စိုက်ကြည့်မိတိုင်း နှစ်သက်ခြင်းကို ခံစားမိ၏။ ဒီအမူအရာ ဒီမျက်နှာလေးဟာ သူ့ရင်ထဲမှာ ရင်းနှီးနေခဲ့သလိုလို တွေးကြည့်တော့လည်း ဘာမှမဆိုင် ရင်ခွင့်ကို သူလက်ထက်ရခဲ့တော့မယ်ဆိုမှ မြင်ဖူးတာ...

"ရှင်က ဘာကြည့်တာလဲ"

"ဟင်...အဲ....ဆောရီး"

အတွေးလွန်သွားသည့် သူ့မျက်လုံးတွေကို ရင်ခွင့်မသိကြားမှ တမ်းကဆန်း ပြန်သိမ်းရသည်။ တကယ် ကိုယ်တွေးမိတာက ကိုယ့်အကြောင်းကိုပါပဲ။ ဒါပေမဲ့ ရင်ခွင်က ဟင့်ခနဲထည့်၍...

"ဖြီးသေးတယ် ဟွန်း..အစည့်ပေါက်ကြီးနဲ့ ထိုးစားမယ့်ရုပ်"





မကြားတကြားပြော၏။

"ဘာ"

မော်နီတာပေါ် ပြန်ရောက်နေပြီဖြစ်သည့် မျက်လုံးတို့က ရင်ခွင့်ထံ ဒိုင်းခနဲ ပြန်ရောက်၏။

"မင်း ဘာပြောလိုက်တယ်"

"ဘာမှမပြောဘူးလို့ထားလိုက်"

ရင်ခွင်က-လှည့်မကြည့်တော့ဘဲ ခေါင်းခါ၍ ပြန်ပြော၏။

"အဲဒီစကားမျိုးကို တစ်ယောက်ယောက်ဆီက ကိုယ်ကြားဖူးသလိုပဲ"

"လုပ်မနေနဲ့ ဒီမှာ"

ရင်ခွင်က သူလိုပဲ လှောင်ပြောင်သည့် မျက်ဝန်းများနှင့် မျက်တောင်တွေစင်း၍ကြည့်ကာ...

"ကျွန်မကိုယ်ဝန်က ဘယ်လို ပေါက်လွှတ်မဲ့စားနဲ့မှ ရခဲ့တာမဲ့ဖြစ်ဖြစ် ကျွန်မက အသန့်စင်ဆုံး မွေးဖွားနိုင်ဖို့ ဆုံးဖြတ်ပြီးသွား ဟိုလိုလို ဒီလိုလို အကြောင်းတွေနဲ့ ငြိဖို့မကြိုးစားနဲ့နော် ဆောရီး"

"ဩော်...ဩော် ကိုယ့်ပုံစံအဲဒီလို ဖြစ်သွားလား"

အပြုံးမပျက်သည့် သူ့ကိုကြည့်၍ ရင်ခွင်က 'ဟုတ်တယ်'ဟု ပြောပစ်လိုက်၏။

"ဟန်ဆောင်တတ်အောင်ကြိုးစားဦး"

ဟု ထပ်ရိုလိုက်သေးသည်။

"မင်း ကိုယ့်အိပ်မက်တွေကို သေချာမသိသေးလို့ပါ နောက်ဆို

ပြောဖြစ်မလားမသိဘူး ကိုယ့်အနာဂတ်ဟာ အဲဒီအိပ်မက်တွေပဲကွ ဒီနေ့ထိတော့ ဘယ်သူ့ကိုမှ မပြောမိသေးဘူး"

"မပြောရဲတာ နေမှာပေါ့ မသေချာတာတွေကို"

သူစားတော့ စိုက်ကြည့်နေပြီးမှ ပြန်လှည့်သွားသည်။ ရင်ခွင်မအိပ်ချင်ဘူးဆိုပြီး ဝဏ္ဏုထဲမှာ စိတ်ပါလက်ပါဖတ်နေရင်း မျက်တောင်တွေ စင်းလာသည်။ စာအုပ်ကလည်း ကောင်းနေ၏။

ဖတ်နေရင်းနဲ့ပဲ မှေးခနဲ အိပ်ပျော်သွားတော့သည်။ ထိုအခါ သူများကို ပြက်ရယ်ပြုဖို့ ကြိုးစားခဲ့သည့် ရင်ခွင်ဟာ အိပ်မက်ဆိုးတစ်ခုကို မက်လေသည်။

အိပ်မက်ထဲမှာ အလွန်ရုပ်ဆိုးရွယ်ကောင်းသော လူယုတ်မာတွေ၏ မျက်နှာများက လဲကျနေသော သူမမျက်နှာထက်မှာ စီးမိုးလျက်...

"ဟား...ဟား...ဟား"

ကြမ်းရှသော လက်ဝါးကြီးတွေက သူမကိုယ်ကို ဆွဲယမ်းဖွေ့စက်ဖို့ ကြိုးစားနေကြသည်။

"လာကြပါဦး ကယ်ကြပါဦးရှင်"

ရင်ခွင်အသံကုန်အော်သည်။ အာခေါင်တွေသာ နာကျင်သွားပြီး ချည်နှောင်မှုတွေကို ရုန်းထွက်လို့ မရခဲ့ပေ။

တစ်ယောက်က သူမပါးကိုအားနှင့် တအားလွှဲရိုက်၏။ ပြီးတော့ ဒေါသကြီးလာသော မျက်နှာကြီးတွေက နီရဲစူးတောက်လျက်..

"အား"

သူမခေါင်းကို တူကြီးနှင့် အားပါးတရ ထုချလိုက်၏။





"ဟော့ မလုပ်နဲ့"

တားဆီးမယ့်သူပေါ်လာသည် လှမ်းကြည့်လိုက်တော့ သူ့အရိပ်ကိုမြင်ရ၏။

"နေမင်း နေမင်း ကယ်ပါဦး"

နာမည်တစ်ခုကို ပါးစပ်က အလိုအလျောက်ခေါ်မိသည်။ နေမင်းကို သူမရင်းနှီးစွာ အားကိုးမိ၏။

သို့သော် ထိုယောကျ်ားဟာ လူယုတ်မာတို့လက်ထဲမှာခွေခေါက်ကျသွားသောအခါ...

"နေမင်း"

ရင်ခွင်တအားကျယ်ခေါ်လိုက်မိ၏။

"ဟာ ဘာဖြစ်တာလဲ"

နိုးသွားသည်နှင့် ဘုတ်ခနဲ လွတ်ကျသွားသည့် စာအုပ်သံကို ပထမဆုံး ကြားလိုက်ရသည်။

"ဒီမှာ စိတ်ဝင်စားနေတုန်း လန့်သွားတာပဲကွာ ဘာဖြစ်တာလဲ"

"ရင်ခွင်..."

ဘာပြောရမှန်းမသိဘဲ ကိုယ့်ရင်ဘတ်လေးကို ပြန်ဖိ၍ ဘာတွေဖြစ်သွားတာလဲ ပြန်စဉ်းစားရသည်။

ဖုတ်လိုက် ဖုတ်လိုက်ဖြစ်နေသည့် သူမရင်ခုန်သံလေးကို ကြည့်၍ နိုးကနေရာမှ ထသွားပြီး ရေတစ်ခွက်ယူလာသည်။

"ဘယ့်နှယ်လဲ အိပ်မက်မက်တာ အရသာရှိသွားလား ရော့ ရေသောက်လိုက်

သူ့အိပ်မက်ကို နှုတ်ခမ်းမှဲ့ခဲ့မိသည့်အတွက် ပြန်ရှုံ့ခံနေတာမှန်း သိတယ်။

ဒါပေမဲ့ ရင်ခွင်ဓေါသထွက်ဖို့မရ။

"နေမင်းလို့ ရင်ခွင်အောင်လိုက်သလားဟင် တစ်ခုခု မှအောင်လိုက် မိသလား"

"ဟုတ်တယ် နေမင်းလို့ အကျယ်ကြီးအော်တယ် မင်းက မှတ်မိ သားပဲ ကိုယ်ထက်သာတာပေါ့ ကိုယ်ကတော့ မမှတ်မိဘူး အစ်ကို ဝမ်းကွဲက ပြန်ပြောမှ သိတယ်၊ လမင်းလို့ မင်းအော်တယ်တဲ့ ဘယ်သူ လဲတဲ့"

ပြော၍ သူက ရင်ခွင်ရှေ့သောက်နေတာကို ကြည့်သည်။ ဖန်ခွက် ကို စားပွဲပေါ် ချလိုက်တာအထိ လိုက်ကြည့်နေပြီးမှ....

"တိုက်ဆိုင်တယ်နော် မင်းက နေမင်းကိုအိပ်မက်မက်တယ် ကိုယ်က လမင်းကို မက်တယ်"

"အို ရင်ခွင်က နေကိုမက်တာ မဟုတ်ပါဘူး နေမင်းဆိုတာက ယောကျ်ားတစ်ယောက်ပေါ့"

"ကိုယ်ကတော့ သေချာမသိဘူး ဒါပေမဲ့ ကိုယ်လည်း ကိုယ်ခွဲလမ်း ခဲ့တဲ့ မိန်းကလေးကိုပဲခေါ် တာဖြစ်မှာပေါ့ နာမည်ကိုတော့မှန်းမသိတော့ ပေမယ့် သူ့ကိုတော့ ကိုယ်မမေ့ဘူး"

လျှောက်သွားရင်း ပြောရင်းနှင့် မိုးက စားပွဲမှာ သွားပြန်ထိုင် သည်။

"ကဲ မင်းသွားအိပ်သင့်ပြီထင်တယ် ဒီတစ်ခါသာ အော်ရင် ကိုယ်





အလုပ်ပျက်ရဦးမယ်"

"မလိုပါဘူး နေသာသလိုနေလိုက်ပေါ့"

စောစောက ပြုံးကြောင်ကြောင်လေး ပျောက်သွားသည်။ မျက် စောင်းတစ်ချက်နှင့် ရင်ခွင် ဆတ်ခနဲထရပ်လိုက်၏။ ကိုယ်ခပ်ပေးတဲ့ ရေကို စုပဲ သူမမျိုချလိုက်တာ ကြည့်ပြီး ပြုံးလိုက်မိသည့် ကိုယ့်ကိုယ် ကို မယုံနိုင်။

မိန်းမတစ်ယောက်ကို စိတ်ဝင်စားဖို့မလွယ်တတ်ခဲ့သည့် သူ့မျက် လုံးထဲမှာ ရင်ခွင်ဘာပြောပြော ဘယ်လိုနေနေ ချေးနေသည်။

ဒီကောင်မလေးကို သူ့အာယ်လိုမှ စိမ်းမနေတာ တာကြောင့်လဲ၊ တကယ်ဆို ကိုယ်တိုင်ကျွချင်းကြဖို့ ပြေး သွားခဲ့တာ....။

အခန်း (၂၃)

"အင်း ပြောလိုက်တာလည်း တစ်မျိုးကောင်းပါတယ်။ ဒါပေမဲ့ သူသာအရှလို အေးအေးဆေးဆေး နားလည်မပေးတော့ဘူးဆိုရင် ကျွမ်းကျင်မှာပဲ"

ကိုယ်ဝန်ကို အိုကျီတွေနဲ့ သေရျာအစ်ရင်း မာမီနဲ့ အန်တီတို့ များ ပြောနေကြ၏။ ဆေးခန်းက ပြန်လာတော့ လက်ဆွဲ အိတ်ဖွင့်ကာ ဂတ္တီပါဘူးကလေး တစ်ဘူး ဒေါ်မြရဲ့က ထုတ်ပေး၏။

"ဒီမှာ လက်စွပ်တစ်ကွင်းပါတယ် သမီး အဲဒါ သမီးသတိမရခင် ကဲ ဖုံးပိမ့်ချွတ်ယူထားလိုက်တာ"

ဆိုဖာပေါ်မှာ အတူထိုင်ကြရင်း ဘူးကလေးကို မာမီကပဲဖွင့် သည်။ ကိုယ်မသိလိုက်သော ကာလများထဲက သဲလွန်စတစ်ခုမို့ ရင်ခွင် ခံတိုင်တစားကြည့်လိုက်မိသည်။

စိန်ကို ပတ္တမြားနှင့် ပတ်ခွေထားသည့် လက်စွပ်တစ်ကွင်း သူမ သက်ထဲရောက်လာ၏။ စိန်နဲ့ ပတ္တမြားပြိုင်ကာ တဖျတ်ဖျတ်လက်နေ၏။

"ပတ္တမြားကိုပဲ စိန်ရံတာများတယ်လေ လက်စွပ်က ဒီဇိုင်းဆန်း သမယ် ရတနာတွေက တကယ်ကွာလတီအပြည့်ပဲ တန်ဖိုးအရမ်းကြီး တယ် ဒီလက်စွပ်ကိုသမီးခိုးလာတာတော့ မဖြစ်နိုင်ဘူးလို့ မာမီတွက်





တယ်လေ ဒီတော့ ဖြစ်နိုင်တာ တစ်ခုပဲရှိတယ် ဒီလက်စွပ်ပိုင်ရှင်ဟာ သမီး မသိခဲ့တဲ့ ကလေးရဲ့ အဖေပဲ"

"ဟင်"

သားအမိနှစ်ယောက်ကို ဒေါ်ရွှေရဲ့က တိုးတိုးတိတ်တိတ် ထိုင်ကြည့်နေ ခဲ့၏။ ရင်ခွင်က လက်စွပ်ကို လက်ချောင်းကလေးမှာ တွဲဆိုင်းဆိုင်း လေး စွပ်ချလိုက်ကာ...

"ဒီလက်စွပ်က ရင်ခွင့်လက်မှာ စွပ်လျက်သားပါလာတာ"

"ဟုတ်တယ် အဲဒီအတိုင်းလေးပဲ"

"ရင်ခွင် ရင်ခွင် မက်မက်နေတဲ့ အိပ်မက်ကတော့ လမင်းကို မတရားကျင့်ကြဖို့ ကြိုးစားကြတဲ့ လူယုတ်မာတွေ"

"ဒါကတော့ ထိတ်လန့်စရာတွေဆိုတာ စွဲလမ်းတတ်ကြတာပဲ သမီးရယ် ကိုယ်မမြင်ခဲ့တဲ့ အတိတ်ကို မကောင်းတာတွေနဲ့ ပြည့်ဖုံးကား မရှုလိုက်နဲ့ စိတ်ချမ်းသာစရာတွေနဲ့ မြေလိုက်ပါ သမီးရယ်၊ မာမီကတော့ မာမီတို့သွေးသားမှာ မွေးလာတဲ့ ကလေးဟာ ဘယ်လိုမှ အောက်တန်း မကျနိုင်ဘူးလို့ ထင်တယ်။ သမီးလေး ဒီလောက်ထိက်မဆိုးနိုင်ပါဘူး ဘာပဲဖြစ်ဖြစ် ကလေးကို မမွေ့ဘမပျက်နဲ့နော် သမီး"

"ဟုတ်ပါတယ် မယ်မင်းကြီးမရယ် ကျုပ်တို့မြေးလေးကိုတော့ မမွေ့ဘမပျက်လိုက်ပါနဲ့ စေတနာရှိရင်ဘူးဆိုရင် မွေးပြီးတာနဲ့ ကျုပ်တို့ ကိုပေး"

"အို ရင်ခွင်က ဘာပြောနေလို့လဲ မပေးနိုင်ပါဘူး"

"ပေါ်ကြည့် မမွေးရသေးဘူး အခုတို့ပြီ"

လက်ခွပ်ကို ဘူးလေးထဲပြန်ထည့်၍ ရင်ခွင်က ရှက်ပြုံးပြုံးနေ ပြီးသည်။ ထိုနေ့က အိမ်ကိုပြန်လာတော့ ရင်ခွင်လည်းအဝင် ခေါ်မြတ်မွန်နဲ့ ဦးဇော်မိုး၏ ကားကလည်း နောက်ကအရောက်....

"ဟော့ သမီးက အပြင်သွားနေတာကိုး တော်သေးတာပေါ့ စောစောက ရောက်ရင် ဖြဲရှေ့မှာပဲ လှည့်ပြန်ရတော့မလို့..."

ကားထဲက ကိုယ်ဝန်ဆောင်အားဆေးတွေ ဆေးလက်မှတ်တွေကို ငုံ့ယူနေမိကာမှ လွတ်ချကာ ကိုယ်ကိုယ် မတ်မတ်ပြန်ရပ်ရသည်။ ကားတံခါးကို ကပျာကယာပိတ်၍ တိုက်တံခါးပြေးဖွင့်ရ၏။

"သားနဲ့ သမီးတို့ အဆင်ပြေကြရဲ့လားလို့ လာကြည့်တာ လတ်တလော်ပြီးကတည်းက နယ်က အလုပ်ကိစ္စတွေ အရေးကြီးလာလို့ လင်မယား နှစ်ယောက်စလုံး သွားရတာလေ"

"ကြွပါတယ် အန်တီ ထိုင်ပါဦး"

ဦးဇော်မိုးက ထိုင်နေခဲ့ပြီး ခေါ်မြတ်မွန်ကတော့ ဟိုကြည့်ဒီကြည့်နှင့် ရင်ခွင်နောက်ကနေ ပါလာခဲ့သည်။

"အပြင်အဆင်ဘာလိုသေးလဲသမီး မေမေတို့ ပြင်ပေးထားတာ ပြည့်စုံရဲ့လား"

"ဟုတ်ကဲ့ အန်တီပြည့်စုံပါတယ် ခဏလေးနော် ရင်ခွင်အကျီလဲပြီး စားစရာတစ်ခုခုလုပ်ပေးမယ်"

"အိုကွယ် မဟုတ်တာ ညှော်သည့်မှမဟုတ်တဲ့ဟာ ဘာမှလုပ်မနေနဲ့ မေမေတို့လည်း အကြာကြီးနေလို့မရဘူး။ ဟိုဘက်လမ်းမှာ ညှော်သည်နဲ့ ချိန်းထားတဲ့ဆီ သွားရဦးမှာ သားရဲ့ဘွားကမှာလို့ အဲဒါပြောရင်





့ လာလိုက်တာ"

"ဘွားက ဘာတဲ့လဲဟင်"

ဘွားကိုတော့ မိုးခေါ်သလို ဘွားလို့ပဲခေါ်ပြီး သူမတို့ကိုတော့ အန်တီ အန်ကယ်ဟု ခေါ်သဖြင့် ခေါ်မြတ်မွန်က နှုတ်ညှုံ့စွာပြုံးသည်။

"ဘွားက နေမကောင်းဘူး သမီးရဲ့ သူမလာနိုင်ဘူးလေ မင်္ဂလာပွဲကိုတောင် ခဏလေးပဲ လာထိုင်သွားတာဥစ္စာ"

"ဟုတ်ကဲ့"

ရင်ခွင်က ချွတ်လိုက်ပြီးသည့် အကျီကိုချိတ်နှင့် သေချာချိတ်၍ ဘကတ္တကို တန်းပေါ်မှာ ဆန့်ဆန့်ပြန့်ပြန့်လေးဖြစ်အောင် လွှားထားလိုက်သည်။

စကားပြောရင်း အလုပ်လုပ်သွားတာ သေသေသပ်သပ်လေးမို့ ခေါ်မြတ်မွန်က လိုက်ကြည့်မိကာ ကျေနပ်စွာပြုံး၏။ မေမေပြောတုန်းက....

"ငါရှာပေးထားတာကိုကြည့် ငါ့မြေးအတွက် နူနူယယ်ယယ်လေးရယ် ချောမှချော လှမှလှ"

ဟုဆိုပေမယ့် နုတာယယ်တာပဲရှိမှာပေါ့လို့ ထင်မိသည်။ အထူးသဖြင့် ဆက်ကော့လက်ကော့ဆိုတာမျိုးလေး၊ ခုကျတော့ လရိပ့်ရင်ခွင်ဆိုတဲ့ ကောင်မလေးက အလွန်ချစ်စရာကောင်းသော မျက်နှာလေးနှင့် သိမ်းတတ်ဆည်းတတ်ရှိပုံလည်းရ၏။

အခန်းထဲမှာ အိပ်ရာနှင့် အဝတ်ဗီရို အကျီစင်တွေ အားလုံးက သူနေရာနှင့်သူ ရှုပ်ပွတာ ဘာမှမရှိ။

"ဘွားနေမကောင်းမှန်းမသိလို့ပါ အန်တီ ကိုမိုးပြန်လာရင် ရင်ခွင်တို့ သွားလိုက်ပါမယ်"

သူမိဘရှေ့မှာမို့ ကိုမိုးလို့ပဲ ပြောလိုက်ရသည်။ ဒေါ်မြတ်မွန်က ခေါင်းညိတ်လိုက်ပြီး ကိုယ်အဖွေးလွန်သွားတာကိုလည်း ပြုံးမိ၏။

"ဟုတ်တယ် သူ့မြေးတွေကို တွေ့ချင်လို့ပဲ မှာလိုက်တာ သမီးရဲ့ သားနဲ့ သွားလိုက်ကြဦး"

ပြောလိုက်ပြီး အပြင်ထွက်ဖို့ ပြင်နေသည့် ရင်ခွင့်လက်မောင်းလေးကို ဆုပ်ကိုင်ကာ...

"ယောကျ်ားမလည်း မိဘပဲ သမီးရယ် နောက်ဆို အန်တီလို့မခေါ်နဲ့တော့နော် ခေါ်နေကျလို မာမီပဲခေါ်ခေါ် သားခေါ်သလို မေမေဖြစ်ဖြစ်ပေါ့ မေမေတို့ကတော့ သမီးလေးကို ချွေးမလို့ မမှတ်ပါဘူး"

"ရှင်..ဟုတ်ကဲ့ ခေါ်ပါ့မယ် ဟိုလေ သိပ်မရင်းနှီးသေးတော့ မျက်နှာ မရဲသေးလို့ပါ"

"ဘာဖြစ်လဲ သမီးရဲ့ မရင်းနှီးဘဲ လက်ထပ်ခဲ့တာပဲဥစ္စာ ကိုယ့်ယောကျ်ားရဲ့ အမေလည်း ကိုယ့်အမေပဲပေါ့ မဟုတ်ဘူးလား"

"ဟုတ်ကဲ့"

"ဟော့ဒီမှာ ငါ့တစ်ယောက်" တည်းထားပြီး အထဲမှာ ဘာလုပ်နေကြတာလဲကွ"

အပြင်က ဦးဇော်မိုး လှမ်းအော်တော့မှပဲ ထွက်လာဖြစ်ကြသည်။ ဒေါ်မြတ်မွန်က ရင်ခွင့်လက်ဖဝါးလေးကို တွေးဆုပ်ထားလျက်...





## အခန်း (၂၄)

"ရင်ခွင်"

"လာပြီ"

ခေါင်းလျှော်ထားသဖြင့် ဆံပင်ကို ဒရိုင်ယာနဲ့ မှုတ်နေတုန်း သူခေါ်တော့ ပလပ်ဖြုတ်ပြီး ထွက်လာခဲ့ရသည်။ မိုးက ရေချိုးပြီးစ ဝိုစ်လေးနှင့် အပေါ်ပိုင်းက အင်္ကျီမပါဘဲ တဘက်နှင့် တစ်ကိုယ်လုံးကို ပွတ်သုတ်ရင်း...

"ရေချိုးလိုက်လို့ထင်တယ် ဗိုက်ဆာလိုက်တာ မင်းဘာချက်ထားလဲ"

"အင်း ချက်တော့ချက်ထားတာပဲ ဘာတွေမှန်းတော့ မသိဘူး စာအုပ်ဖွင့်ပြီး ချက်ရတာလေ"

"ဟင်..မင်း ဟင်း မချက်တတ်ဘူးလား"

"မချက်တတ်ဘူး ထမင်းတောင်မှ ပေါင်းအိုးဖွင့်တတ်ဘိ ဝိတ်တတ်ရုံပဲ"

"ကောင်းကွာ"

ဆံပင်တွေကို ရေသုတ်၍ သူမျက်နှာမဲ့သွားသည်။

"အံမယ် ရှင်ဟိုနေ့တွေက စားသောက်နေတာ ကောင်းလို့လား"

"အဲဒါတွေ အားလုံး စာအုပ်ကြည့်ချက်တာပဲလား"

"ဟုတ်တယ်"

ရင်ခွင်က ခါးလေးထောက်၍ မျက်နှာဆတ်ခနဲလွှဲရင်း ရွဲ့ပြောသည်။

"အင်း မဆိုးပါဘူး စားမယ်"

သူစားမယ်ဆိုမှ ရင်ခွင်က ထမင်းစားခန်းထဲ ရှေ့ကဝင်သည်။ ဒါတိုင်းတော့ ကိုယ်ဆာရင် စားလိုက်တာပဲမို့ သူနဲ့ ဆုံဖြစ်တယ် မရှိပါ။

မနက် လက်ဖက်ရည်သောက်ရင်း ဆုံဖြစ်တာပဲရှိတာ၊ နေ့ခင်း သူက ပြန်မစားဘဲ ညကျတော့ ပြင်ဆင်ထားပြီးသားကို သူဘာသာ မွှန်စားတာ။ ဒီနေ့ကျမှ ညဉ့်နက်မှ ပြန်လာတော့ မစားတော့ဘူး ထမ်းခဲ့တာ။

"အင်း...ဒီမှာ"

ထမင်းစားပွဲမှာထိုင်၍ သူက ဟင်းပန်းကန်တွေကို ငုံ့ကြည့်သည်။

"ဘာဟင်းလဲ"

"မှစ်ချဉ်နဲ့ ဝက်သား"

"ဟင်"

သူ့ရင်ထဲမှာ လိုက်ခနဲဖြစ်သွား၏။ မှစ်ချဉ်၊ မှစ်ချဉ်ဆိုတာကို ကြားလိုက်ရစဉ် ဘာကို သတိရလိုက်မှန်းလည်း မသိ။ ဟင်းပန်းကန်ကိုကြည့်ကာ မိုး ငိုင်ကျသွား၏။

သူ ဘယ်တုန်းကမှ မကြိုက်ခဲ့သလို မေမေတို့လည်း မကြိုက်ကြ





သဖြင့် အိမ်မှာသိပ်မမြင်ဘူးသည့်ဟင်းပါ။ ဘွားဆီရောက်တုန်းအခိုက် တစ်ခါတစ်လေ မြင်ဖူးသည်။

"စားကြည့်စမ်း ဝက်နံရိုးနဲ့ချက်ထားတာ ကောင်းမှကောင်း"

ဘွားဘယ်လိုပြောပြော သူ နှာခေါင်းရှုံ့ခဲ့သည့်ဟင်း၊ လက်လုပ်ချဉ်တွေဆို ငါးချဉ်၊ ပုစွန်ချဉ်၊ သရက်ချဉ် မှစ်ချဉ်အဆုံး ဘာအချဉ်မှ သူမကြိုက်ခဲ့ပေ။ ဒါဆို မှစ်ချဉ်နဲ့ သူဘယ်လို ရင်းနှီးခဲ့ဖူးသလဲ။

"ရှင်မကြိုက်ဘူးမို့လား"

ရင်ခွင်မေးလိုက်တော့ သူမျက်ခုံးနှစ်ဖက်မြင့်တက်လျက် မော့ကြည့်၏။

"ကိုယ်မကြိုက်တာ မင်းသိလား"

ရင်ခွင်ခေါင်းညိတ်၍ ဘယ်လိုဖြေရမှန်းမသိ။ ဒီဟင်းကို သူမကြိုက်သည်။ ဒါပေမဲ့ ချက်ခါနီးတော့ မိုးသားမျက်နှာမကြိုက်နိုင်ဘူးဟု ဘွက်မိခဲ့၏။

ပို၍သေချာသည်က ဟင်းပန်းကန်ကို ကြည့်လိုက်သည့် ဒီမျက်လုံးတွေကို ရင်ခွင် မြင်ဖူးနေခဲ့ခြင်းပဲဖြစ်၏။ တွေးကြည့်တော့လည်း ဘာမရှိ။

"ဒီဟင်း မင်းကြိုက်တယ်ပေါ့"

သူဆက်မေးတော့ ခေါင်းညိတ်၍ဘေးမှာ ခုံဆွဲထိုင်လိုက်သည်။

"မကြိုက်ရင် မစားနဲ့လေ ဒီမှာ ကြက်သားကြော်ရှိတယ် ချဉ်ဟင်းကတော့ ညစာမို့လို့ မထားတော့ဘူး ဒီမှာ ငါးသလောက်ပေါင်း"

သူမ ပြောတာတွေကို ဘာမှ မကြည့်ဘဲ မိုးက ပျက်နှာကိုပဲ စူးစိုက်

ဝေးကြည့်ကာ…

"ရင်ခွင်"

ရင်ခွင် မျက်လွှာပင့်ကြည့်၏။ ဘာမှ မပြောသေးတဲ့ သူစိုက်ကြည့်နေတာကို ရင်ခွင်လည်း ပြန်ကြည့်နေမိသည်။

"မင်းနဲ့ကိုယ် ပတ်သက်ခဲ့ဖူးသလိုပဲနော် မင်း အဲဒီလို ခံစားမိလား"

တိုက်ဆိုင်တာ တချို့တော့ရှိခဲ့သည်။ ဒါပေမဲ့ ရင်ခွင်မတွေးမိခဲ့။

"ဘာဆိုင်လို့လဲ မဖြစ်နိုင်တာကို"

"ဟုတ်တယ် ဒါပေမဲ့ မင်းကို ကိုယ်…"

သူဘာပြောမလဲ စောင့်လိုက်ပြီးမှ ရင်ခွင်ထရပ်လိုက်သည်။

"သွားအိပ်တော့မယ်"

"နေပါဦး"

ဖွန်းနဲ့ခက်ရင်းကို ကိုင်ထားလျက် သူတားတော့ ရင်ခွင်ပြန်ထိုင်ရသည်။ မိုးက ငါးသလောက်ပေါင်းကို လှမ်းဖဲ့၍ ထမင်းပေါ် တင်လိုက်ပြီး မစားဘဲ စဉ်းစားနေပြန်သည်။

"မဆိုင်ဘူးဆိုတာကိုယ်သိတယ် ဒါပေမဲ့ မင်းနဲ့ကိုယ်လက်ထပ်ပြီးတဲ့နောက်မှာ ကိုယ်ပူလောင်နေတာတွေ လျှော့ပါးသွားသလိုပဲ"

"အဖော်ရှိလာလို့ ဖြစ်မှာပေါ့"

ရင်ခွင်က လမ်းလွဲရှောင်ဖို့ပဲတွန်းပို့၏။ မိုးကလည်း နီးစပ်ဖို့ကြိုးစားနေတာ မဟုတ်ပါ။ တကယ်ခံစားနေရတာကိုပဲပြောနေတာဖြစ်သည်။

ရင်ခွင့်ကို သူစိတ်မဝင်စားလို့ပဲ ကွာရှင်းကြဖို့ပြောခဲ့တာလည်း သူပဲ ။လို သူ့မှာ ကိုယ်ဝန်ရှိနေတော့ မဖြစ်သင့်တာတွေ ပိုများလာ





ဘာကို သိသည်။

ရိုးသားစွာ ထားခဲ့သည့် စိတ်ထဲမှာ သူ့မအနားမှာ ရှိနေတာကို သာယာခဲ့တာဟာ မရိုးသားခြင်းလား။

"ထားပါတော့ မင်းကိုယ်ဝန် ဘယ်လောက်ရှိပြီလဲ"

"လေးလ"

"လေးလ ဟုတ်လား ဘာမှလည်း မရှိပါလား"

သူတအံ့တသြပြော၍ ငုံ့ကြည့်တော့ ရင်ခွင့်ရုက်ကိုရှက်ကန်း ဖြစ်သွား၏။ စားပွဲပေါ် တင်ထားသည့် လက်တို့က ဖျတ်ခနဲဖြုတ်ချကာ အင်္ကျီကို ဟိုကဆွဲချ ဒီကဆွဲချနှင့်…

"ရှိရှိ မရှိရှိ ရှင်နဲ့ ဘာဆိုင်လို့လဲ"

"ဟင်..ဩော်…ဆော့ရီး"

မိုးလည်း မျက်နှာပျက်သွားကာ ကယောင်ကတမ်းနှင့် ထမင်းတစ်ဇွန်းခပ်ထည့်လိုက်ကာ ပါးစပ်ထဲရောက်မှ ရှုံ့မဲ့သွား၏။

ထမင်းမပါဘဲ ငါးသလောက်တုံးချည်းပဲမို့ အီစိမ့်သွားလေသည်။ ရင်ခွင်က ပခုံးလေးတွန့်ကာ ကြိတ်ရယ်၏။

ဟွန်း ပြောတုန်းကတော့ လေတစ်လုံးမိုးတစ်လုံးနဲ့ ယောကျ်ားတွေ ဒါပဲ သူ့ကိုနိုင်ချင်သည်မို့ မဲ့လိုက်မိသော်လည်း သူ့ကြည့်တိုင်း သူပြုံးလိုက်တိုင်း မခံချင်ဖြစ်ရရင်း ရင်ခုန်သွားတတ်ခဲ့တာ ကိုယ့်ကိုယ်ကိုတော့ မညာချင်။

ရည်းစားမထားခဲ့ဘူးတဲ့ ကိုယ်ဝန်လွယ်ခဲ့ရသည့် သူ့မအဖြစ်ဟာ ရင်ခုန်ခြင်းက တကယ့်အစိမ်းသက်သက်ပါ။ ပြီးတော့ ထပ်၍ ဝန်ခံရ

လျှင် သူနဲ့နေရတာ ရင်ခွင်စိတ်မညစ်မိခဲ့ပေ။

"ကိုယ်ပြောတာက ဒီလိုပါ မင်းကိုယ်ဝန်ကိုအပ်ဖို့ မီးယပ်သားဖွား အထူးကုတစ်ယောက် ကိုယ်ခေါ်ထားလို့"

"မလိုတော့ဘူး အားလုံးအပ်ပြီးပြီ မာမီတို့ကို ပြောလိုက်ပြီးသား"

"မတူဘူးလေ ကိုယ်က မင်းယောကျ်ား တာဝန်ကျေမှ ဖြစ်မှာပေါ့"

"ကျွန်မ နားလည်နေတာပဲ ရှင် တာဝန်ကျေခဲ့ပြီးပြီပဲဟာ"

"ဘာပဲဖြစ်ဖြစ် မနက်ဖြန် သူလာမှာ အပ်ပြီးသားလည်း ထပ်အပ်ပေါ့ကွာ ကိုယ်ဂရုစိုက်တာ တစ်စုံတစ်ရာဟာ မင်းအတွက် အကျိုးမယုတ်ပါဘူး ဟုတ်တယ်မို့လား"

ရင်ခွင်သက်ပြင်းချလိုက်မိ၏။ ဒီလူပြောင်းလဲသွားတာတော့ သိသာပါသည်။ လက်ထပ်ပြီးစကလို မှုကုတ်ကုတ် မာကျောကျော လူကိုမတူတန်သလိုပါ ဘာပဲဖြစ်ဖြစ် မပြောင်းလဲတာပဲ ကောင်းပါလိမ့်မည်။





အခန်း (၂၅)

"အစကတော့ အိမ်မှာလာကြည့်ဖို့ပြောထားတာပဲ ဒါပေမဲ့ မေမေတို့ အမှတ်တမဲ့ ရောက်လာကြရင် စက်ကုန်မှာစိုးလို့ ခေါ်လာတာ"

"ရပါတယ်"

ကားမောင်းရင်း မိုးက လှည့်ရှင်းပြသည်။ ညနေခင်းမှာ သူစောစောပြန်ရောက်လာပြီး ဆေးခန်းသွားဖို့ ခေါ်ထုတ်ခဲ့၏။

"ဒေါက်တာ ဒေါ်မြမြသီက သိပ်တော်တာ သဘောလည်းကောင်းတယ်"

"ရှင်က ဘယ်မိန်းမကို သွားမွေးဖူးလို့ သိနေတာလဲ"

ရင်ခွင် ပက်ခနဲ မေးတော့ သူလှည့်ကြည့်သည်။ မျက်မှောင်ကုတ်ထားသည့် မျက်ဝန်းလေးတွေကို စိုက်ကြည့်၍ ရှေ့ကိုပြန်ကြည့်ရင်း ရယ်သည်။

"ဟုတ်ရင်ပေါ့ ပုတ်ရင်ကျော်တဲ့ မကြားဖူးဘူးလား ထင်ပေါ်ရင် ...င်တော်...က်တယ်ဆို...တွေလေ ကျော်ကြားတဲ့သူကို သိနေတာ ...န်းသလား ကိုယ့်မှာ ဆရာဝန်မိတ်ဆွေတွေ အများကြီးပဲ"

သူရယ်ပုံက ကိုယ်ကပဲ သဝန်တိုသွားမိသလိုလို၊ မလုံမလဲ မျှော်နှာလွှဲပစ်မိကာ ရင်ခွင့်အသံလေး တိတ်သွား၏။

ဟိုရောက်တော့ ဒေါ်မြမြသီဆိုသူက တကယ်ပဲ သဘောကောင်းသူမှန်း သိလိုက်ရ၏။

"လာ ညီမလေးလာ ကိုမိုး ဖုန်းဆက်ထားတော့ မမက လာစေချင်နေတာ"

စုမှ မြင်ဖူးပေမယ့် တရင်းတနှီး နှုတ်ဆက်၍ အထဲခေါ်သွားပြီး စမ်းသပ်သည်။ သူဘယ်လိုပြောထားသလဲ ညားတာက တစ်လကျော် ကိုယ်ဝန်ကလေးလ....

"ကိုယ်ဝန်ကို လျှောက်မအပ်နဲ့နော် ဒေါ်မြတ်မွန်တို့ သိသွားလိမ့်မယ်"

ဟု အန်တီကတော့ နှစ်ခါလောက် သတိပေးသွားခဲ့၏။ ဒေါ်မြမြသီ မျက်နှာမှာ ဘယ်လိုအမူအရာမှ အကဲဖမ်းလို့မရ။

"အားလုံးကောင်းတယ် ကိုမိုးရေ ဒီလိုပဲသိလား ခိုးစားရင် လှမ်းတယ်"

အပြင်ပြန်ထွက်လာတော့ ဒေါ်မြမြသီက ရယ်ရွှင်းပြော၏။ သူ့ထံ မျက်နှာပူပူနှင့် ပြုံးလိုက်ပုံမျိုးဖမ်း၍ ရင်ခွင်ကိုကြည့်သည်။

"လူကြီးတွေသဘောတူထားတာကိုများ စောစောကတည်းက ယူလိုက်ကြပြီးတာပဲ အံ့ရော"

ဟု ဆက်ပြောလာတော့မှ သူဘယ်လိုပြောထားခဲ့မှန်း ရင်ခွင်သိလိုက်မိခဲ့သည်။





"ကလေးအနေအထိုင်ကောင်းတယ် လူကြီးလည်း ကျန်းမာတယ် နောက်နေ့မလာပါနဲ့ မမလာကြည့်ပေးမယ်"

"ရပါတယ် မမမြ သူလည်း အပြင်ထွက်ဖြစ်အောင် ခေါ်လာတာပါ နို့မို့ဆို အိမ်ထဲထကုပ်ကုပ်နဲ့"

မိုးက အကြောင်းပြနေတာကို ဒေါ်မြမြသီက အလိုက်မသိ။

"ဟုတ်လား အဲဒီလိုနေလို့တော့ မရဘူးနော် ညီမလေး ကိုယ်ဝန်ဆောင်က လမ်းလျှောက်ပေးရတယ် မိခင်လောင်းဖြစ်လာကတည်းက ကလေးကို မိခင်က အသက်ပေးကာကွယ်ကြရတာ သွားတာလာတာ အိပ်တာစားတာ အားလုံးကိုယ့်သဘောကိုယ့်သဘော ကိုယ့်ဆန္ဒနဲ့ မရတော့ဘူး ဒါကြောင့် မိဘမေတ္တာကြီးမားတယ်လို့ ဘုရားကဟော တာပေါ့ မမဆိုရင် မိဘကို အဝေးကပဲ ရည်စူးကန်တော့နေတာ"

"အစ်မက ရန်ကုန်က မဟုတ်ဘူးလားဟင်"

"ဘယ်ကဟုတ်ရမှာလဲ မထင်ရှားတဲ့ရွာလေးတစ်ရွာကပါ မမက တော့ သူ့..အမေ့ကြိုးစားမှုနဲ့ ခုလို ဆရာဝန်ဖြစ်ခဲ့ရတာ"

"ဪ"

"အိမ်ထောင်ကျပြီး ပြန်မယ်ပြန်မယ်နဲ့ အလည်တောင် မသွားလိုက်ရဘဲ ခင်ပွန်းကဆုံးသွားတယ်လေ ကျန်ခဲ့တာက သားအမွှာလေး နှစ်ယောက်နဲ့ဆိုတော့ ကိုယ့်ဟာကိုယ် ရုန်းကန်နေရတာနဲ့ မပြန်နိုင် တော့ဘူး အမေကတော့ ဘယ်လိုထင်နေမလဲ မသိတော့ပါဘူး"

ဒေါက်တာမြမြသီက ..အောင်မြင်ရကျော်ကြားနေသော အထူးကု ဆရာဝန်တစ်ယောက်ဖြစ်ပါလျက်နှင့် တစ်ထပ်တိုက် ပျဉ်ထောင်အိမ်

ကလေးတစ်လုံးပဲ ရှိနေတာကို အံ့သြခဲ့မိသည်။ သူမဘဝက ဒီလိုကိုးဟု ပြန်လာတဲ့အထိ တွေးနေမိသည်။

"သူ အဲဒီလောက်ပဲ ချို့တဲ့လားဟင်"

မိုးကို ဖွင့်မေးမိတော့ မိုးက ခေါင်းခါ၍...

"မချို့တဲ့ပါဘူး သူကိုက အေးဆေးနေတတ်တာ ပြီးတော့ အသပြာ ဆရာလည်းမဟုတ်ဘူးလေ သူများရသလောက် မရတာတော့ ရှိတယ်။ သူ့မိတ်ဆွေတွေအားလုံးက သူ့ကိုခင်ကြတယ် ဂရုလည်းစိုက်ကြတယ် ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမလေးဖြစ်တော့ ကူညီကြတာလည်း ရှိတယ်"

ကားလေးက ကိုယ့်ခြံထဲ ပြန်ရောက်လာ၏။ ဘာဖြစ်တာလဲတော့ မသိပါ ထိုညက မိုးဘယ်လိုမှ အိပ်မပျော်နိုင်တော့သဖြင့် ဆယ့်နှစ်နာရီထိုးနောက်မှ ဝရန်တာဘက်ကို ထွက်လာခဲ့မိသည်။

ကောင်းကင်ကို မော့ကြည့်လိုက်တော့ နက်ပြာမှောင်ရီသော ကောင်းကင်က တခြမ်းပဲ့လကလေးနှင့် ကြယ်တာရာတို့ ဓစားလျက် လှချင်တိုင်း လှနေသည်။

ငွေပဲငေးမောရင်း လကလေးကို ကြည့်မိတော့ ဘာကို ကြေကွဲ သွားမှန်းမသိ လိုအပ်ချက်သည် ဘေးမှာ တစ်စုံတစ်ယောက်ရှိနေစေ ချင်တာပဲ ဖြစ်၏။ ဒီလို ညလေးမျိုးမှာ သူဟာ တစ်ယောက်ယောက်နှင့် ကြည်နူးစွာ စကားတွေပြောနေခဲ့ဖူးသလား။

ဘယ်ဆီဘယ်ဝယ်မှန်းမသိဘဲ တမ်းတရင်း ရင်ထဲမှာ ပူလောင် လာသည်။ ထိုစဉ် နောက်ဘက်မှ ထိုးကျလာသည့် အရိပ်ကြောင့် ဖျတ် ခနဲ လှည့်ကြည့်လိုက်မိ၏။





"ရင်ခွင်"

"ဆောရီး ရှင်ရှိနေမှန်းမသိလို့"

"လာပါ ကိုယ်တစ်ယောက်တည်းပျင်းလို့"

"နေပါစေ ကျွန်မအိပ်တော့မှာ"

"ရင်ခွင်"

လှည့်ထွက်သွားပြီးမှ ရင်ခွင်တုံ့ခနဲ ရပ်သွား၏။

"လာပါ ကိုယ်တို့ စကားပြောရအောင်"

နောက်ထပ်ခေါ်မှ ရင်ခွင်ခပ်ဖြည်းဖြည်းလျှောက်လာသည်။ သူ့ ဘေးမှာရပ်၍ သူ့လိုပဲ ကောင်းကင်ကို မော့ကြည့်သည်။

"ဒရင်းဘတ်မှာ ထိုင်ပါလား"

ခင်းထားသည့် ဒရင်းဘတ်ကို မေးဆတ်ပြတော့ ရင်ခွင်က ခေါင်း ခါသည်။

"မင်း အိပ်မပျော်ဘူးလား"

"ဟုတ်တယ်"

မိုးက ကောင်းကင်ကို ပြန်မော့ငေးကာ...

"အဲဒီလို မြင်ကွင်းမျိုးလေးကို ကိုယ်သဘောကျတယ် တိမ်ကင်း စင်နေတဲ့ လဆန်းရက်တွေဆို ကိုယ်ဒီလိုပဲ ဖြစ်ဖြစ်နေတာ ကြာပြီ"

ရင်ခွင်က ဖျတ်ခနဲ လှည့်ကြည့်သည်။ သူနဲ့ရင်ခွင်ဘာလို့ တူနေ ရတာလဲ။ တသုန်သုန် တိုးဝှေ့လာသည့် ညဦးလေပြေကြောင့် စိမ့်ခနဲ ဖြစ်သွားသဖြင့် ရင်ခွင်က လက်ပြတ်ဝတ်ထားသည့် လက်မောင်းလေး

တွေကို ပွတ်သပ်၍ ပခုံးလေးကျုံ့သည်။

"အေးသွားလား"

"အင်း"

"သွားချင်လည်း သွားတော့လေ အအေးပတ်သွားလိမ့်မယ်"

ရင်ခွင်က ခေါင်းလေးညိတ်၍ ပြန်ဝင်သွားသည်။ ရင်ထဲမှာ ဟာတာတာကြီးဖြစ်ကာ ဒရင်းဘတ်ပေါ်မှာပဲ လှဲနေလိုက်မိ၏။ ပဟေဠိဆန်လှသော ဘဝ၏အပြောင်းအလဲများကို ဘယ်လိုတွေးတွေး မရတာက ဆင်းရဲခြင်းပဲဖြစ်၏။

"အတိတ်မေ့တယ်ဆိုတာကို ငါမယုံဘူးနိုးယော် အတိတ်မှာကော ပစ္စုပ္ပန်မှာကော ကိုယ်ပဲ တစ်ခုခုကြောင့် သတိရလာတာတော့ ရှိသင့်တာပေါ့"

"အခု မင်းဘာမှသတိမရတော့ဘူးမို့လား"

အားလုံးက သူ့ကိုဘာမှတွေးခွင့် ငေးခွင့်မရလောက်အောင် ပိတ်ဆို့ခဲ့ကြသည်။ မြန်မြန်ဆန်ဆန်ကြီးလက်ထပ်ပေးလိုက်တာကလည်း ဒီအကြောင်းများကြောင့်ဖြစ်၏။ ပြီးခဲ့သော ကာလတစ်ခုမှာ ဘာတွေဖြစ်ခဲ့သလဲ။ တွေးနေရင်း မောငေးနေခဲ့သော မျက်ဝန်းများက မှေးစင်းလာခဲ့သည်။ ကိုယ့်ကိုယ်ကို အိပ်ပျော်သွားသည်လို့လည်း မထင်လိုက်ရဘဲ အနားမှာလာရပ်နေသည့် အရိပ်တစ်ခု...

သူ မျက်လုံးဖွင့်ကြည့်လိုက်တော့ ရင်ခွင်ရယ်...

"ရင်ခွင်"

ခေါ်လိုက်မိပြီး သူချက်ချင်း ထရပ်လိုက်စဉ် ရင်ခွင်က နောက်





ဆုတ်လိုက်၏။

"ရင်ခွင် ဟုတ်လား ခုတော့ ရှင်က လမင်းကိုမေ့ပြီပေါ့လေ မင်းကိုတော့ ဘယ်တော့မှ မေ့သွားမှာ မဟုတ်ဘူးလို့ ပြောခဲ့တာတွေ ဘယ်ရောက်ကုန်ပြီလဲ ရှင်..ရှင်သိပ်ကို ရက်စက်တဲ့လူ"

"လမင်း ကိုယ်ရှင်းပြမယ် ကိုယ်လက်ထပ်တာကလေ"

"မပြောနဲ့ နေမင်း ရှင်ရှေ့မတိုးနဲ့နော်"

"လမင်း"

လမင်းက အတင်းလှည့်ပြေးသည်။ အိမ်ပေါ်မှာမဟုတ်ခဲ့တဲ့ တောလမ်းကလေးဖြစ်သွားခဲ့၏။ ပြောင်းနှံ့နေသော ကိုင်းပင်တို့၏ အလယ်မှာ လမင်းကို သူဖမ်းဆုပ်လိုက်မိသည်။

"ရှင့်ကိုမုန်းတယ်သိလား နေမင်း ရှင်ဟာမေ့လွယ်တဲ့ယောကျ်ား"

သူ့ကိုထုရိုက်၍ လမင်းငိုနေသည်။

"မဟုတ်ပါဘူး လမင်းရယ် ကိုယ့်ရင်ထဲမှာ မင်းအမြဲရှိနေတာပါ မင်းကိုပဲ ကိုယ်ချစ်ခဲ့တာ တကယ်ပါ"

ရှိုက်သံသဲ့သဲ့လေးနှင့် ငြိမ်သက်သွားသည့် လမင်းကိုယ်လေးကို တင်းကျပ်စွာဖက်၍ သူအမြတ်တနိုးနမ်းမိသည်။

ရင်တို့တဆတ်ဆတ် ခုန်ကာ ယုယကြင်နာလို့အားမရနိုင်။ နှလုံးသားတစ်ခုလုံး လေဟာနယ်ထဲမှာ လွင့်မျောနေသလို ကျင်စနဲ့ သိမ့်ခနဲ့ ကြည်နူးမှုများက တာမဖွဲ့နိုင်။

ရင်ခွင်ပဲဖြစ်ဖြစ် လမင်းပဲဖြစ်စေ ထိုမျက်နှာကလေးကိုပဲ သူမြတ်နိုးမက်မောစွာဖြင့်.....

## အခန်း (၂၆)

"ဟင်"

ဝေါက်ခနဲ ထထိုင်လိုက်မိသည်အထိ ရင်ထဲမှာ တဒိတ်ဒိတ်ခုန်နေဆဲ။ ရင်ခွင် ကိုယ့်နှုတ်ခမ်းလေးကို ယောင်ရမ်းဆုပ်ကိုင်လိုက်မိသည်။

ပြီးတော့ ပါးပြင်နှစ်ဖက်ကို စမ်းကိုင်ရင်း ရင်ဘတ်ကို ပြန်ဖိထားမိ၏။ သူမ အိပ်မက်ထဲမှာ နေမင်းဟာ မိုးသားမျက်နှာဖြစ်နေလျက် သူမကို လမင်းဟုခေါ်၍ အနမ်းတို့သည်....

"ဒေါက်...ဒေါက်"

"အမလေး"

ရုတ်ကြောက်နေဆဲမို့ တံခါးခေါက်သံကြောင့် ရင်ခွင်တုန်ခနဲ ဖြစ်သွား၏။

"ရင်ခွင်"

"ဟင်...ဘာလဲ"

"မင်း မအိပ်သေးဘူးမို့လား ခဏတံခါးဖွင့်ပေးပါ"

"ဘာ...ဘာလုပ်မလို့လဲ ကျွန်မ အိပ်ချင်ပြီ"

"ခဏလေးပါကွာ ခဏဖွင့်စမ်းပါ ဟိတ်...လာကွာ"

သူအတင်းနှိုးနေသဖြင့် ရင်ခွင် တံခါးထဖွင့်လိုက်ရ၏။

"ရင်ခွင်"





နှစ်ယောက် မျက်နှာချင်းဆိုင် ရပ်လိုက်မိကြစဉ် တစ်ယောက်ကို တစ်ယောက် မျက်လုံးအပြူးသားနှင့် အကြာကြီး ကြည့်နေမိကြသည်။

"ရင်ခွင်"

သူက ထပ်ခေါ်ပြီး ရင်ခွင့်လက်ဖဝါးလေးနှစ်ဖက်ကို ဆွဲယူလိုက်သည်။

"မင်း အိပ်မက်ထဲက နေမင်းဆိုတာ ကိုယ်ဖြစ်နိုင်တယ်လို့ မထင်မိဘူးလား"

"အို"

"ကိုယ်အခု အိပ်မက်မက်တယ် ကိုယ့်အိပ်မက်ထဲက လမင်းဆိုတာက မင်းပဲ"

"ဟင်"

ရင်ခွင် မျက်လုံးပြူးကျယ်သွား၏။ ဒီလောက်ထိ တိုက်ဆိုင်နေခဲ့သလား။

"မင်း ကိုယ့်ကိုပဲ နေမင်းလို့ခေါ်ခဲ့တာ"

"ရင်ခွင်က..."

သူမ ဘာမှမပြောရသေးမီ မိုးက ခေါင်းခါပစ်လိုက်၏။

"မင်းလွယ်ထားတဲ့ ကလေးရဲ့အဖေက ဘယ်သူလဲဟင် မင်းနဲ့သူက ချစ်သူတွေလား မင်းရဲ့ဘဝထဲမှာ ကိုယ်နဲ့ မင်းနည်းနည်းလေးမှ ပတ်သက်ဖို့ မရှိခဲ့ဘူးလား စဉ်းစားကြည့်စမ်းပါ တိုက်ဆိုင်တာက ဒီထိဖြစ်နိုင်ပါ့မလား"

"ဟင့်အင်း"

ရင်ခွင်ပြန်ရှန်းတော့ မိုးကစွတ်ပဲ ဖိဆုပ်ကိုင်ထားကာ...

"ကိုယ် ဖုံးမထားချင်တော့ဘူး မင်းနဲ့ကိုယ်လက်ထပ်ဖို့ စီစဉ်နေတုန်းမှာ ကိုယ်ခရီးထွက်သွားခဲ့တယ် အဲဒီမှာ ကားမှောက်ပြီး ကိုယ်အတိတ်မေ့သွားခဲ့ဖူးတယ်"

ဘုရား...ဘုရား။

ရင်ခွင် လည်ချောင်းထဲမှာ ခြောက်သွေ့လာသည်။ သူမကားမှောက်တဲ့ထဲမှာ သူပါခဲ့တာလား ဒါလည်း မဖြစ်နိုင်ပါ။ ကားတစ်စီးထဲမှာ အတူရှိခဲ့ကြတာဆိုလျှင် ဒီမျက်နှာကို သူမ သိနေရမည်။ ဒါမှမဟုတ် သူက သပ်သပ်ဖြစ်ခဲ့တာလား...

ခေါင်းထဲမှာ မူးနောက်ရီဝေလာခဲ့၏။

"ရင်ခွင် မင်းတစ်ခုခုကို သိနေသားနဲ့ ဖုံးဖိနေတာလားဟင် မင်းလည်းကိုယ့်လိုပဲ အတိတ်မေ့ခဲ့ဖူးလား"

"အို မသိဘူး မဟုတ်ပါဘူး လွှတ်ပါ"

"မဟုတ်ဘူး မင်းသိနေတာရှိတယ် မညာနဲ့ကွာ ပြောစမ်းပါ"

"မဟုတ်ပါဘူးဆိုမှ ရှင်ရူးနေလား ကိုမိုး တစ်ယောက်နဲ့တစ်ယောက် ဒီလောက်ထိတိုက်ဆိုင်တူညီနေတာ ရှိနိုင်သလား ဖယ် လွှတ်"

"မင်း"

သူ မချင့်မရဲ လွှတ်၍ နောက်ဆုတ်ရပ်သည်။ လက်သီးနှစ်ဖက်ဆုပ်၍ တက်ခေါက်၏။

"မင်းညာနေတာ မဖြစ်နိုင်ဘူးဆိုတာ ဘာမှမရှိဘူးရင်ခွင် တစ်ခါတစ်လေ တိုက်ဆိုင်မှုက သဘာဝထက် အများကြီးဆန်းပြားတယ်





မဟုတ်ဘူးဆိုရင် မင်းဖြေ ဒီကလေးရဲ့အဖေ မင်းဖြစ်ခဲ့တဲ့သူ ဘယ်သူလဲ"

ရင်ခွင်ခဏတော့ ဆွံ့အသွားခဲ့၏။ ပြီးမှ...

"ရှင်မစပ်စုပါနဲ့ အဲဒါ ကျွန်မကိစ္စ"

ပြောပြီးမျက်နှာလွှဲပစ်၏။

"အို...ရှင်"

မိုးက ရင်ခွင့် ပခုံးလေးနှစ်ဖက်ကို ဆတ်ခနဲ ဆွဲယူကာ မျက်နှာလေးကို စိုးမိုးကြည့်၏။

"ကိုယ့်ကို ကြည့်ပြီး ညာလိုက်စမ်းပါ"

ရင်ခွင့် မျက်ဝန်းလေးတွေ ချောက်ချားသွား၏။ ဖျတ်ခနဲ ငုံ့ကျလာသည့် သူ့မျက်နှာကို ဘယ်လိုမှ မရှောင်လိုက်နိုင်ဘဲ မာတော်လိုက်သွားသလို တစ်ကိုယ်လုံး ကျင်ခဲသွားလေသည်။

အိပ်မက်ထဲမှာထက် ပို၍ တိမ်းမူးစေသော အနမ်းများကြောင့် ရင်ခွင်သည်....

## အခန်း (၂၇)

ဒီနေ့တော့ ဒေါက်တာ့ကို အိမ်ခေါ်သွားဖို့ စိတ်ကူးမိတာနှင့် ဆေးခန်းရှေ့မှာပဲ ကားရပ်၍ ဆင်းလိုက်သည်။

ဒီအချိန်ဆို ဆေးခန်းထိုင်သည့် ဒေါ်မြမြသီ၏ အချိန်ပြီးလောက်ပြီ ဆိုတာတွက်၍ တမင်အချိန်ကိုက်ထွက်လာခဲ့ခြင်းဖြစ်သည်။

ဆေးခန်းမှန်တံခါးကြီးကို တွန်းဝင်လိုက်သည်နှင့် ဒေါ်မြမြသီ ထွက်လာသည်က သူတွက်ခဲ့သည့်အတိုင်းပင်။

"တီကျလုရှေလား ကိုမိုးရဲ့ ဒီနေ့လူနာကျတယ် မင်းစောရောက်ရင် စောင့်ရမှာ"

"သိတယ်လေ ဆရာဝန်ဆိုတာ အချိန်အတိအကျ ထွက်လို့ရတာမှ မဟုတ်တာ တမင်မှန်းပြီးလာခဲ့တာ"

ဒေါ်မြမြသီလက်ထဲက ဆေးအိတ်ကို သူပြောင်းယူ၍ အပြင်ထွက်လိုက်သည်နှင့်....

"သား"

"ဟင် မာမီ"

"မင်း... မင်းက ဘာလာလုပ်တာလဲ"

"ဒယ်ဒီ ဟိုလေ ကျွန်တော်"

သူတစ်ကိုယ်လုံး ပူထူသွားကာ တစ်သက်လုံး မခံစားဘူးခဲ့သော ရှက်ရွံ့သိမ်ငယ်ခြင်းကို ခံစားလိုက်ရ၏။ ညာရသည့် ဒုက္ခကို နဖူးတွေ့ဒူးတွေ့ကြုံလိုက်ရသည့်နောက်...





"အန်တီတို့က ဒေါ်နီလာလွင်နဲ့ ပြဖို့ထင်တယ်"

"ဟုတ်ပါတယ်ကွယ်"

သူ့မ၏နောက်ဝင်လာသည့် ဆရာဝန်က နှလုံးအထူးကုဒေါက်တာ နီလာလွင်၊ ဒေါ်မြမြသီက သားဖွားမီးယပ်အထူးကုမှန်း ဒေါ်မြတ်မွန်တို့ သိကြသည်။ ဒေါက်တာ့အိတ်ကို သားက ဆွဲထားလို့...

"အမလေး မြေးချိုရတော့မှာကိုများ ပြောဖော်တောင်မရဘဲနဲ့ ဒီက ကိုမိုးကိုယ်တိုင် လာအပ်ပေးမှသိရတာ"

"ဘယ်လို"

သွားပြီ ဒေါ်မြမြသီရှင်းလိုက်မှ ရှုပ်ကုန်ပါပြီ။ ထိုအခါကျမှ မြုပ်ကွက်တစ်ခုရှိနေမှန်း အကဲခတ်မိကာ ဒေါ်မြမြသီလည်း အိုးတိုးအမ်းတမ်း ဖြစ်သွား၏။

ထိုစဉ် မိုး၏ကားနောက်မှာ အငှားကားတစ်စီးကပ်ရပ်လာ၏။ ကားပေါ်က ဆင်းလာသူက ပုဆိုးတိုတိုလည်ပင်းမှာ မာဖလာပတ်လျက် အသားက မည်းသေးသည်။

"မြမြ တော်သေးတာပေါ့ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့လို့"

"ဟင် အစ်ကို"

ဒေါ်မြမြသီ၏ အာရုံက ထိုဆီကူးသွားတော့ ဘာရယ်မဟုတ်ဘဲ မိုးတို့ လည်လှည့်ကြည့်လိုက်မိကြသည်။

"ငါ ဆေးရုံမှာ အရင်သွားစုံစမ်းရတာ ဟိုကပြောလိုက်လို့ ကားဆရာကို လိပ်စာပြပြီး ဒီကိုမောင်း...ဟင်"

ထိုလူစကားမဆုံးမီ မျက်လုံးအဝေ့မှာ မိုးကိုမြင်တော့ တအံ့တဩ ဖြစ်သွားလေသည်။

"နေမင်း ကြည့်စမ်း မင်းတို့ကွာ"

သူ့မှာ ညီမနဲ့ဆုံတာထက်ပို၍ အားရဝမ်းသာဖြစ်သွားပုံရကာ မိုး၏ ပခုံးကို ဖျစ်ညှစ်ဆုပ်ကိုင်၏။

"မင်းနဲ့ လမင်းတို့ အသတ်ခံလိုက်ရလို့ပဲ သေကုန်ကြသလိုလို ရွာကနေပဲ မသိမသာ ထွက်သွားကြသလိုလိုနဲ့ ဖိုးသားတော့ အမျောင် ကြားကနေ အထိုးအကြိတ် ခံလိုက်ရသေးတယ်"

"ဗျာ"

သူ မထင်မှတ်သည့်အကြောင်းတွေကြားလိုက်ရကာ အံ့လည်း အံ့ဩဝမ်းသာသွားသည့်စိတ်ကြောင့် ရင်တွေခုန်လာသည်။ ဒေါ်မြတ်မွန် ဘာမှ နားမလည်သလို ပါးစပ်အဟောင်းသားဖြစ်နေ၏။

"ဒါနဲ့ ဒီကအစ်ကိုက"

မိုးမေးမယ်လုပ်တော့ ဒေါ်မြမြသီက...

"သူက မမရဲ့ အစ်ကိုကြီးလေ ကိုလှသိန်းတဲ့ ရွာကလိုက်လာ တာ အစ်ကို အမေကောဟင်"

မိုးကိုရှင်းပြရင်း အစ်ကိုဖြစ်သူကို လှည့်မေး၏။

"အခု အမေ အသည်းအသန်ဖြစ်နေတယ် မြမြ မိဘရဲ့ နောက် ဆုံးအချိန်ကိုတော့ နင်လာနိုင်မယ်လို့ထင်လို့ ငါလာခေါ်တာ"

"အစ်ကိုရယ် ဖြစ်ရလေ"

ညီမဖြစ်သူကို ချစ်ပေမယ့် နာကြည်းသော မျက်နှာနှင့် မျက်ဝန်း တို့ကို အရှေ့မှာ မိုးဆီပြန်ကြည့်ဖြစ်ကာ...

"မင်း မိန်းမ နေကောင်းရဲ့လား ခုလောက်ဆို ကိုယ်ဝန်လေးငါး လရှိရောပေါ့ အမေကတော့ မင်းတို့ ပျောက်သွားတဲ့နေ့က လိုက်ရှာရင်း





ငိုရှာသေးတယ် လမင်းကို သူသိပ်ချစ်တာကွ"

မိုးက ဒေါ်မြတ်မွန်ကို လှည့်ကြည့်၏။ ဒေါ်မြတ်မွန်က ဦးခေါ်မိုး ကို ပြန်ကြည့်သည်။ အခြေအနေကိုကြည့်၍ ဒေါ်မြမြသီကပဲ ကြားဝင် ဖြေရှင်းလိုက်၏။

"အစ်ကိုက ကိုမိုးနဲ့သိလို့လား ကိုမိုးက အစ်ကို့ကို မသိသလိုပဲ"

"ဒါဆို သူဘာဝမေ့တာပဲ မြို့ရောက်သွားတဲ့လူတွေ ဒီလိုချည်းပါပဲ လား အင်း ငါ့ညီမတောင် အမေနဲ့ရွာကို မေ့သေးတာပဲ ဟုတ်မှာပါ"

စိတ်ပျက်သံနှင့် ညည်းညူ၍ ကိုလှသိန်းက ခေါင်းခါသည်။

"မဟုတ်ဘူး ကျွန်တော်သိပါတယ်"

မိုးက ထိန်းထိန်းသိမ်းသိမ်း ဝင်ပြောရင်းဖြင့်...

"ကိုလှသိန်းက ကျွန်တော်တို့ကို ထွက်သွားတယ်လို့ ဘာဖြစ်လို့ ထင်တာလဲ"

"အသတ်ခံရတဲ့လက္ခဏာ ဘာမှမတွေ့တာကွာ ဖိုးသားက ဆရာ တော့်ကိုလျှောက်တော့ လမင်းကို ရွာထဲက မူးကောင်တွေ ဆွဲလား ရမ်းလားလုပ်လို့ မင်းကဝင်ထိုးတယ်တဲ့ မင်းကိုသတ်ပြီး ရေထဲကန်ချ လိုက်သတဲ့ လမင်းကိုတော့ ထိန်းမရလို့ အသေရိုက်သတ်ပစ်လိုက် တာတဲ့ ပြီးတော့ ရေထဲကို ခဲဆွဲချသတဲ့ကွာ"

"ဘုရား...ဘုရား"

နားလည်သွားတာ မဟုတ်ဘဲ ဒေါ်မြတ်မွန် ဘုရားတ၍ ရင်ဘတ် ပုတ်ဖိသည်။

"မဟုတ်တာ ပြောရမလားဆိုပြီး မူးလေးကောင်က ဖိုးသားကို ဆုံးကြ ကြိတ်ကြနဲ့ သက်သေပစ္စည်း သဲလွန်စဘာမှမတွေ့တော့ ဖိုးသား

ကိုပဲ ရူးသလို ကြောင်သလို ပြောကြတာပေါ့ကွ၊ ဒါပေမဲ့ ဆရာတော်က အိပ်မက်မက်ပြန်သတဲ့ မင်းတို့ကို ဒီကောင်တွေ တကယ်သတ်လိုက်တာဖြစ်နိုင်တယ်လို့ သတင်းထွက်ပြန်ရော ခုမှပဲ ရှင်းသွားတော့တယ်"

ပြောနေရင်း ကိုလှသိန်းက တစ်ခုခုကို သတိရသွားပုံဖြစ်လျက်...

"ဒါပေမဲ့ ငမူးလေးကောင်တော့ ရှောင်ထွက်သွားကြတာ သိသာဘယ်ကွ တို့ဆရာတော်က အကြားအမြင်သန်တာ တစ်ရွာလုံးသိတော့ ဆရာတော်က ဟုတ်တယ်ဆိုရင် သူတို့ ဒုက္ခရောက်မှာကိုး ခုမှပဲရှင်းတော့ တယ် ကဲ ပြောပါဦး ဘာကို မကျေနပ်လို့ နှုတ်မဆက်ဘဲ ထွက်သွားကြ တာလဲ"

မိုး ရှင်းပြဖို့ကို အာရုံမထားနိုင်ဘဲ ကိုလှသိန်းလက်ကို ဆုပ်ကိုင်လိုက်ကာ...

"ကိုလှသိန်း လမင်းနဲ့ ခဏလောက် လိုက်တွေ့ပါလားဟင်"

ရင်ခွင့်ကို ကိုလှသိန်းမြင်လိုက်လျှင် အားလုံးရှင်းသွားမှာမို့ သူခေါ်တော့လည်း ကိုလှသိန်းက မလိုက်နိုင်။

"ဟာ စိတ်တော့မရှိပါနဲ့ ငါ့ညီရာ မင်းတို့ ကျန်းကျန်းမာမာ ရှိနေတာ မြင်ရတာပဲ ဝါဝမ်းသာလှပါပြီ အမေတော်တော်လေးဖြစ်နေတာ မြမြခေါ်ပြီး ငါချက်ချင်းပြန်လှည့်ရမှာ မင်းတို့ သတိရရင်တော့ လာလည်ကြပေါ့ကွာ"

"ဆောရီးမောင်လေးရယ် ဒီနေ့ မမ မလိုက်နိုင်တော့ဘူးနော်"

ဒေါ်မြမြသီကလည်း တောင်းပန်၏။

"သား သားသူကိုသိလို့လားဟင် နေမင်းဆိုတာ"





"နေဦးမေမေ ပြီးတော့ အားလုံးရှင်းသွားမှာပါ ကျွန်တော် ကိုလှသိန်းနဲ့ ခဏလိုက်သွားဦးမယ်နော်"

"အို ဘယ်ကိုလဲ"

"မမမြ အိမ်ကိုပါပဲ ချက်ချင်းပြန်လာမှာပါ"

မိုးကပြောရင်း ကားတံခါးကို ဖွင့်လိုက်ပြီး...

"မမမြနဲ့ ကိုလှသိန်းတက်ဗျာ ကျွန်တော်လိုက်ပို့မယ်"

"ကျေးဇူးပဲကွယ် အန်တီခွင့်ပြုပါဦးနော်"

ဒေါ်မြမြသီက ခွင့်တောင်းတော့မှ မအိမလည်းပြုံးပြ၍ ဒေါ်မြတ်မွန် ခေါင်းညိတ်သည်။ ပြီးတော့ ထွက်ခွာသွားသည့် ကားလေးနောက်ကို လိုက်ကြည့်ရင်း...

"ကိုဇော် ရှင့်သား ဘာဖြစ်သွားတာလဲ"

"သူ့ နေမကောင်းတုန်းက ဖြစ်ခဲ့တာတွေ နေမှာပေါ့ မင်းသားမိန်းမရခဲ့တာတော့ သေချာတယ်ကွ"

"ဒုက္ခတွေတော့ များကုန်ပြီထင်တယ် ကိုဇော်ရယ် သားက ရင်ခွင်ကို လိုချင်တာ မဟုတ်ဘူး ဟိုမိန်းမအသံကြားတော့ ပျာယာခတ်နေတာပဲ ဒေါ်မြရုံတို့သာ သိကုန်ရင် ဘယ်လိုမှ အဖတ်ဆယ်လို့ ရမှာမဟုတ်တော့ဘူး"

"မတတ်နိုင်ဘူးကွာ တို့ကတော့ အကောင်းဆုံးဖြစ်အောင် စီစဉ်ခဲ့ကြတာပဲ"

ဆေးခန်းထဲ ဝင်လိုက်တော့ ဒေါ်မြတ်မွန် ရောဂါတွေပိုတိုးကာ တုန်ဝှန်ယင်ယင်ကြီး ဖြစ်နေခဲ့သည်။

## အခန်း (၂၈)

"ကျွန်တော် မမှတ်မိတော့ပေမယ့် သိတယ် ဒါပေမဲ့ သူက လုံးဝ ကို မသိတော့တာ"

ဆံပင်တွေထဲကို လက်နှစ်ဖက်လုံးသွင်းသည်။ ဖွပစ်ပြီးမှ ပြန်သတ် ချကာ ထိုလက်က မျက်နှာဆီရောက်၏။

ကိုလှသိန်းကော ဒေါ်မြမြသီကော သူ့ကိုစိတ်မကောင်းစွာ ကြည့် နေကြသည်။ မျက်နှာတို့မှာလည်း အုံ့ညှိုလွန်းသဖြင့် မယုံနိုင် မယုံလို့ လည်း မရ။ ကာယကံရှင်တွေက သူတို့ရှေ့မှာပဲ ရှိနေကြတာမို့။

"ဒါဆိုလည်း လွယ်တာပဲကွယ် သူမမှတ်မိပေမယ့် ကိုယ်ဝန်ရှိ နေတာက ဖျောက်ဖျက်ထားလို့ရတာမှမဟုတ်တာ ဘာပဲဖြစ်ဖြစ် မင်း တို့ချင်း မေ့စက်ဆုံကြတာကိုက ဆန်းနေတာ အခု ကံဖန်ပြန်ဆုံရတာ လည်းကြည့် သူကမသိ ကိုယ်ကမသိ။

အုံ့ညှိုတာတွေပြီးတော့ ကိုလှသိန်းရယ်သည်။ ဒေါ်မြမြသီက မရယ်နိုင်သေးပါ။

"ဖြစ်မှဖြစ်ရလေ နှစ်ယောက်လုံးပဲ ဒဏ်ရာကိုယ်စီနဲ့ ဆေးရုံမှာ





သွားတွေ့ရတယ်လို့ အတိတ်မေ့ကြတာချင်းတူရင်တောင် မင်းတို့နှစ် ယောက်ကျမှ ပေါင်းသင်းဖြစ်ဖို့ထိ ကံကြမ္မာက ဆုံပေးတာ ဘယ်လိုမှ ကို ယုံနိုင်စရာ မရှိဘူး"

"အေးလေ အဲဒါ ငါပြောတာ အခု ဒီမှာပြန်ရောက်တော့ မိဘတွေ က သူတို့ကိုပဲ ပြန်မေးစားတယ် တစ်ယောက်က ကိုယ်ဝန်ပါလာတာ ကို ဖွင့်ပြောတော့ သူက မွေးပြီးရင် ကွာရှင်းဖို့ ပြောခဲ့သတဲ့ ဟား..ဟား ကဲ အခု မင်းကွာပေးဦးမလား"

မိုးကရုက်၍ ကြည်နူးသော မျက်နှာနှင့် ရယ်နေသည်။ ဒါပေမဲ့ မပီမပြင် တည့်တည့်ကြီးဖြစ်လျက် ဒါတွေကို ရင်ခွင်ယုံအောင် ဘယ်လို ပြောရမလဲဆိုတာက နှိပ်စက်နေသည်။

"နေပါဦး အတူတူဖြစ်ခဲ့တာချင်းကို ရင်ခွင်ကမိန်းကလေး ပြီး တော့ ကိုယ်ဝန်လွယ်ထားရတဲ့သူ သူကပိုပြီးသတိရသင့်တာ မဟုတ် ဘူးလား အခု နည်းနည်းမှ သတိရတဲ့ပုံမပြဘူးလား"

ဒေါ်မြမြသီက မေးတော့ မိုးမဖြေနိုင်၊ ရင်ခွင့်မျက်ဝန်းလေးတွေ မှာ သူ့ကို မစိမ်းသက်သော ရင်းနှီးမှုတွေ ရှိနေတာကို သူမြင်သည်။ သို့သော်...

ဟိုတစ်ခါက အဖြစ်တစ်ခုကို သူသတိရလိုက်မိ၏။ သူ့မှာတော့ သူ့ အိပ်မက် သူ့ရဲ့ ဖွဲ့လမ်းမှုအားလုံးဟာ ရင်ခွင့်မျက်နှာလေးပေါ်မှာပဲ ပျောက်ဆုံးကြေမွကျခဲ့ရသည်မို့ ရင်ခွင့်ကို သူစိတ်ဝင်စားခဲ့သည်။

မလိုလားနိုင်သည့် စိတ်နှင့်ကိုယ်ပဲ ကွာရှင်းဖို့ပြောထားခဲ့ပေမယ့် စိတ်ဝင်စားလာခဲ့မိတာလည်း ကိုယ်ကလည်း စခဲ့သည်။ သူမကတော့

"ရင်ခွင်"

"ဘာလဲ"

"အဲဒီကလေးရဲ့ အဖေကို ကိုယ်သိခွင့်မရှိဘူးလား"

"ရှင်က ဘာဖြစ်လို့ ဒီလောက်စိတ်ဝင်စားနေရတာလဲ"

"မင်းကမှ မပြောတာ မသိရလို့ ပိုသိချင်တာ"

"လဲသေလိုက်"

ရင်ခွင်က သူ့ကိုနည်းနည်းမှ ဂရုမစိုက်ပေ။ ခြံထဲမှာ ပန်းအိုးတွေ ရွှေ့ရင်း ခြေထောက်ကို ပန်းအိုးပိလို့ ဒဏ်ရာကိုကြည့်ပေးတာတောင်

"ဖယ် ဖယ် ဘာမှမဖြစ်ဘူး"

ဟုပြော၍ ဖွတ်ထွက်သွားသည်။

သူမှာတော့ ရင်ခွင်ကိုယ်တိုင် "ကျွန်မမှာ ချစ်သူမရှိဘူး"ဟု ပြောခဲ့တာကို မေ့လို့မရ ချစ်သူမရှိဘဲ ဒီကိုယ်ဝန်ရှိခဲ့တာကို စိတ်ဝင်စားနေမိ၏။

ဒါမှမဟုတ် ရင်ခွင်တစ်ယောက် သူတစ်ပါး မဟာရုဏ်းစော်ကားတာကို ခံခဲ့ရလေသလား။ ဒီလိုဖြစ်လောက်အောင်လည်း ရင်ခွင်က ဆင်ခြင်မဲ့ အနေမဲ့ ရုပ်ပြာပြာနေတတ်သည့် မိန်းကလေးမျိုး မဟုတ်တော့ မဖြစ်နိုင်မှန်း သူသိသည်။

ထိုပဟေဠိနဲ့ပဲ သူကစကားစလိုက် ရင်ခွင်က ရှောင်သွားလိုက်၊ ခုကျမှ သူ့ရင်ထဲမှာလည်း ရင်ခွင့်စကားများကိုပဲ စိတ်ဝင်စားနေခဲ့မိတာ ဒုက္ခပါ။ အထူးသဖြင့် သူ့အိပ်မက်ထဲမှာ လမင်း။

ရင်ခွင်ကကျတော့ နေမင်းဟု တမ်းတသည်။ အိပ်မက်ထဲမှာ





တစ်ခါတစ်ခါ သူဟာ အလွန်ချစ်စရာကောင်းသော မိန်းကလေးတစ်ယောက်၏ နူးညံ့နွေးထွေးသောကိုယ်ကို ယုယကြင်နာစွာ ပွေ့ဖက်၍ သူ...

ထိုမိန်းကလေးနဲ့ သူပတ်သက်ခဲ့ခြင်းမှာ ချစ်သူရည်းစားပုံစံမျိုး မဟုတ်၊ ထို့ကြောင့် တစ်စုံတစ်ယောက်သော မိန်းကလေးကို သူလက်မထပ်ချင်။

အတိတ်မေ့ခဲ့သည့် ကာလတစ်ခုထဲမှာ သူဟာ မိန်းကလေးတစ်ယောက်နှင့် ပေါင်းသင်းနေထိုင်ခဲ့တာမှန်လျှင် ထိုမိန်းကလေးကို သူရှာရမည်။ ပြန်တွေ့ချင်သည်။

ရင်ခွင့်ကို မတွေ့မီအချိန်အထိ သူ့ရင်ထဲမှာ မွန်းကျပ်ပိတ်လှောင်လျက် ဘာမှလည်း အကြောင်းမပြနိုင်ခဲ့သော သူ့ခံစားချက်တို့ကို မျိုသိပ်ခဲ့ရသည်။ လက်ထပ်ခဲ့ရခြင်းဟာ သူ့အတွက် ငရဲတစ်ခုလို၊ ဒါကြောင့် သူ ရင်ခွင်ကို ကွာရှင်းဖို့ ပြောခဲ့ဖူးသည်။

သို့သော် နောက်ပိုင်းမှာ အိပ်မက်များနှင့် ရင်ခွင်ကို သူဘာဖြစ်လို့ ပူးတွဲခံစားလာခဲ့မိမှန်းမသိ။ ထို့ပြင် နေမင်းကို တမ်းတသော ရင်ခွင်နှင့် လမင်းကို တမ်းတသည့် သူ့အဖြစ်များဟာ ဆက်စပ်မှု ရှိနိုင်သည်ဟု တွေးမိလာ၏။

ဖြေရှင်းမရနိုင်သည့် သံသယအတွေးများစွာနှင့် သူမှာလုံးထွေးရစ်ပတ်နေခဲ့သမျှ ရင်ခွင်ကတော့ သူ့ကိုနည်းနည်းလေးမှ ဂရုစိုက်ပုံမရှိ။

တစ်ခါတစ်ခါ တစ်ယောက်ထဲ ခြံထဲမှာ ငေးငိုင်နေတတ်သည်မှ

**လွဲ၍** ရင်ခွင်က သူ့ကိုတော့ ရင်းနှီးချင်ပုံလည်း မရ။ ဖြစ်နိုင်တာ တစ်ခုကတော့ သူကွာရှင်းခွင့်တောင်းခဲ့သည့်အဖြစ်အပေါ် ရင်ခွင်ခံဖြင်း နာကျည်းနေခဲ့ခြင်းလား။

"ကိုမိုး"

"ဗျာ"

အတွေးတစ်ချက်နှင့် ငိုင်ကျသွားခဲ့ရင်း ဒေါ်မြမြသီဒေါ်တော့မှ သူဖျတ်ခနဲ လှည့်ကြည့်သည်။

"ဒီလိုလုပ်ပါလား"

ဒေါ်မြမြသီက မိုးနဲ့ သူ့အစ်ကို ကိုလှသိန်းကို ငေ့ကြည့်ကာ...

"အခု ရင်မွှင့်ကိုဒေါ်ပြီး ရေနည်းကန်ကို လိုက်ခဲ့လေ ဟိုမှာ မင်းတို့နှစ်ယောက် အတူနေထိုင် သွားလာခဲ့ကြတာတွေ သူမြင်ရင် သိရင် သိလာမှာပေါ့ နောက်ပြီး အစ်ကိုပြောသလိုဆိုရင် မိုးသားလေးက မင်းတို့ရဲ့ ကျေးဇူးရှင်ဖြစ်နေပြီ သူကအပြစ်မရှိဘဲ ပြေးနေရတယ် တကယ်ကျူးလွန်ခဲ့တဲ့လူတစ်စုကတော့ အေးအေးဆေးဆေး နေရတယ်ဆိုတာ သဘာဝမကျဘူး"

"ဟ နေဦး အဲဒီကိစ္စမှာ ဘယ်သူမှ သေချာမသိတဲ့ဥစ္စာကို"

ကိုလှသိန်းက ဝင်ပြောတော့ ဒေါ်မြမြသီက လက်ကော ခေါင်းကော ခါပြ၍...

"အစ်ကိုကလည်း တွေးကြည့်လိုက်ရင် အသိသာကြီးဥစ္စာ ရင်ခွင်နဲ့ ကိုမိုးနှစ်ယောက်လုံး အတူတူပြန်ရောက်လာလို့ မင်္ဂလာကိစ္စတော့ လူကြီးတွေ စီစဉ်နိုင်တာပေါ့ မိုးသားပြောတာလည်း နှစ်ယောက်လုံး





ကို ရေထဲချပစ်လိုက်တာပဲ ရင်ခွင်ကိုတော့ ကျောက်တုံးနဲ့ ပတ်ချည်ချလို့ သူဆင်းဆယ်တယ်ဆို"

"အေး အဲဒီလိုပြောတာပဲ"

"အစ်ကိုတို့ကလည်း ဒီကောင်လေးကို ကျပ်ခပြည့်ဘူးဆိုပြီး အယုံအကြည်မှ မရှိကြတာ တကယ်ဆို အရူးစကား ကလေးစကား မှန်တတ်တယ်ဆိုတာ မမေ့နဲ့လေ သူတို့က မညာတတ်ပါဘူး တကယ်မြင်လို့ တကယ်ပြောတာ အခု ရင်ခွင်သာ ဟိုရောက်လို့ သတိရသွားရင် ဒီကိစ္စကို အစပြန်ဖော်ပြီး အပြစ်ရှိသူတွေကို အပြစ်ပေးရမှာ"

"အင်း ဒါလည်း ဟုတ်တာပဲ"

ကိုလှသိန်းက စားပွဲခုံကို လက်ဖျားနှင့် ဖွဖွပုတ်နေရင်း စဉ်းစားသည်။ ပြီးတော့ သူတို့ရွာကို ရောက်လာတုန်းက နေမင်းနှင့်အများကြီး ကွာခြားနေပြီဖြစ်သော မိုးကို သေချာစိုက်ကြည့်ကာ...

"အင်း မင်းကလည်း ခေါင်းမှာဒဏ်ရာတွေနဲ့ ရေထဲမျောလာတာဆိုတော့ မိုးသားပြောတာ ဖြစ်နိုင်တာပဲ လမင်းဘယ်လို ပြန်ရောက်လာသလဲဆိုတာ သိရရင် ပြီးပြီ"

"ဟုတ်တယ် မောင်လေး အဲဒီကိစ္စ အရေးကြီးတယ် ရင်ခွင်ဘယ်လိုပြန်ရောက်လာတယ်ဆိုတာကော ကိုယ်ဝန်ပါလာတာပါ သူမိဘတွေ သိကိုသိမှာ ကိုယ်ဝန်နဲ့ မိန်းကလေးကို မင်းနဲ့ လက်ထပ်ပေးလိုက်တာက မင်းသာတခြားယောကျ်ားဆိုရင်တော့ သူတို့ဘက်က မတရားလုပ်လိုက်သလို ဖြစ်သွားနိုင်တယ် ဒါပေမဲ့ ကိုယ်ဝန်ကို မဖျောက်ဖျက်ဘဲ မွေးဖွားဖို့ ကြိုးစားလိုက်တာကတော့ သူ့ရဲ့ကောင်းပဲ မိုး တကယ်ဆို

ဘယ်ကမှန်း ဘယ်သူနဲ့မှန်း မသိတဲ့ ဒီကိုယ်ဝန်ရဲ့ အဖြစ်က တကယ့်ကို ဆိုးဝါးတာ"

မိုးက ခေါင်းညိတ်သည်။ ကိုယ်ဝန်ကို လွယ်ခွင့်ပေးခဲ့သည့် ဒေါ်မြရံတို့ကိုကော ဂရုစိုက်စောင့်ရှောက်၍ မွေးဖွားဖို့ ရပ်တည်ခဲ့သော ရင်ခွင့်ကိုပါ သူကျေးဇူးတင်သွားမိသည်။

ရင်ခွင့်ကိုယ်ဝန်ကို အိုကျိတွေနဲ့အပ်ကြ အိမ်ကိုလာ၍ စောင့်ရှောက်ကြနှင့် ဒါကို သူမြင်နေခဲ့သည်။ ပြီးတော့...

"ရှင် ကျွန်မကို ဟိုတုန်းကလို ရိုးရိုးသားသားနေပါ ကိုမိုး ကျွန်မက ကျွန်မရဲ့ ကလေးအတွက် သန့်စင်စွာ မွေးဖွားဖို့ မိခင်ကောင်းတစ်ယောက်ဖြစ်ချင်တာ ဘာကိုမှ စိတ်မဝင်စားဘူး"

ဟု သူ့ကို ကြေညာခဲ့သေးသည်။ သူမှာသာ အိပ်မက်တွေနှင့် ကလေးနဲ့ ရင်ခွင်ရယ် ပြီးတော့ သူသိခွင့်မရခဲ့သော ကလေးရဲ့အဖေဆိုသူရယ် ဒါတွေကိုတွေးရင်း တူးဖော်ဖို့ကြိုးစားရင်း ဆင်းရဲကြီးစွာ ဖြစ်နေခဲ့ရသည်။

ခုတော့ ဒီကလေးက ကိုယ့်ရင်သွေး ရင်ခွင်က ကိုယ့်ရဲ့ဇနီး ရင်ထဲမှာ အတိုင်းအဆမရှိ ကြည်နူးခြင်းများနှင့် လွယ်ကူစွာ ပျော်ရွှင်ခွင့် မရနိုင်သေး။ သည်အဖြစ်တို့ကို တစ်ပြိုင်နက်ခံစား နေရသည်။

ဒါတွေကို ရင်ခွင်သိထားမှာပါ သူမအတိတ်မေ့ခဲ့သည့် အဖြစ်ကို သိကိုသိမည်သာ၊ ဒါကြောင့် ကလေးအဖေ ဘယ်သူဆိုတာကို သူ ဘယ်လိုမေးမေး မပြောနိုင်ခဲ့တာ၊ ဒါနဲ့များ ဒီကောင့်မျက်နှာကြီးကို နေ့စဉ်မြင်နေရတာကို နည်းနည်းလေးမှ သတိမရဘူးလား ရင်ခွင်ရယ်။





ဆင်တူသလိုလိုပဲ မြင်ဖူးသလိုလိုပဲဆိုတာလေးလောက်တောင် မတွေးမိဘူးလား၊ ရင်ထဲမှာ မချင့်မရဲဖြစ်ရရင်း ဖုန်းကောက်ဆက်မိသည်။ ဖြစ်ချင်ရာဖြစ် ဒေါ်မြရံကိုပဲ လှမ်းခေါ်လိုက်၏။

"ဘယ်ကို ဆက်တာလဲ ကိုမိုး"

"ကျွန်တော့် ယောက္ခမဆီကိုပါ"

ဒေါ်မြမြသီက မျက်မှောင်တစ်ချက်ကုတ်၍...

"အခု တို့သွားကြရင်း ရင်ခွင့်ကို ဝင်ခေါ်မှာပဲမို့လား အစ်ကိုနဲ့ ရင်ခွင်တွေ့ရင် သူတစ်ခုခု မှတ်မိနိုင်တာပဲ နောက်ပြီး မင်းဒီကိစ္စကြီးကို သူ့မိဘတွေနဲ့ တိုက်ရိုက်မေးချလိုက်တာ မသင့်တော်ဘူးထင်တယ် အဖြစ်တွေကို ရှင်းမပြဘဲ ကောင်းပါ့မလား"

"ဟုတ်တယ်ကွ သူတို့က ဖုံးဖိပြီး မင်းနဲ့ ပေးစားထားတာ တော်ကြာ ရှက်ရှက်နဲ့ ရှုပ်ကုန်ဦးမယ်"

ဘယ်သူဘာပြောပြော မိုးကနားမထောင်၊ သူ့မှာ တွေးစရာ ဒီနည်းပဲရှိတော့သည်။ ရင်ခွင်က ဝန်ခံမှာ မဟုတ်ဘူးဆိုတာ သူသိပြီးသား။

"ကိုမိုး မမပြောတာကြားလား မင်းရင်ခွင့်ကို မေးသင့်တယ်ကွ"

"သူပြောမှာ မဟုတ်ဘူး မမမြ ကိုလှသိန်းကိုလည်း သိဖို့မသေချာဘူး သူ ကျွန်တော့်ကိုတောင် မသိဘဲနဲ့"

"ဒါတော့ အပိုင်ပြောလို့မရဘူး သူ့စိတ်ထဲမှာ ဇဝေဇဝါ ခံစားနေရတာတော့ ရှိချင်ရှိနိုင်တာပဲ မိန်းကလေးလည်းဖြစ် ပြီးတော့ သူ့မှာ ကိုယ်ဝန်နဲ့မို့ မဖြစ်သင့်တာ မဖြစ်ရအောင် ဟန်ဆောင်ဖုံးကွယ်နေတာမျိုးကော မဖြစ်နိုင်ဘူးလား"

ဖြစ်နိုင်တယ်။ ဖုန်းကို နားမှာကပ်လိုက်ရင်း မိုးငေးခဲ့ဖြစ်သွားသည်။ သူငရုံတာမှာ အိပ်မက်တွေမက်ပြီး ရင်ခွင့်ဆီ ဖွတ်ဝင်သွားခဲ့တဲ့ည...

"အို မသိဘူး မဟုတ်ဘူး ရှင်သွား"

သူ့ကို အံ့ဩလွန်းသည့်မျက်ဝန်းလေးများနှင့် ချောက်ချားစွာကြည့်နေခဲ့သည့် အဖြစ်ကို ခုမှ ဆက်စပ်ကြည့်မိ၏။ ပြီးတော့ သူဖွတ်အရွတ်နမ်းနေခဲ့စဉ် ရင်ခွင်ဟာ သူ့အပေါ် ပြတ်တောက် စိမ်းကားစွာငြင်းဆန်ခဲ့တာမရှိဘဲ သူ့ကိုပဲ ရင်စုန်ရင်း မှေမှုးနေခဲ့၏။ ဖက်ထားသည့်သူ့ရင်ခွင်ထဲမှာ အကြာကြီး ငြိမ်သက်နေခဲ့ပြီးမှ ရုန်းထွက်သွားသည်။

"ဟဲလို"

နားထဲမှာတစ်ဖက်က အသံဝင်လာမှ သူသတိရ၏။

"ဒေါ်မြရုံပါရှင် လူကြီးမင်းက ဘယ်သူပါလဲ"

"အန်တီ ကျွန်တော် မိုးသားမျက်နှာ"

"အို သား ပြော..ပြောလေ ဘာဖြစ်လို့လဲ"

"အန်တီ"

သူစကားစလိုက်ပြီး ဒေါ်မြမြသိကို ဂုဏ်ကြည့်မိသေးသည်။ ဒါပေမဲ့ကိုယ်ကစမိပြီဆိုမှတော့ မတာဝ်နိုင်။

"ကျွန်တော် တစ်ခုလောက် မေးပါရစေ မမေးခင် ပြောစရာလည်းရှိပါတယ် ကျွန်တော်နဲ့ ရင်ခွင်လက်မထပ်ခင်မှာ ကျွန်တော် ခရီးထွက်သွားခဲ့ပါတယ်။ အဲဒီမှာ ကားမှောက်ပြီး အတိတ်မေ့ရင်းနဲ့ လေးငါးသလောက် လွင့်နေခဲ့တယ်။ အဲဒီမှာ မိန်းကလေးတစ်ယောက်နဲ့ ကျွန်





တော် လက်ထပ်ခဲ့တယ် အသိသက်သေတွေနဲ့ မိသားဖသားဖိုး တရားဝင်လက်ထပ်ခဲ့ကြတာပါ"

တစ်ဖက်မှာ ဘယ်လိုဖြစ်နေသလဲတော့ မသိပါ။ သူစကားနားစွင့်လိုက်တော့ တုံ့ပြန်သံလုံးဝမရှိဘဲ တိတ်ဆိတ်နေ၏။ မိုးက ဆက်ပြောသည်။

"ကျွန်တော် ဒီကိုပြန်ရောက်လာတော့ အဲဒီမိန်းကလေးမှာ ကိုယ်ဝန်ကျန်ခဲ့တယ် အဲဒီမိန်းကလေးက ရင်ခွင်ပါပဲ ရင်ခွင်ဟာ ကျွန်တော့်လိုပဲ ပြီးခဲ့တဲ့ ကာလတစ်ခုထဲမှာ အတိတ်မေ့ရောဂါဖြစ်ခဲ့ဖူးသလားမဖြစ်ခဲ့ဘူးလားဆိုတာ အန်တီအမှန်အတိုင်း ပြောပြလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ် ပြောပါအန်တီ ရေစက်မကုန်လို့ ကျွန်တော်တို့နှစ်ယောက် ပြန်ဆုံခွင့်ရတာပါ။ ရင်ခွင်ကိုယ်ဝန်ရှိလာခဲ့တာကော အတိတ်မေ့ခဲ့တာကော အားလုံးအမှန်ပဲလို့ ဝန်ခံပေးပါ"

"သားရယ်"

ရှိုက်သံသဲ့သဲ့နှင့် ဒေါ်မြရုံအသံ လှိုက်လှိုက်လှဲလှဲကြီး ထွက်လာသည်။

"အန်တီဝမ်းသာလိုက်တာ ကြည်နူးလိုက်တာ သားရယ် သားနဲ့သမီးတို့ ဒီလိုဆုံဆည်းခဲ့ကြလိမ့်မယ်လို့ ဘယ်သူက ထင်မှာလဲ ဟုတ်ပါတယ် သားပြောသလိုပါပဲ ကိုယ်ဝန်နဲ့ပတ်သက်ပြီး သားအပေါ် လှည့်စားသလို ဖြစ်ခဲ့တာကိုတော့ ခွင့်လွှတ်ပေးပါ သမီးလေးက ငြင်းနေပေမယ့် ကလေးရဲ့ အဖေအဖြစ် ခန့်ခန့်ညားညားရှိစေချင်လို့ သားကိုပဲ"

"ဒါတွေ ထားလိုက်ပါ အန်တီ ရင်ခွင့်ကိုပြောပေးပါ သူ ကျွန်တော့်

ကို သတိမရဘူး သူလက်ခံမှာ မဟုတ်ဘူး အန်တီ"

"စိတ်ချသား အန်တီတို့ပြောပြမယ်"

"ဒါပေမဲ့ ကျွန်တော်ရဲ့ ကြိုးစားပါ့မယ် အန်တီတို့ဝင်ရမယ့် အပိုင်းကျမှ ဝင်ပေးဖို့ပါပဲ"

"အေးပါကွယ် ပေါင်းကြရပါစေ"

ဒေါ်မြရဲ့ ကတုန်ကယင်နှင့် ဆုတောင်းနေရှာသည်။ အားလုံးရောမွှေ့သွားပြီဖြစ်သော်လည်း ရင်ခွင်ကို သူစည်းရုံးရဦးမည်။

"ကျွန်တော်တို့ နောက်ကလိုက်ခဲ့မယ် မမမြ ဟိုမှာ လူနာအရေးကြီးတယ်ဆိုတော့ ကိုလှသိန်းနဲ့ မမမြတို့ သွားနှင့်ကြပါ ရင်ခွင်က ချက်ချင်းလိုက်မှာ မဟုတ်ဘူး"

သူတို့ကို နှုတ်ဆက်၍ လှူရှင်းခွဲလိုက်ကြသည်။ ရင်ခုန်သံတွေ မြန်ဆန်နေသည်။ မထင်မှတ်ဘဲ သူချစ်သော မိန်းမနှင့် စိတ်ဝင်စားခဲ့သည့် မိန်းမဟာ တစ်ယောက်တည်းဖြစ်နေကာ သူတို့နှစ်ယောက်ကြားမှာ ချည်နှောင်ထားခဲ့ပြီးသည့် ရင်သွေးလေးက ရှိနေပြီးသား.....





အခန်း (၂၉)

မှန်တင်ခုံရှေ့မှာထိုင်နေမိကာဘာယ်လောက်ကြာနေခဲ့မှန်းမသိပါ။ ခါးတွေတောင့်လာမှ နေရာမှ ထရပ်လိုက်မိသည်။

လက်တစ်ဖက်က ရှေ့မှာချထားသည့် ကတ္တီပါဘူးကလေးကိုပါ ကောက်ကိုင်ထားမိလျက်သား...

ပြတင်းပေါက်နားမှာ ဘေးဘောင်ကို ခပ်နွဲ့နွဲ့မှီရပ်ကာ လက်စွပ်ကလေးကို ထုတ်ကြည့်မိသည်။

ပတ်ဝန်းကျင်မှာ လင်းအားနည်းနေပြီဖြစ်သော်လည်း လက်စွပ်လေးက တဖျတ်ဖျက်လက်နေသည်။

"ဒီလက်စွပ်လေးက သမီးနဲ့ပါလာတာ"

မာမီက ပြောခဲ့၏။ လက်စွပ်ကို ထုတ်ကြည့်မိတိုင်း ရင်ထဲမှာ လှုပ်ရှားနေခဲ့မိ၏။ သူမလက်ကိုတစ်စုံတစ်ယောက်က ဆုပ်ကိုင်ပြီး တယုတယ စွပ်ပေးနေသည့် ပုံရိပ်တို့က သေချာလာလိုက် ဝေဝါးလာလိုက်။ ပြီးတော့ ညှ လရောင်ဆမ်းသော ညကလေးတွေကို သူမတမ်း

တမိ၏။ ထိုညများကို သူမတမ်းတ၍ ထွက်ကြည့်မိတိုင်း မိုးနဲ့ပဲ ဆုံမိနေပြန်သည်။

"ဟိုမှာကြည့်စမ်း လကလေးဘယ်လောက်လှသလဲ အဲဒီလို ညမျိုးကို ကိုယ်သဘောကျတယ် မင်းကော"

ကိုယ့်ရင်ထဲမှာပဲ ထပ်တူရှိနေခဲ့သည်။ ဒါပေမဲ့ ရင်ခွင် ဝန်မခံခဲ့ပါ မိုးအမှုအရာတွေ ပြောင်းလဲနေတာကို သူမ သိသည်။ သူနဲ့ ကိုယ် အိပ်မက်များထဲမှာ တိုက်ဆိုင်စွာ အတူရှိနေခဲ့ကြတာကို မယုံချင်သော်လည်း တကယ်ဖြစ်နေခဲ့၏။

တစ်ညက သူဝင်လာပြီး သူ့ကိုယ်သူ နေမင်းဟုပြော၍ အတင်းနမ်းခဲ့သည်။ ရင်ခွင်မငြင်းဆန်မိခဲ့တာ ဘာဖြစ်သွားခဲ့တာလဲ၊ ထိုအချိန်မှာ သူမ၏ အိပ်မက်ထဲမှာလည်း နေမင်းဟာ သူပဲဖြစ်နေခဲ့ခြင်းကြောင့်လား သူနဲ့ရင်ခွင်ဟာ နေမင်းနဲ့ လမင်းဖြစ်နေခဲ့တာ ဘယ်လိုအကြောင်းများနဲ့ တိုက်ဆိုင်နေခဲ့မှန်း မသိပါ။

ဘာပဲဖြစ်ဖြစ် သူ့ကို ရင်ခွင်မေ့ပစ်ရမည်။ ဒီကလေးရဲ့ အဖေ ဘယ်သူဆိုတာကိုလည်း မေ့နိုင်အောင် ကြိုးစားရမည်။ ဘာဖြစ်လို့လဲ ဆိုရင် ကလေးအဖေကော သူကော ရင်ခွင်နဲ့ ဘာမှမဆိုင်ပါ။

သူမ မသိခဲ့သော ဘယ်လိုမှ ပတ်သက်ခဲ့တာမဟုတ်သည့် ဘဝများထဲက လူတွေအဖြစ် သူမ မေ့မှဖြစ်မည်။ ဒီကလေးမွေးပြီးတာနှင့် ရင်ခွင့်အပါးမှာ မိုးသားမျက်နှာ ဆိုတာ နာမည်တစ်ခုပဲကျန်ရစ်ခဲ့ဖို့လိုသည်။

သူမ၏ မေ့မလျော့နေခဲ့သော ကာလထဲက ကလေး၏အဖေကို





လည်း သူမ စိတ်ဝင်စားနေလို့မဖြစ်ပေ။ ထို့ကြောင့် အားလုံးကို မေ့ရမည်။ လက်စွပ်လေးကို ငေးမောရင်း လက်သူကြွယ်လေးမှာ စွပ်ကြည့်လိုက်မိသည်။ မာမီပေးလိုက်ကတည်းက ဘူးလေးထဲမှာပဲထား၍ ကြည့်နေခဲ့မိ၏။ စွပ်ကြည့်မိတာ ဒါပထမဆုံးပါပဲ။ လက်ချောင်းကလေးပေါ်ကို ထောင်ကြည့်နေမိကာ ပြန်မချွတ်ရက်အောင် လက်စွပ်လေးကို မြတ်နိုးနေမိ၏။

ဒီကလေးရဲ့ အဖေကို သူမ မေ့နိုင်ပါမည်လား။

"မင်း သတိရလာရင် ကလေးရဲ့ အဖေဟာ ကိုယ်ပဲဆိုတာ သိလာမှာပါ"

"ဟင်"

နောက်ကအသံကြောင့် ရင်ခွင်ဆတ်ခနဲ တုန်သွားသည်။ သူမနောက်မှာ မိုးကရပ်လျက် နောက်ကို သူမ မလှည့်နိုင်မီ မိုးက သူမ၏ ကျောပြင်လေးမှ သိမ်းကျုံးဖက်ထားလိုက်ကာ…

"အဲဒါ ကိုယ့်လက်စွပ်ပဲ မင်းကို ကိုယ်ပေးထားခဲ့တာလေ ကိုယ်အားလုံးကို သတိရနေပြီ မင်း သတိမရဘူးလား လမင်းရယ်"

"အို…ရှင်"

သူ့ မျက်နှာကို မော့ကြည့်ဖို့ ကြိုးစားရင်း ရင်ခွင်က အတင်းရုန်းသည်။ သူက ရုန်းမရအောင် ဖက်ထားကာ မျက်နှာငုံ့၍ ပါးချင်းကပ်ထား၏။ ပြီးတော့ ဖိဆုပ်ထားသည့် ရင်ခွင်၏ လက်စွပ်ဝတ်ထားသော လက်ကလေးကို ဆွဲဖြန့်ယူသည်။

"အဲဒါ ကိုယ့်လက်စွပ် မင်းမယုံဘူးလား"

"ဟင့်အင်း ရှင် မဟုတ်တာတွေမပြောနဲ့ ကျွန်မ ကျွန်မ အတိတ်မေ့နေခဲ့တဲ့ အချိန်မှာ..."

ရင်ခွင့်နှုတ်ဖျားမှ တစ်စွန်းတစ်စ ပွင့်ကျလာတော့ သူပြုံးလိုက်၏။

"ကိုယ်လည်း မင်းနဲ့အတူ အတိတ်မေ့နေခဲ့တာ"

"ဟင်"

ရင်ခွင် ဘယ်လိုမှ မယုံနိုင်။

"ကိုယ်ပြစရာရှိတယ် လာ"

သူ ရင်ခွင့်လက်ကလေးကို ဆွဲခေါ်သွားခဲ့၏။ မိုးက သူ့အိပ်ခန်း ထဲဝင်တော့ ရင်ခွင်က နောက်ပြန်ရှန်းသည်။ မိုးက အခန်းထဲရောက် သည်နှင့် တံခါးပိတ်ပစ်လိုက်ပြီး မီးဖွင့်လိုက်၏။

"ရှင်ဘယ်လိုလုပ်တာလဲ တံခါးပြန်ဖွင့်ပေး"

"ဖွင့်ပေးမယ် နေဦး"

"မနေနိုင်ဘူး ရှင်လက်ထပ်ထားတာဆိုပြီး အနိုင်မကျင့်နဲ့နော် ယောကျ်ားဖြစ်ပြီး ပြောတဲ့အတိုင်း ကတိတည်ပါ"

"တည်မယ် ဟိုတုန်းကပေးခဲ့တဲ့ ကတိကိုပါတည်ချင်လို့ ဒီမှာ မင်းကိုပြမယ်"

မိုးက ရင်ခွင့်လက်တစ်ဖက်ကို မရမက ဆွဲဖိထားလျက် သူ့ခေါင်း အုံးအောက်ကို တစ်ဖက်နှင့် နှိုက်ယူလိုက်၏။ သူ့လက်ထဲမှာ ရင်ခွ လိုပဲ ကတ္တီပါဘူးလေးပါလာတော့ တစ်ခုခုကို တွေးလိုက်မိကာ ရင်ခုန် ရှန်းနေတာတွေ ငြိမ်ကျသွား၏။





"ဒါ ဘယ်သူ့လက်စွပ်လဲ"

"ပဲ့င်"

ဘူးကို ဖွင့်၍ ထုတ်ယူလိုက်သည့် လက်စွပ်ကလေးကိုမြင်လျှင် ရင်ခွင်ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"ကိုယ်က ကလေးရဲ့အဖေပါပဲ မင်းက ကိုယ့်ဇနီးဖြစ်ခဲ့ပြီးပါပြီ လမင်းရယ် မင်းနဲ့ကိုယ် ရေနည်းကန်ဆိုတဲ့ ရွာကလေးမှာ အတိတ်မေ့ ဝေဒနာသည်တွေ ဖြစ်ခဲ့ရင်းနဲ့ပဲ လူကြီးစုံရာရှေ့မှာ လက်ထပ်ခဲ့ကြတာ အစ့ သူတို့ကိုယ့်ကို တွေ့သွားကြတယ် ကိုယ်ဘယ်လိုမှ စဉ်းစားလို့ မရဘဲ သိနေတာတွေကို တကယ်ဟုတ်တဲ့အကြောင်း သူတို့က သက် သေခံသွားကြပြီသိလား လမင်းဆိုတဲ့ ကောင်မလေးကိုလည်း သူတို့ သိတယ် လမင်း ကိုယ်ဝန်ဘယ်လောက် ရသွားပြီလဲတဲ့"

လမင်း နှုတ်ခမ်းလေးတွေ တဆတ်ဆတ် တုန်ယင်လာခဲ့၏။ ညစဉ်လိုလို နီးလာလိုက် ဝေးသွားလိုက် ရင်ခွင်တစ်ခြမ်းကို သူမ မက်မောစွာ လွမ်းဆွတ်နေခဲ့မိသည်။

ထိုရင်ခွင်ဟာ မိုးသားမျက်နှာဆိုသူပဲ ဖြစ်ဖြစ်နေတတ်တာလည်း ငြင်းလို့မရ ခုတော့ သူဟာ ရင်ခွင့်ဘဝကို ပိုင်စိုးခဲ့သူတကယ်ဖြစ်နေခဲ့ ပြီ။

"အန်တီတို့ကိုလည်း ကိုယ်မေးပြီးပြီ မင်းအတိတ်မေ့ခဲ့တဲ့ အဖြစ် ကို အားလုံးပြောပြတယ် ဘာတွေ မဖြစ်နိုင်တာရှိသေးလို့လဲ လမင်းရယ် ကိုယ်နေမင်းဆိုတာကို မယုံသေးဘူးလားဟင် မင်းလက် သဲမှာ ကိုယ့်

လက်စွပ်ရှိတယ် ကိုယ့်ဆီမှာ မင်းရဲ့လက်စွပ်ရှိနေတယ် ဒါတွေက ကြိုတင်ကြံစည်ထားလို့ရသလား"

ရင်ခွင့်မျက်ဝန်းမှာ မျက်ရည်တွေ တအိအိ ဝိုင်းတက်လာ၏။ လှိုက်ခနဲ ကြည်နူးခြင်းဖြင့် ဝမ်းသာ၍ မယုံနိုင်သော စူးနင့်ခြင်းက နှလုံးသားကို ဖိညှစ်ဆုပ်ကိုင်ခံထားရသလို အသက်ရှူလို့ပင် မဝ။

"လမင်း"

မိုးက ရင်ခွင့်မေးဖျားလေးကို မော့ယူလိုက်၏။

"ကိုယ့်ကိုချစ်သေးရဲ့လား"

"မသိဘူး"

မျက်ရည်လေးတစ်ပေါက် ပေါက်ခနဲ စီးကျလာ၏။ နောက်ထပ် မျက်တောင် တဖျတ်ဖျတ်ခတ်လိုက်စဥ် မျက်ရည်တစ်ကြောင်း ဆင်းကျလာပြန်သည်။ ရင်ခွင်သည် မိုး၏ရင်ဘတ်ပေါ် မှာ လက်ဖဝါးလေးနှစ်ဖက် ဖိကပ်ကာ…

"ရှင်…ရှင်နဲ့…ရင်ခွင်"

"ဟုတ်တယ် အဲဒါတွေတကယ်ပါ လမင်းရယ် ကိုယ်က မင်းရဲ့နေမင်းပါ"

"တကယ်ပဲဖြစ်ပါစေ တကယ်ဖြစ်ချင်တယ်သိလား ရင်ခွင်လေ"

"ဆက်ပြောလေ ဘာဖြစ်လို့လဲ"

ရင်ခွင်သည် သူ့ရင်ခွင်ထဲ မှိန့်လာခဲ့ပြီး….

"ရှင့်ကို ရင်ခွင်မေ့ဖို့ခက်နေလို့"





"လမင်းရယ်"

သူ ရင်ခွင့်တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်ထားလိုက်မိ၏။

"မင်းဟာ ကိုယ်ရဲ့ လမင်းလေးပါပဲ ကိုယ်တို့နေမင်းနဲ့ လမင်းဆိုတဲ့ ဘဝလေးထဲကို တစ်ခေါက်သွားကြည့်ကြရအောင်နော်"

"ဘယ်ကိုလဲဟင်"

"ရေနည်းကန်ဆိုတဲ့ ရွာကလေးလေ သူတို့က ကိုယ်တို့ကို ပြန်လာကြပါဦးတဲ့ မင်းသွားချင်ရဲ့လား"

"အင်း ခုလိုက်ပို့မှာလားဟင်"

"ဒါပေါ့ မနက်ကျရင်သွားမယ် ကိုယ်တို့ရဲ့ ဟန်းနီးမွန်းပေါ့ တော်သေးတယ်ကွာ လက်စွပ်တွေကယ်လို့ မဟုတ်ရင် မင်းသတိရအောင် ကိုယ်ဘယ်လောက်ထိ ကြိုးစားရဦးမလဲ မသိဘူး"

ရင်ခွင်က ရှက်ပြုံးလေးနှင့် သူ့ကို မျက်စောင်းထိုးသည်။

"ပြောလို့ရမလား ရှင်ညာဏ်များတာဆိုရင်"

"ဟာ အဲဒီသံသယတွေထားခဲ့တော့နော် မရဘူး နေမင်းကကိုယ် လမင်းကမင်းပဲ မင်းနောက်ထပ် ယုံယုံမယုံယုံ ကိုယ်မင်းကို ဆုံးရှုံးမခံနိုင်ဘူး"

"အို"

မိုးက ရင်ခွင့်ကို ခွေ့ခနဲပွေ့၍ အိပ်ရာထက်မှာထိုင်သည်။ ငြင်းဆန်ချင်တာမဟုတ်ပေမယ့် ရင်ခွင်ရှက်ရှက်နှင့် အတင်းပြန်ထရုန်းသည်။ သူက ခါးကလေးမှ သိမ်းဖက်ထားလိုက်ပြီး…

# နေတစ်ရာ လတစ်စင်း

(၄)ရပ်ကွက်

"မရဘူးလို့ ပြောပြီးသားနော်"

"ရှင်"

"ရှင်မနေနဲ့ အဲဒါခင်ဗျားယောကျ်ား"

"အဲဒါ. . . , အဲဒါနေဦးလေ. . . . . ရင်ခွင်က"

"ကိုယ်ပြုသမျှ နုရမယ့် မိန်းမပဲ"

"မသိဘူး. . . သွား"

ရင်ခွင် အတင်းရုန်းသည်။ သို့သော် ရင်ခုန်နှစ်သက်ခြင်း
ဖြင့် သူ့ အနမ်းတွေကြားမှာပဲ သူမ ကျဆုံးရှုံးသွားခဲ့၏

နေတစ်ရာ လတစ်စင်း
ကြွင်နာခြင်းအားလုံးမှာ မင်းပါ
ကမ္ဘာကည်နေသရွေ့
နေရယ် လရယ် အမြဲရှိနေသမျှ
မင်းနဲ့ကိုယ့်အချစ်သက်တမ်းတွေ
နွေးထွေးခြင်းဖြင့် အဆုံးမဲ့စွာ. . . .

ပရိသတ်အတွက်
ထာဝရ
သျှင်မ

1 JUN 2013